
www.burmeseclassic.com



# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

ဝက်ပါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

## ဝက်ပါ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၃၅၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၀၀၆၀၀

၂၀၀၇ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

# ဝင်္ကပါ

စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







ခေါင်းကုတ်လိုက်၊ ဖွသွားသော ဆံပင်တွေကို လက်နဲ့ ပြန်သပ်ချလိုက်၊ ချွေးစေးတွေ ထွက်ကာ အဆီပြန်နေသော မျက်နှာကို လက်ဖဝါးနဲ့ ပွတ်လိုက်၊ ရှပ်အင်္ကျီကော်လာအောက် ဘ လည်ကုပ်သားမှာ ပုရွက်ဆိတ်တက်လို့ ယားယံနေတာကို ကုတ်လိုက်။ လူက တကယ့်ကို ဂနာမငြိမ်။

စိတ်လှုပ်ရှားခြင်းရဲ့ အကျိုးဆက်တွေကို အခုမှပဲ သေသေချာချာ ထိထိမိမိ သဘောပေါက်တော့သည်။

"လသာ"တစ်ယောက် တကယ်ပဲ စိတ်ညစ်နေပါပြီး စိတ်ညစ်တာမှ တစ်ထပ်တည်းမဟုတ်။ နှစ်ထပ်ကွမ်း ညစ်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ စိတ်ညစ်စရာ အကြောင်းကိုက နှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်နေပေတာကိုး။

တိုက်တိုက်ဆိုင်ဆိုင်မှ တကယ့်ကို စိတ်ပျက်ချင်စရာ ကောင်းလောက်အောင်ကို တိုက်တိုက်ဆိုင်ဆိုင်တာ။

ဖြစ်စဉ်အမှတ်တစ်က လွန်ခဲ့သော နှစ်ရက်ကပဲ မေမေနဲ့ ဖေဖေက လသာကိုခေါ်ပြီး စကားဆန်းတစ်ခွန်း ပြောသည်။ ငါ့သားက အရွယ်ရောက်နေပြီဆိုတော့ အိမ်ထောင်ချပေးဖို့ သင့်ပြီတဲ့။

၁ ပြီးလည်းပြီးရော သူတို့သဘောကျတဲ့ မိန်းကလေးဟာ ဘယ်သူဘယ်ဝါပါဆိုတာ တန်းပြောတော့တာပဲ။

တစ်ဖွတ်ထိုးနိုင်ပြီး သားသမီးကို သူတို့သြဇာ နာခံစေကာ အုပ်ချုပ်ထိန်းကွပ်သည့် နေရာမှာဖြင့် သုံးယောက်မရှိသော (ဖေဖေနဲ့မေမေ နှစ်ယောက်စလုံး စရိုက်ကတူတူဆိုတော့ နှစ်ယောက်ကတော့ ရှိပြီးပြီ။ နောက်ထပ်တစ်ယောက် မရှိနိုင်တော့တာမို့ သုံးယောက်မရှိလို့ ပြောတာ။ အင်္ဂလိပ်လို ဆိုလျှင်



BURMESE CLASSIC



တော့ နိုးသရီးပေါ့) မိဘတွေဟာ ဒါဆိုဒါမှ။ သူတို့စိတ်ကြိုက်စီစဉ်ပြီးပြီဆိုလျှင် သားသမီးက ပြန်လည်ပြင်ဆင်ခွင့်မရှိ။

ပိုဆိုးတာက လသာ အထက်က အစ်ကိုနဲ့ အစ်မဖြစ်သည့် လပြည့်နဲ့ လမင်းတို့နှစ်ယောက်စလုံးက လိမ္မာဝိပြားမှာနဲ့ (တကယ်တော့ သူတို့ဘာသာ ရှာနိုင်သည့် အစွမ်းအစမရှိသို့ ဘာလိုလို ညာလိုလိုနဲ့ ရောချပြီး) မိဘပေးစားတာ ယူသွားကြရာ အငယ်ဆုံးဖြစ်သည့် လသာဟာလည်း အစ်ကိုနဲ့ အစ်မအမ်းစဉ်ကို လိုက်ရတော့မလို ဖြစ်လာသည်။

သို့သော် သူတို့က အကြောင်းအမျိုးမျိုးကြောင့်ကိုယ့်ဘာသာ ရည်းစားမရှာနိုင်လို့ မိဘတွေ ရှာပေးတာကိုသဘောအသင့် လက်ခံလိုက်ကြတာဆိုတော့ ကိစ္စမရှိ။ ကိစ္စရှိနေသော ကိုယ့်စိတ်ကြိုက် ချစ်သူကို ကိုယ့်ဘာသာ ရွေးချယ်ပြီးပြီသော လသာ အတွက်ပင်။

အဖေနဲ့အမေ ပေးစားသော မိန်းကလေးဟာ နတ်သမီးဆက် ချောလှပြီး မိုးပျံအောင်ပဲ တော်နေပါစေ လသာက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ လက်မခံနိုင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ လသာမှာ “ဖွေးဖွေးဖြူ”ဆိုသည့် အချစ်ရဆုံး ချစ်သူကလေး ရှိနှင့်ပြီးသားမို့ လို့ပါပဲ။

တစ်ဖွတ်ထိုး မိဘတွေအကြောင်း သိနေတာမို့ ကိုယ့်ကိစ္စကို ပြောပြပြီး ငြင်းပယ်ရှောင်တိမ်းလို့ကလည်း မရ။ ခုနေ ကျွန်တော့်မှာ ရည်းစားရှိပါတယ်၊ သူကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူးလို့ ပြောရဲပြောကြည့် တစ်ဖွတ်ထိုး တစ်ယူသန် မိဘတွေက ဘာလုပ်ပစ်ကြမလဲ သိလား။

ရှင်းရှင်းလေးပါ ခင်ဗျာ။ သူတို့ ရည်မှန်းချက်ကိုတော့ အပျက်ခံမှာ မဟုတ်။ သူတို့ သဘောတူသည်ဆိုသော မိန်းကလေးနဲ့ အတင်းဆွဲပြီး ပေးစားလိုက်တော့မှာ။

ချက်ချင်းလက်ငင်းကြီး မိန်းမယူချင်စိတ် မရှိသေးဘူးဆိုလျှင်တော့ လူကြီးတွေရဲ့ အစီအစဉ်ကို ကောင်းသည် ဆိုးသည် ဘာမှမပြောသေးဘဲ အခြေအနေကို ခဏစောင့်။ နောက်တော့မှ ကိုယ်ဘာသာ လုပ်စရာရှိတာကို ဆက်လုပ်။



ဘာပဲဖြစ်ဖြစ် ချောချောမွေ့မွေ့ ဖြစ်မလာနိုင်တော့သည့် အတွက် စိတ်ညစ်ရတာကတော့ ညစ်ရတာပင်။

ဒုတိယ စိတ်ညစ်စရာ ဖြစ်စဉ်ကတော့ ...။

လသာရဲ့ ချစ်သူ ဖွေးဖွေးဖြူနဲ့ ပတ်သက်နေသည်။

တိုက်ဆိုင်လိုက်တာမှ နှစ်ဖက်လူကြီးတွေဟာ ထိပ်သီးစည်းဝေးပွဲ ကျင်းပပြီး ကွက်တိကိုက် တိုင်ပင်ထားသလားလို့တောင် သံသယဝင်ချင်ဖွယ်။

ဒီဘက်မှာ လသာ မိဘတွေက လသာကို မိန်းကလေးတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေကြချိန်မှာပဲ တစ်ပြိုင်နက်တည်း ဆိုသလို ဖွေးဖွေးဖြူရဲ့ မိဘတွေကလည်း သူတို့သမီးကို သူတို့သဘောတူသူနဲ့ ပေးစားဖို့ ကြံနေကြသတဲ့လေ။

ကဲ ... ဒီလောက် တိုက်တိုက်ဆိုင်ဆိုင် ကြုံလာရသည့် အခြေအနေ နှစ်ခုစလုံးဟာ စိတ်ညစ်စိတ်ပျက်ချင်စရာ ကောင်းဘူးလား။ ခေါင်းခဲချင်စရာကော မကောင်းတော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



မိဖွေးဖြူ တစ်ယောက်ကတော့ စိတ်ညစ်စရာကိစ္စကို လသာကို ဖွင့်ပြောလိုက်ပြီးတာနဲ့ပဲ သူမ ဆက်စိတ်ညစ်စရာ မလိုတော့သလို၊ ဘယ်လိုဖြေရှင်းရမလဲ ဆိုသည့် နည်းလမ်းဟာ လသာတစ်ယောက်တည်း စဉ်းစားရမှာဖြစ်ပြီး သူမဘက်က ဝိုင်းကူစဉ်းစားပေးစရာ လုံးဝမလိုတော့သလို ဝန်ပေါ့ပေါ့နဲ့ နေနိုင်ပါပေ့။

ရှားတယ်။ ဒီလို မိန်းကလေးမျိုး တကယ့်ကို ရှားတယ်။ သင်းနဲ့များ အိမ်ထောင်ကျလို့ကတော့ ပေါ်ပေါက်လာမည့် ပြဿနာ အခက်အခဲဟူသမျှ လသာ တစ်ယောက်ပဲ ပခုံးနဲ့ဆီးထမ်းပေတော့။

ဒါပေမဲ့လည်း ကိုယ်တိုင်က ဖွေးဖွေးဖြူမှ ဖွေးဖွေးဖြူဖြစ်နေပေတာကိုး။

ဘယ်လောက်ပဲ ကြီးလေးသည့် တာဝန်တွေကို ထမ်းဆောင်ရပါစေ၊ ဘယ်လိုအခက်အခဲ ဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ရပါစေ သူ လက်တွဲချင်သူက ဖွေးဖွေးဖြူပဲ။ ကိုယ့်အပေါ်ကောင်း





မည့်၊ အခက်အခဲတွေကို မျှဝေခံစားကူညီပေးမည့်၊ ကိုယ့်ရဲ့ဝန်ထုပ်ဝန်ပိုးတွေကို ကူထမ်းပေးမည့်သူ ဖြစ်တော့ရော ဖွေးဖွေးဖြူမှ မဟုတ်ဘူးဆိုလျှင် သူ့အတွက် တန်ဖိုးရှိနိုင်ပါဦးမလား။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



“နံ့သာနီ”ဆိုတဲ့ ကောင်မလေးကို ချစ်မိတာ သူ့အတွက် ရှေးရှေးဘဝက ပါလာသော ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရခြင်းလားဟု နေရောင်က ထင်မိလေသည်။

အစကတော့ သူ့နာမည်ကလည်း စူးရှတောက်ပမှုတို့ကို ကိုယ်စားပြုသော “နေရောင်” ဖြစ်နေသလို သူမနာမည်ကလည်း လင်းလက်နီရွှေးသော “နံ့သာနီ”ဖြစ်နေတာမို့ နာမည်ချင်းကအစ ဆက်စပ်နီးကပ်နေသည်ဟု ရှုးကြောင်ကြောင် အတွေးမျိုးဝင်ခဲ့မိသေးသည်။

အလကား။ ဘယ်ဟုတ်ပါလိမ့်မတုံး။





ကိုယ်က အေးအေးဆေးဆေး နေချင်သည်။ စာရေးဆရာပီပီ ကိုယ့်အတွေးလေးနဲ့ကိုယ်၊ ကိုယ့်ကြည်နူးပီတိလေးနဲ့ ကိုယ့်ကမ္ဘာတစ်ခုတည်ကာ ဘယ်သူနဲ့မှ မရောနှောသော၊ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးသော ငြိမ်းချမ်းသည့် ဘဝလေးတစ်ခုကို တည်ဆောက်ချင်သည်။

နံ့သာနီကျတော့ ...။

သူမဟာလည်း သူမစရိုက်နဲ့ သူမဆိုတော့ ပြောလို့တော့ဖြင့် မရဘူးပေါ့။ ပြောရမည်ဆိုလျှင် နံ့သာနီတို့ တစ်မျိုးလုံးဟာ ထက်ထက်မြက်မြက်နဲ့ စူးရဲတောက်ပနေကြတာ။

နံ့သာနီရဲ့ မိဘတွေဟာ မြန်မာပြည်မှာ နာမည်ကြီးတွေ။ အဖေရော အမေပါ နှစ်ယောက်စလုံးက စီးပွားရေးလောကမှာ ကိုယ့်လုပ်ငန်းနဲ့ကိုယ် အောင်မြင်ကျော်ကြားကြသည်။ နံ့သာနီ့အမေကဆိုလျှင် လူမှုရေးအဖွဲ့အစည်းတစ်ခုက အရေးပါ အရာရောက်သည့် ရာထူးတစ်ခုနဲ့ မသိမရှိသူ။ အဖေကျတော့ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တကာနဲ့ပါ ဆက်သွယ်လုပ်ငန်း လုပ်နေတာမို့ မြန်မာပြည်တင်မက နိုင်ငံတကာမှာပါ သူ့နာမည်က သတင်းမွှေးသူ။

နံ့သာနီ အစ်ကိုတစ်ယောက်က ကုလသမဂ္ဂမှာ ရာထူးကောင်းကောင်းနဲ့ အလုပ် လုပ်နေသူ။ နံ့သာနီအစ်မက နာမည်ရကာစ သားဖွားမီးယပ်ဆရာဝန်မကြီး။

သူတို့မိသားစုတင် မကပါ။ ဆွေစဉ်မျိုးဆက်တစ်ခုလုံးကပါ ကိုယ့်နာမည်ကို (ကောင်းသော) အကြောင်းတစ်ခုခုနဲ့ နာမည်ကျော်ကြားအောင် အပြိုင်အဆိုင် ကြိုးစားနေကြသူတွေချည်း။

နံ့သာနီ ကိုယ်ဟိုင်လည်း ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ မှေးမှိန်မနေရလေအောင် ဘာလုပ်ရကောင်းမလဲလို့ စဉ်းစားနေသူပင်။ အခုတော့ ပလက်တီနမ်နဲ့ ပြုလုပ်သော လက်ဝတ်လက်စားတွေချည်း သီးသန့်ရောင်းသည့် ဆိုင်တစ်ဆိုင်ကို စ,ဖွင့်ထားပြီ။



ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက်နဲ့ ရှေ့တန်းထွက်ချင်လွန်းလှသော နံ့သာနီဟာ အေးအေးဆေးဆေး၊ ရိုးရိုးကုပ်ကုပ် နေတတ်သည့် နေရောင့်ကိုမှ ဘာလို့ ချစ်သူအဖြစ် ရွေးချယ်ခဲ့သလဲ ဆိုတာ စဉ်းစားရခက်ချင်စရာ။

ဘာပဲဖြစ်ဖြစ် နေရောင်နဲ့ နံ့သာနီတို့ဟာ ချစ်သူသက်တမ်း နှစ်,နှစ်ပြည့်ခဲ့ပြီးသော ချစ်သူတွေ ဖြစ်နေခဲ့ကြတာတော့ အမှန်ပင်။

နေရောင်က နံ့သာနီကို သိပ်ချစ်ပါသည်။ ထာဝရ လက်တွဲဖို့လည်း ရည်ရွယ်ခဲ့ပါသည်။

သို့သော် ...။

ထိုသို့သော်ဟာ တော်တော်လေး တာ,သွားသည့် သို့သော်ပဲ ဖြစ်လေသည်။

သူတို့နှစ်ယောက်ကြားမှာ မထင်မှတ်သော (နံ့သာနီဘက်ကတော့ မပြောတတ်၊ ကိုယ့်ဘက်ကတော့ တကယ့်ကို မထင်မှတ်သော) အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ ... မှားလို့ ...။ အဖြစ်အပျက်က တစ်ခုတည်း မဟုတ်။ နှစ်ခု။ သူ့ဘက်က တစ်ခု၊ ကိုယ့်ဘက်က တစ်ခု။

နေရောင့်ရဲ့ မိဘတွေက နေရောင့်ကို မိန်းကလေး တစ်ယောက်နဲ့ သဘောတူ စီစဉ်ဖို့ ကြိုးပမ်းလာကြသလို နံ့သာနီ မိဘတွေကလည်း သူတို့သမီးကို ဂုဏ်သရေရှိ အသိုင်းအဝိုင်းထဲက ယောက်ျားတစ်ယောက်နဲ့ ပေးစားဖို့ လေသံပစ်လာကြတာပင်။

နေရောင်တို့ဘက်ကတော့ ရိုးရှင်းပါသည်။ သူတို့သားမှာ ချစ်သူရှိနေတာ ရှိမနေတာကိုလည်း မသိ။ လူကြီးတွေ မျက်စိကျလောက်သည့် အရည်အချင်းရှိသော ရိုးသားအေးဆေးပြီး အိမ်ထောင်မှု နိုင်နင်းသည့် မိန်းကလေးတစ်ယောက်ကို ချွေးမလောင်းတော်ချင်ရုံသက်သက်ပဲ။

နံ့သာနီတို့ဘက်ကတော့ ခိုင်လုံသည့် အကြောင်းပြချက် ရှိသည်။ အဲဒါက ဘာလဲဆိုတော့ နေရောင်နဲ့ လုံးလုံးရယ်ထိမှ လျားလျား သဘောမတူနိုင်တာ။





နေရောင်ဟာ စာရေးဆရာတစ်ယောက် ဖြစ်တာတော့ မှန်ပါရဲ့။ သို့သော် မြန်မာပြည်မှာ လူသိများ ထင်ရှားလှသည့် ဘက်(စ်)ဆဲလာ စာရင်းဝင် နာမည်ကျော် စာရေးဆရာကြီး မဟုတ်။

စာရေးခြင်းအလုပ်ကို ငွေကြေးနဲ့ အောင်မြင်ကျော်ကြားမှုအတွက် သက်သက်မဟုတ်ဘဲ ဝါသနာပါလို့ကို ရေးနေတာ။

ဒီနေရာမှာ ပြောစရာ ဖြစ်လာတာက လက်ရှိအောင်မြင်နေကြသော စာရေးဆရာ အများစုဟာလည်း အောင်မြင်မှုအတွက်၊ ငွေရဖို့အတွက်သက်သက် စာရေးခြင်း မဟုတ်ဘူးဆိုတာပင်။

သူတို့ဘာသာ ဝါသနာအလျောက် စာကလေးဆကလေးရေးကြရင်းက နာမည်ကျော်ကြားသွားကြတာ၊ ဝင်ငွေကောင်းသွားကြတာမျိုး။ "စာရေးခြင်းအလုပ်"ဆိုတာကိုက ဘယ်သူမှ ဝါသနာကို အရင်းမခံဘဲ စီးပွားရှာဖို့ သက်သက်လုပ်ကြသည့် အလုပ်မျိုး မဟုတ်၍ပင်။

နေရောင် တစ်ယောက်ကတော့ ကံမလိုက်ဘူးလို့ပဲ ပြောရမလား၊ ညံ့ပဲညံ့တာလေလား မသိ။ စာရေးဆရာ အဖြစ် အောင်မြင်ခြင်း မရှိလှချေ။ နာမည်အရ မအောင်မြင်ဘူးဆိုတော့ ငွေကြေးအရလည်း မဟန်လှဘူးပေါ့။

မီဘတွေက တတ်နိုင်တာတော့ တတ်နိုင်တာပါပဲ။ ဒါပေမဲ့ နေရောင့် မီဘတွေဟာ ပနက္ကျူဘက်မှာ သနပ်ခါးစိုက် စားကြသူတွေ။ ခြံကထွက်သည့် သနပ်ခါးကို တစ်ဆင့်ဝယ်သည့် ဒိုင်ကိုပဲ သွင်းကြတာမို့ အမြတ်နည်းသည်။ သနပ်ခါးပင် ဆိုတာကလည်း နှစ်ရှည်လများ ရင်းနှီးထားပြီးတော့မှ အကျိုးအမြတ် ပေါ်တတ်တာမျိုး။ ဒီတော့ နေ့စဉ်၊ လစဉ် ငွေတွေ လုံးခနဲ ခဲခနဲ ဝင်လာနိုင်လောက်အောင် အခြေအနေမျိုးတော့ မရှိချေ။

နောက်ပြီး အညာမှာ သနပ်ခါး စိုက်စားသော မိသားစုဟာ ဘယ်လိုလုပ်ပြီးတော့ရော မြန်မာသိ၊ ကမ္ဘာသိဖြစ်နိုင်မှာလဲ။ ကိုယ့်ရပ် ကိုယ့်ရွာကလောက်ပဲ မြို့မျက်နှာဖုံးအဖြစ်နဲ့ သိကြမှာပေါ့။





"နာမည်ကြီးမှ အမျိုးတော်ချင်သည်"ဆိုသည့် ရှုးနှမ်းနှမ်း အစွဲအလမ်းကြီးတွေနဲ့ မိသားစုထဲမှာတော့ အညာသားမိသားစုဟာ ဘယ်လိုမှ အမြင်တွေ့စရာ မရှိပါ။ နံ့သာနီမိဘတွေဆလည်း တကယ့်ကို ကြည့်မရ၊ မမြင်ချင်ကြပါ။

သူတို့ရဲ့ ပြောစကားတွေကိုပဲ ကြည့်ဦး "အသားညိုညို မွဲခြောက်ခြောက်၊ သျှောင်ထုံး၊ ဘီးဆံပတ်ကြီးတွေနဲ့ စုတ်စုတ်နုပ်နုပ် လင်မယားနှစ်ယောက်ကို ဆွေမျိုးအလယ်မှာ သူတို့ရဲ့ အညီးခမက်တွေ အဖြစ်နဲ့ ဘယ်လိုလုပ်ပြီး ပွဲထုတ်ပြရမှာလဲ" တဲ့။

မှန်တာပြောရလျှင် ထိုစကားအတွက် နေရောင်က စိတ်နာလှပါသည်။ ပြောတာကိုက သူ မကြားအောင် ကိုယ့်မိသားစုထဲကိုယ် တိုးတိုးတိတ်တိတ် ပြောတာမျိုး မဟုတ်ဘဲ နေရောင် မြင်မကြား့ကြားအောင် တမင်သတင်းလွှင့်တာမျိုး ဖြစ်ပေရာ ပြီး အစံရခက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ ကိုယ့်မိသားစုအပေါ် အထင်သေး အမြင်နဲ့ အရင်စီးမိုးကြည့်ထားနှင့်မည့် အသိုင်းအဝိုင်းထဲ မျက်နှာပြောင်ပြောင်နဲ့ ဖွတ်တိုးဝင်ဖို့အရေးက ရင်လေးစရာ ကောင်းလှပါရဲ့။

ကိုယ်ကတော့ ချစ်သူနဲ့ ပေါင်းရပြီးရော ဘာမဆို သည်းခံရင်ဆိုင်နိုင်သည်ထားဦး မိဘတွေကိုပါ ရောပြီး မျက်နှာငယ်ခံခိုင်းဖို့ကတော့ မသင့်ဘူး ထင်သည်။

နေရောင့် မိဘတွေကလည်း အညာသားတွေသာဖြစ်တာ၊ ဒိတ်ဒိတ်ကြဲသာ မချမ်းသာတာ။ မာနကတော့ ခေါင်ခိုက်နေတာပင်။ တစ်ဖက်မိသားစုက ကိုယ့်အပေါ် မကြည်ဖြူဘူးဆိုတာသာသိလျှင် သူတို့ရဲ့ တုံ့ပြန်မှုကလည်း သက်သာမှာမဟုတ်။

စိတ်ညစ်ပါရဲ့ကွာ။

✤ ✤ ✤



သူငယ်ချင်းတွေကတောင် ပြောနေကြပြီ။ "မှိုင်းဝေမင်း အခုတလော နာမည်နဲ့ လူနဲ့ လိုက်လာတယ်"တဲ့။

ပျော်ပျော်နေတတ်သော၊ ကိုယ့်ကြောင့် ကိုယ့်ပတ်ဝန်းကျင်ကလူတွေ စိတ်ညစ်ညူး နွမ်းလျကုန်တာမျိုးကို မဖြစ်စေချင်တတ်သော မှိုင်းဝေဟာ နာမည်နဲ့မလိုက်အောင် သွက်လက်လန်းဆန်းနေတတ်တာ။

အခုတော့ မှိုင်းဝေဟာ တကယ်ပဲ ရှိုင်းမှုန်ရီဝေသော မျက်နှာနဲ့ မှိုင်တွေငေးမောနေတတ်သူ တစ်ယောက် ဖြစ်နေခဲ့လေပြီ။

မေမေ့ကိုလည်း သနားသည်။ မစူးစမ်း မဆင်ခြင်ဘဲ သူလုပ်ချင်ရာ ဖွတ်လုပ်တတ်သည့် မေမေဟာ သားကို မိန်းမ

www.burmeseclassic.com



ပေးစားဖို့ တစ်ဖက်မိန်းကလေးတွေဆီမှာ စကားကမ်းပြီးတော့မှ သားဖြစ်သူမှာ ချစ်သူရှိနှင့်ပြီးပြီဆိုတာ သိရသောအခါ ဘာမှ မလုပ်တတ် မကိုင်တတ်၊ မဖြေရှင်းတတ်တော့။

ကိုယ့်အပေါ် စေတနာထားလို့ မှားသွားတာဆိုပေမဲ့လည်း ဒီလိုကိစ္စမျိုးက အများမှ မခံတာ။ ဟော ... အခုတော့ ကြည်ညိုဦး၊ မှိုင်းဝေလည်း စိတ်ညစ်ရ၊ မေမေလည်း မျက်နှာပျက်ရ။

ထားတော့။ ကိုယ့်ဘက်က ပြဿနာကတော့ အချိန်တန်လျှင် မိဘမျက်နှာပျက်တာ မပျက်တာ အသာထားပြီး အပြတ်ရှင်းလင်းပစ်မှာပဲမို့ ကိစ္စမရှိ။

ကိစ္စရှိနေတာက သူ့ချစ်သူ မြမိုးညိုတို့ဘက်က။

ရိုန်ကိုက်ဖုံးများ ခွဲလိုက်သလား မှတ်ရလောက်အောင်ပဲ သူ့ကို အမေက မိန်းမပေးစားဖို့ စီစဉ်နေချိန်မှာ မြမိုးညိုကိုလည်း သူ့မိဘတွေက အိမ်ထောင်ချပေးဖို့ စီစဉ်နေကြသတဲ့။





ပိုဆိုးတာက မြမိုးညိုကို လာရောက်တောင်းရမ်းသည့် သတို့သားရဲ့မိဘတွေဟာ မြမိုးညိုတို့ မိသားစုအပေါ်မှာ ကျေးဇူးတရား အလွန်ပင် ကြီးမားလှပါသတဲ့။

အလွန်ရိုးသား အေးဆေးပြီး ကျေးဇူးတရား တစ်ခုတည်းကလွဲလျှင် တခြား ဘာကိုမှ ခေါင်းထဲမရှိသော မြမိုးညိုရဲ့မိဘတွေဟာ သူတို့ကျေးဇူးရှင်တွေက အခု လက်ညှိုးထိုး သေခိုင်းလျှင်တောင် ချက်ချင်းလဲသေလိုက်ကြမည့် သူမျိုးတွေ။ ကိုယ့်သမီးကို သူတို့သားနဲ့ (မြမိုးညို ပြောစကားအရတော့ ထိုလူဟာ အပြစ်ပြောစရာမရှိသည့် လူတော်လူကောင်းတစ်ယောက် ဖြစ်သေးသတဲ့) ပေးစားဖို့ကိစ္စလောက်များတော့ ပျင်းတောင်ပျင်းသေး။

လူကြီးတွေဘက်က သဘောထားကတော့ ထားလိုက်ပါ။ သူတို့အမြင်၊ သူတို့ခံစားချက်နဲ့ကတော့ ကိုက်ညီနေမှာပေါ့။

ခက်နေတာက မြမိုးညို။

အလွန်တရာ အေးဆေးပြီး မိဘတွေထက်ပင် ပိုလို့ ရိုးသားနေသေးသော၊ အမေအမေကို ကြောက်ရကာ မိ[illegible] စကား



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဆံပင်ခြည်တစ်မျှင်စာမျှပင် မလွန်ဆန်ရဲသော မြမိုးညိုဟာ အရေးကြုံလာလျှင် ကိုယ့်ဘက်ကရပ်မှာ မဟုတ်ဘဲ မိဘစကားကို နှလုံးသားနဲ့ရင်းပြီး နားထောင်သွားမည့် သမီးလိမ္မာလေးတစ်ယောက် ဖြစ်နေတာပင်။

ပြဿနာကတော့ သူတို့နှစ်ယောက် ခွဲခွာရဖို့ လမ်းဆုံးကြီးဆီသို့ ဦးတည်နေပြီ။

မိဘတွေကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ရသော မြမိုးညိုဟာ "ကျွန်မမှာ ရည်းစားရှိပါတယ်၊ အဖေတို့အမေတို့ကြည့်ပြီး သင့်တော်တဲ့သူ ဟုတ်မဟုတ် ဆုံးဖြတ်ပြီးမှ ရှေ့ကိစ္စ စဉ်းစားပါ"လို့ ပြောဖို့တောင် သတ္တိမရှိ။

မိဘက ဘာပြောပြော ဖွတ်မိုတ် နာခံလိုက်တော့မှာပင်။

မြမိုးညိုကို ရိုးသားအေးဆေးသော၊ ယဉ်ကျေးသိမ်မွေ့သော၊ မိန်းမပီသသော မိန်းကလေးတစ်ယောက် အနေနဲ့ ချစ်ခဲ့မိတာကပဲ ကိုယ်ရင်နာရဖို့ ဖြစ်လာလေသလား။





ခက်နေတာက သူမမှာ ကိုယ့်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်နိုင်ရဲသည့် သတ္တိရှိနေပေမဲ့ ကိုယ့်မှာတော့ ချစ်သူကို အဆုံးရှုံးခံရဲသည့် သတ္တိမရှိ။ ဒီတော့ နောက်ဆုံးမှာ ခံစားကျန်ခဲ့ရမည့်သူဟာ ဟောဒီက မှိုင်းဝေ ဆိုသည့်ကောင်ကလွဲလို့ ဘယ်သူများဖြစ်ရဦးမှာတဲ့လဲ။

✣ ✣ ✣

www.burmeseclassic.com



နံ့သာနီက အနည်းငယ် ပွယောင်းယောင်း ဖြစ်ချင်နေသည့် ဆံပင်ကောက်ကောက် ပွပွတွေကို ဘီးနဲ့တစ်ချက် နှစ်ချက်ဆွဲဖြီးလိုက်ပြီး မျက်နှာကိုတော့ ခရင်(မ်)ပတ်ဖ်ဘူးလေးဖွင့်ကာ တို့ပတ်နဲ့ တို့လိုက်သည်။

မကြာခင် ကိုယ်နဲ့တွေ့ရတော့မည့်သူဟာ ကိုယ်ဘယ်လိုမှ နှစ်သက်လက်ခံနိုင်မှာမဟုတ်သည့် လူကြီးချင်း သဘောတူထားသူ ဖြစ်နေပေမဲ့လည်း မိန်းကလေးတို့သဘာဝ လူစိမ်းရှေ့မှာ လှပကြော့မော့နေချင်တာပဲလေ။

လူကြီးတွေ သဘောတူထားသည့် ယောကျ်ားတစ်ယောက်နဲ့ စားသောက်ဆိုင်တစ်ခုမှာ နှစ်ယောက်တည်းချိန်းပြီး တွေ့ဆုံရတာဟာ သိပ်တော့ သဘာဝမကျ။ ဒါပေမဲ့ ထားတော့။





ကိုယ့်မှာ သူ့ကိုပြောစရာတွေ ရှိနေသည်။ ထိုပြောစရာတွေဟာ မျက်စိဒေါက်ထောက် ကြည့်နေမည့် အိမ်ကလူတွေရှေ့မှာလည်း ပြောလို့မဖြစ်ပြန်ရာ အပြင်က ဆိုင်တစ်ဆိုင်ကိုပဲ ချိန်းလိုက်ဖို့ ဖြစ်လာတော့တာပေါ့။

ရှမ်းကန်စားသောက်ဆိုင်ထဲက "မန္တလေး"ဟုအမည်တပ်ထားသော သီးသန့်ခန်းထဲ ဝင်လိုက်လျှင် သူမ မျှော်လင့်ထားသလို တစ်ဖက်လူက ကြိုစောင့်မနေသည့်အတွက် နံ့သာနီက စိတ်တိုသွားရသည်။

ယောကျ်ားလေးနဲ့ မိန်းကလေး ချိန်းဆိုကြပြီဆိုလျှင် ယောကျ်ားလေးဘက်က အရင်ကြိုရောက်ပြီး စောင့်နေသင့်သည်ဆိုသည့် ဥပဒေသကို သင်းက မသိဘူးလား။

နံ့သာနီကလည်း အချိန်စောပြီး ရောက်လာတာမဟုတ်။ မိန်းကလေးတို့ သဘာဝ ကိုယ်က စောင့်နေရတာမျိုး မဖြစ်အောင် အနည်းငယ်လေးလောက်တော့ နောက်ကျပြီးမှ လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီရောက်တော့ ကိုယ့်ထက်ပိုဆိုးတဲ့သူနဲ့ တိုးနေပါလေရော။

ဒီလူဟာ မိန်းကလေးထက်တောင် ပိုပြီး ပညာပြ၊ အိုက်တင်ခံချင်သေးတာလား၊ ဒါမှမဟုတ် အချိန်ကိုပဲ မလေးစားတာလား။

ဆိုင်ထဲမှာ အောင့်သီးအောင့်သက်နဲ့ ဝင်ထိုင်စောင့်ဆိုင်းနေရပြီး ဆယ်မိနစ်လောက် ကြာတော့မှ "လသာ"ဆိုသည့်လူက ကြွချီတော်မူလာတော့သည်။

"ဆောရီးပဲဗျာ ... ကျွန်တော် သိပ်များနောက်ကျသွားသလား၊ ကားစာတ်ဆီဝင်ဖြည့်တာ ကြာနေလို့ဗျာ၊ ကားတန်းထဲ ညပ်နေတော့ ပြန်ထွက်ဖို့လည်း ခက်နေတာနဲ့"

"ရပါတယ်၊ ကျွန်မလည်း ခုလေးတင် ရောက်တာပါ"

ဆရာ့ညှို့သည့် ရောက်နေတာ ဆယ်မိနစ်လောက်ရှိပါပြီလို့ ဆိုင်ဝန်ထမ်း ကောင်မလေး တစ်ယောက် ပြောလိုက်တာကို အခုပဲ ကြားလာရသော လသာက ရယ်ချင်နေသည်။





မိန်းမတွေများ တော်တော်တတ်နိုင်ကြတာပဲ။ ဘာမှမဟုတ်လောက်သော နေရာလေးတွေမှာတောင် ဟန်လုပ်ဖို့၊ ကိန်းကြီးခန်းကြီးနိုင်ဖို့ မမေ့လျော့တတ်ကြသေး။

ထားလိုက်ပါတော့လေ။ ဒါတွေ စဉ်းစားနေလို့လည်း အပိုပါပဲ။ လက်ရှိရင်ဆိုင်ရမည့် အရာက ကိုယ်နဲ့ နှစ်ယောက်တည်း တွေ့ဆုံစကားပြောချင်ပါသည်လို့ မိန်းကလေးဘက်က စတင်ကမ်းလှမ်းလာရတာဟာ ဘယ်လိုအကြောင်းတွေ ရှိလို့လဲ၊ သူမ ဘာစကားတွေ ပြောမလဲ၊ ကိုယ့်ဘက်ကရော ဘာတွေ တုံ့ပြန်ရမလဲ ဆိုတာတွေပင်။

"ကျွန်တော်နဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်တယ် ဆိုတာ"

"စားစရာရှိတာ စားပါဦး၊ ကျွန်မ အလုပ်ထဲက တန်းလာတာ နေ့လယ်စာ မစားရသေးဘူး၊ ဗိုက်ဆာနေတယ်ရှင့်"

အတော်ပွင့်လင်း ဖြောင့်ကျသည့် မိန်းမပဲ။ မိန်းမတစ်ယောက်ဟာ ကိုယ်နဲ့ မရင်းနှီးသော၊ လူကြီးတွေက သဘော



www.burmeseclassic.com

www.burmeseclassic.com



တူထားသော ယောက်ျားတစ်ယောက်ရှေ့မှာ အစားအသောက်ကို တမက်တမော လုပ်ပြနေတာဟာ ပွင့်လင်းတာလား၊ ရဲတင်းတာလား၊ ဂရုမစိုက်တာလား။

ထားတော့ ... ထားတော့။ အတွေးဆန့်ပြီး အရှည်ချဲ့ လျှောက်တွေးနေတာတွေကို အသာဖယ်ထား။ တကယ် အရေးကြီးတာက သူတို့ ဆွေးနွေးရမည့် ကိစ္စလေ။

မှာထားသည့် ထမင်းဟင်းတွေကို သူမ စိတ်ပါလက်ပါ (သို့သော် သွားဖြဲနားဖြဲ ရုပ်ပျက်ဆင်းပျက်ကြီးတော့လည်း မဟုတ်ဘဲ လှလှပပ ကြည့်ကောင်းကောင်းလေး)စားနေတာကို ဆယ်မိနစ်လောက် ထိုင်စောင့်ရပြီးတော့မှ ...

"ကဲ ... ကျွန်မတို့ စပြီးဆွေးနွေးကြစို့"

"ပြောပါဦး"

"လူကြီးတွေက ရှင်နဲ့ ကျွန်မကို အိမ်ထောင်ချပေးဖို့ စီစဉ်နေကြတယ်ဆိုတာ သိတယ်နော်"

"သိပါတယ်"





"ရှင် ဘယ်လိုသဘောရသလဲ"

ကိုယ့်ကို အရင်မေးလိုက်တာဟာ ဦးစားပေးတာ မဟုတ်။ တရားခံရှာတာ။ တကယ်လို့ လသာဘက်က သဘောမတူချင်ပါဘူးဆိုလျှင် သူမက အသာလေး လက်ရှောင်ထွက်သွားမည်။

ကျွန်သည့်ပြဿနာမှန်သမျှ လသာကပဲ ကြည့်ပြီး ဖြေရှင်းပေတော့။

နောက်တစ်ခု ရှိသေးတာက မိန်းကလေးနဲ့ယောက်ျားလေးမှာ ယောက်ျားလေးဘက်က ငြင်းသည်ဆိုတော့ ပိုအပြစ်ကြီးမည်၊ ပိုနာမည်ပျက်မည်။

မဖြစ်သေးဘူး။ သူမရဲ့ ထောင်ချောက်ထဲကိုတော့ အိုးမဝင်မိအောင် ရှောင်မှဖြစ်မည်။

"ကျွန်တော် ပြောတာထက် ခင်ဗျား အရင်ပြောတာမျိုး ပိုပြီးသင့်တော်မယ် ထင်တယ်၊ ဒီလိုကိစ္စမျိုးမှာ မိန်းကလေး ဘက်က ဆန္ဒကို ဦးစားပေးကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီက ပြုံးလိုက်သည်။ သူမ အပြုံးက သဘောပေါက် နားလည်သည့်အပြုံး၊ ရှင့်ဆိုလိုရင်းကို ကျွန်မ သိပါတယ် ဆိုသည့် အပြုံးမျိုး။

"ကောင်းပြီလေ ... ရှင်က စ,မပြောချင်ဘူး ဆိုရင်လည်း ကျွန်မပဲ ပြောရတော့မှာပေါ့"

နံ့သာနီက ဖွန်းခက်ရင်းကို ခဏချထားလိုက်ကာ မျက်နှာတင်းတင်းနဲ့ပဲ ...

"လူကြီးတွေ အစီအစဉ်ကို ကျွန်မ သဘောမကျဘူး၊ ရှင်နဲ့ ကျွန်မဟာ တစ်ယောက်အကြောင်း တစ်ယောက်သိကြတာလည်း မဟုတ်ဘူး၊ သိတယ်ပဲထားတော့ ကျွန်မမှာ ..."

"ခင်ဗျားမှာ ရည်ရွယ်ထားပြီးသား ရှိတယ်ပေါ့"

ဒီတစ်ခါတော့ လသာက ခပ်မြန်မြန်ပဲ ဝင်ရောက်ထောက်ပေးလိုက်သည်။ သူမကို ကိုယ့်ဘက်ကပြန်ပြီး ချည်တုပ်ထားနိုင်ဖို့ကလည်း အရေးကြီးသေးသည်လေ။ မိန်းမတစ်ယောက်နဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရပြီးမှ ကိုယ်ချည်းပဲ လိုမ့်ခံလာရတယ်ဆိုရင် ဘယ်လောက် ရှက်စရာကောင်းမလဲ။





လသာက လူလည်ကျလိုက်ပေမဲ့ နံ့သာနီကလည်း မမှုပါ။ မမှုဆို ဒီလူကို ရေရှည်ဆက်ဆံပတ်သက်ရမည့် အားနာစရာ လူတစ်ယောက်လို့ကို သဘောမထားတာ။ အကယ်၍များ ဒီဆွေးနွေးပွဲသာ အောင်မြင်သွားလျှင် ဒီနေ့ဟာ သူမတို့နှစ်ယောက်အတွက် နောက်ဆုံးတွေ့ဆုံတာတောင် ဖြစ်ချင်ဖြစ်သွားနိုင်သေးတာ။

"ဟုတ်တယ် ... ရှိတယ်"

"ကျွန်တော် တစ်ခုမေးပါရစေ၊ အဲဒီလူကို ခင်ဗျားအိမ်က ..."

"သဘောမတူဘူး၊ သူ့မှာ ဘာအပြစ်မှ ရှိလို့တော့ မဟုတ်ပါဘူး၊ ရှင် သိတဲ့အတိုင်း ကျွန်မတို့ တစ်မျိုးလုံးက ဒီတ်ဒီတ်ကြဲတွေ၊ စီးပွားရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်တွေမှာ ဘယ်သူဟာလို့ ပြောလိုက်တာနဲ့ မသိသူ မရှိတဲ့သူတွေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေး။ ဆိုလုတဲ့ စာပါလားဗျာ။ ရင်ဘတ်ကို လက်တွေ့ထိုးတဲ့ သဲအိတ်နဲ့ ပိတ်ပစ်လိုက်သလား ထင်ရလောက်အောင် တနင့်တပိုး နိုင်လိုက်တာ။

"ဟိုဘက်ကတော့ မိဘတွေက အညာသူအညာသား ရိုးရိုးအ,အကျွေ၊ သူကိုယ်တိုင်လည်း စာရေးဆရာဆိုပေမဲ့ လူမသိ ဝင်ငွေမကောင်းလှတဲ့သူ ဆိုတော့ မာမီတို့ စိတ်ထင်ကနုပ်တာယ်ပေါ့နော်၊ ကိုယ့်သမက်ပါဆိုပြီး ဆွေထဲမျိုးထဲ ထုတ်ပြရမှာ ရှက်စရာ ကောင်းတယ်ပေါ့၊ အဲဒါနဲ့ပဲ သဘောမတူဘူး ဖြစ်ရော"

သူ့လူကိုတော့ သူ ကာကွယ်သား။ မိဘတွေ သဘောမတူတာဟာ သူ့လူဘက်က ချို့ယွင်းချက်ကြောင့် မဟုတ်ဘဲ မိဘတွေရဲ့ အယူသည်းမှုကြောင့်ဆိုတဲ့ သဘောပေါ့။

ဒီနေရာမှာ ကိုယ့်ဘက်က အနေအထား၊ ကိုယ့်အခက်အခဲကို ပြောပြလိုက်လျှင် ဘဝတူနှစ်ယောက် တစ်စည်းတစ်လုံးတည်း ပေါင်းမိသွားနိုင်ပေမဲ့ လသာက အသာလျှိုနေလိုက်သည်။





ဘာကြောင့်မှန်းတော့ မသိ။ နံ့သာနီဆိုသည့် မိန်းမကို သိပ်ကြည့်မရ၊ ပညာပြလွန်းသည်ဟု ထင်သည်။ ဒီတော့ ကိုယ့်ဘက်ကလည်း လျှိုတန်လျှို၊ ဖွက်တန်ဖွက်ပြီး ပြန်ပညာပြမှ ဖြစ်လိမ့်မည်လေ။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



ကျစ်ဆံမြီး တုတ်တုတ်ကြီး တစ်ချောင်းတည်းကို ဘယ်ဘက်ပခုံးပေါ်က ကျော်ပြီးချထားလျက် မျက်နှာမှာ သနပ်ခါး ဖွေးဖွေးဖုံနေသော၊ ပါတိတ်ဝမ်းဆက်နှင့် အမျိုးသမီးကို ကြည့်ကာ နေရောင်က စိတ်ပျက်ချင်သလို ဖြစ်မိသည်။

ဒါဟာ မြန်မာဆန်ဆန် ကျက်သရေရှိသော အလှမျိုး လို့ ပြောနိုင်သော်လည်း ဈေးရဲပေါ်လွင်စွာ လှနိုင်လွန်းသော နံ့သာနီ လို မိန်းကလေးမျိုးကိုမှ ချစ်သူတော်ထားရသည့် နေရောင့်အတွက် ကတော့ ဘယ်လိုမှ အမြင်မကြည်လင်စရာ။

နံ့သာနီဟာလည်း ခေတ်လွန်ပျံလန်နေအောင် ဝတ် စားပြင်ဆင်ထားတာမျိုးတော့ မဟုတ်။ သူမ ဝတ်ပုံစားပုံ၊ ပြင်ပုံ





ဆင်ပုံက ခေတ်လည်းမီကာ ဣန္ဒြေလည်း ရသည်။ နံ့သာနီမို့ ဝတ်ထားပြင်ထားပြီလားဆိုလျှင် လူတွေအများကြီးထဲမှာ ထင်းခနဲ မြင်သာ ထင်ရှားနေလျက် အားလုံးက အားကျနှစ်သက်သော မျက် လုံးတွေနဲ့ ငေးမကြည့်ဘဲ မနေနိုင်လောက်အောင် ပြင်တတ်တာ။

မြမိုးညို ဆိုတဲ့ တစ်ယောက်ကဖြင့် မဟုတ်ပါဘူး။ ဘွဲ့ရပညာတတ် တစ်ယောက်လို့တောင် မထင်ရလောက်အောင် ဝတ်စားပြင်ဆင်နေပုံက တုံးလှသည်။

အင်း ... ခက်နေတာက သူ့ကံကြမ္မာဟာ ဒီလို မိန်းကလေးမျိုးနဲ့မှ အိမ်ထောင်ကျဖို့ ပါလာလေသလား။

မြမိုးညိုကိုမှ သမီးရင်း တစ်ယောက်လို ချစ်ကာ သည်းသည်းလှုပ် ချွေးမတော်ချင်နေကြသော အဖေနဲ့ အမေ။ ကိုယ့်မိဘအရင်းခေါက်ခေါက်တွေအပေါ် အထင်သေးနှိမ်ချင်လှ သော ချစ်သူရဲ့ မိဘတွေ။ ဒီလောက် အရေးကြီးနေသည့် အချိန် မှာတောင် ဘာတစ်ခုမှ ဆုံးဖြတ်ချက် မချဘဲ သွေးအေးအေးနဲ့ နေနိုင်သည့်ချစ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ ရှိသားပြီး အပြစ်ကင်းစင်ရှာသော မိန်းကလေးတစ်ယောက်ရဲ့ အရုက်သိက္ခာကို ငဲ့ညှာဖို့ကလည်း ရှိသေးသည်။

အခုပဲကြည့်။ သူ့အမေနေမကောင်းလို့ ဆေးရုံလာပြုရတယ်သာဆိုတယ် မသွားတတ် မလာတတ်၊ မလုပ်တတ် မကိုင်တတ်။

အဖေလုပ်သူက အသိဘုန်းကြီးကျောင်းမှာ တည်းလေသောအခါ သူမအတွက်က နေစရာနေရာမရှိ။ ရန်ကုန်မှာ အသိအကျွမ်းကလည်း နည်းပါးလေတော့ အကူအညီတောင်းဖို့ အတွက် နေရောင့်ကိုပဲ လာရှာရတာ။

မြမိုးညိုကို ငယ်ငယ်တုန်းကတော့ နေရောင်က တွေ့ဖူးပါသည်။ ဆံရစ်ဝိုင်း၊ သနပ်ခါးပါးကွက်ကျား၊ နှပ်ချေးတွဲလောင်းကလေးနှင့် ညစ်ပေပေ စုတ်ဖတ်ဖတ်၊ လူတောမတိုးသည့် ပုံစံကလေးနှင့် စိတ်ပျက်စရာ။





ခုလည်းပဲ ရုပ်ကလေးလှလာကာ ကိုယ်လုံးကိုယ်ပေါက် အရွယ်အစားလေးက လှစဉ်မီမီ ဖြစ်လာသော်လည်း ထုံထိုင်းသည့်ပုံ၊ အေးဆေးကြောက်တတ်သည့်ပုံ၊ လူတောမတိုးသည့် ပုံကတော့ အရင်အတိုင်း။

"ကျွန်မကတော့ အမေ့ကို စောင့်ပေးရမှာဆိုတော့ ဆေးရုံမှာပဲ နေရမှာကတော့ များပါတယ်၊ ဒါပေမဲ့ တစ်ခါတလေ ဟို ... သိပ်ပင်ပန်းလာရင် နားဖို့၊ ရေမိုးချိုးဖို့ ကျွန်မ ပစ္စည်းတချို့ သိမ်းဖို့ကျတော့ နေရာအခက်အခဲ ဖြစ်နေလို့"

"အဲဒီအတွက်တော့ မပူနဲ့ဗျာ၊ ဒီမှာ ကျွန်တော့်အခန်းသော့၊ ခင်ဗျား တစ်ချောင်းယူထားလိုက်၊ ခင်ဗျားပစ္စည်းတွေ ကျွန်တော့် တိုက်ခန်းမှာပဲထား၊ နေ့လယ်ခင်း ခဏတဖြုတ် နားတာတို့၊ တစ်ခါတလေ အေးအေးဆေးဆေး ရေမိုးချိုးချင်တာတို့ ဆိုရင် အချိန်မရွေးလာခဲ့"

ကောင်မလေးက မျက်လုံးပြူးသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းက ကိုနေရောင် တစ်ယောက်တည်းနေတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျွန်တော်က ညဘက် အိပ်တယ်ဆိုရုံလောက်ပဲနေတာ၊ နေ့လယ်နေ့ခင်း မရှိတာ များတယ်၊ ပိုဆိုးတာက အခုတလော ကျွန်တော် ဂျာနယ်တစ်ခုမှာ တာဝန်ခံအယ်ဒီတာရာထူး ယူထားတော့ နေ့လယ်ဘက်ဆို အလုပ်တအားများတာ၊ ဂျာနယ်ဖောင် ပိတ်ရက်ဆို ညဘက်တောင် ပြန်အိပ်ချင်မှ အိပ်ဖြစ်တော့တယ်"

အမှန်ကတော့ နေရောင်ဟာ အိမ်မှာ လုံးလုံးမနေ ဖြစ်တာမျိုးတော့ မဟုတ်ပါ။ နေ့ခင်းဘက်တွေ အလုပ်ပါးလျှင် ကိုယ့်အခန်းကိုယ် ပြန်လာပြီး ရေမိုးချိုး၊ တစ်ရေးတစ်မောအိပ်ချင်အိပ်၊ စာရေးချင်ရေး လုပ်တတ်တာ။

ဒါပေမဲ့ ဒီမိန်းကလေး ရှိနေသည့် ကာလအတွင်းတော့ အခန်းကို မပြန်ဘဲ နေရတော့မှာပင်။ ကိုယ်က ရန်ကုန်





မှာနေ၊နေကျ ဖြစ်နေပြီ၊ ပြီးတော့ ယောကျ်ားလည်းယောကျ်ား ဆိုတော့ ခေါင်းဝင် ကိုယ်ဆန့်သည်၊ နေစရာ နေရာက များသည်။

သူမက ကိုယ့်အခန်းမှာ မနေလျှင် တခြားလုံခြုံစိတ်ချရသည့် နေရာတစ်ခု ရဖို့မလွယ်။

"ဟုတ်ရဲ့လား ကိုနေရောင်ရယ်၊ မြ အတွက် တမင်ရှောင်ပေးရတာများ"

"အာ ... မဟုတ်ဘူး ... မဟုတ်ဘူး၊ မယုံရင် မြမိုးညိုစောင့်ကြည့်လိုက်၊ ကျွန်တော်က အိမ်ကိုကပ်တဲ့ကောင် မဟုတ်ဘူး"

"အားတော့ နာပါတယ် ကိုနေရောင်ရယ်၊ ဒါပေမဲ့ မြအတွက်ကလည်း အဆင်မပြေတာ"

"ကျွန်တော် သဘောပေါက်တယ်၊ ဘာမှလဲ အားနာနေစရာ မလိုဘူး၊ ဒေါ်လေး နေမကောင်းတာ ကျွန် ... ယ်တိုင် ကိုယ်ကျတောင် စောင့်ပြီး ကူညီသင့်သေးတာ၊ ဘာမှမယ်မယ်ရရ မကူညီနိုင်တာတောင် ကျွန်တော်က ဒ ... နာတယ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ကိုနေရောင်ရယ်၊ အမေ ဆေးရုံတက်တဲ့ကိစ္စ ကိုနေရောင်သာ လိုက်မကူပေးရင် ဒီလောက် ဘယ်လွယ်မှာလဲ၊ အဖေကလည်း စိတ်ပူဖို့ကလွဲလို့ ဘာမှသိတာမဟုတ်ဘူး၊ ဆရာဝန် ဆရာမတွေနဲ့ ဘယ်လိုပြောဆို ဆက်ဆံရမယ်ဆိုတာသိဖို့ ဝေးရော၊ ကျွန်မကလည်း ဘွဲ့လေးတစ်လုံးသာရတာ ဆေးပညာနဲ့ ပတ်သက်လို့ကတော့ ဘာမှသိတာမရှိဘူး၊ ကိုနေရောင်သာ မရှိရင် ကျွန်မတို့ ဘာမှနားလည်မှာကို မဟုတ်တော့ပါဘူး"

မြမိုးညို ပြောတာလည်း ဟုတ်သည်။ သူတို့သားအဖဟာ တကယ့်ကို မသိနားမလည်သူတွေ။ လူနာကို ဆေးရုံတင်ဖို့ တောင်မှ ဘယ်သွားရမလဲ၊ ဘယ်သူ့ကို ပြရမလဲ၊ ဘာလုပ်ရမလဲ မသိ။ အဆုံးစွန်အထိ ပြောရမည်ဆိုလျှင် ရန်ကုန်ဆေးရုံကြီးကို ဘယ်လိုသွားရမလဲ ဆိုတာတောင် မသိကြသူတွေ။ နေရောင်တစ်ယောက်သာ အားကိုးစရာမရှိလျှင် သူတို့ဆေးရုံတက်ဖို့အရေးဟာ တော်တော့်ကို ခက်ခဲမှာ သေချာသည်။





"ကဲပါဗျာ … အပြန်အလှန် အားနာတွေထားလိုက်တော့၊ ကျွန်တော်လည်း ကူညီသင့်လို့ ကူညီတာ၊ မြမိုးညိုတို့နဲ့ ကျွန်တော်တို့တွေက ဒါမျိုးပြောနေရမဲ့သူတွေမှ မဟုတ်တာ"

မြမိုးညိုက ရှက်စနိုးဖြစ်ကာ မျက်လွှာလေးကို ဖျတ်ခနဲ ချလိုက်သည်။ ညိုညက်ညက်ပါးပြင်ဟာ ရှက်သွေးလွှမ်းပြီး အနီရင့်ရောင်အဖြစ် ပြောင်းလဲသွားတာကို မြင်လိုက်လျှင် ကိုယ့်စကား မှားသွားပြီလို့ နေရောင်က သိလိုက်သည်။

သူ ဆိုလိုလိုက်တာကတော့ ရိုးရိုးသားသားပါ။ မြမိုးညိုတို့ မိဘတွေဟာ နေရောင့်မိဘတွေရဲ့ ကျေးဇူးခံ ကျေးဇူးစား တပည့်တပန်း သဘောမျိုးနဲ့ ပတ်သက်လာခဲ့တာ ကြာပြီ။ သူတို့မိသားစုကို စီးပွားရေးအခြေ တောင့်တောင့်တင်းတင်းနဲ့ ရှင်းနိုးလုပ်ကိုင်စားနိုင်အောင် နေရောင့်မိဘတွေက ကူညီခဲ့သလို ကျေးဇူးသိတတ်သော မြမိုးညိုတို့ မိဘတွေကလည်း နေရောင်တို့ အတွက်ဆိုလျှင် ဘာမဆို လုပ်ပေးဖို့ အမြဲ အဆင်သင့် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာထော်တော့တာ။ ဒါကြောင့် လူရင်းတွေ၊ အားနာစရာမဟုတ်တဲ့ သူတွေလို့ နေရောင်က သုံးနှုန်းလိုက်တာပါ။

အဲဒီစကားဟာ မြမိုးညို အမြင်မှာ သူမနဲ့ နေရောင့်ကို လူကြီးတွေက ပေးစားဖို့ စီစဉ်ထားကြတာမို့ သူစိမ်းတွေ မဟုတ်ကြဘူးဆိုသည့် သဘောကြီး ဖြစ်သွားတာပဲနေမည်။

မြမိုးညို ရှက်သွားရတာကိုပဲ နေရောင်ကပြန်ပြီး အားနာနေမိသည်။

သူမစိတ်ထဲမှာတော့ ဒီကိစ္စကို နေရောင်က သဘောတူအသိအမှတ်ပြုပြီးသားလို့ ထင်ချင်ထင်နေမည်။ နေရောင့်ဘက်ကတော့ လက်စုံဖို့၊ ငြင်းပယ်ဖို့ဆိုတာ အသေအချာ ပြန်ချိန်ထိုးစဉ်းစားရဦးမည့် ကိစ္စကြီး ဖြစ်နေတာ သူမလေး မသိရှာတာက သနားစရာပင် ကောင်းနေသေးတော့သည်။





ကိုယ့်ရှေ့မှာ ငြိမ်ငြိမ်ပုံ့ပုံ့ကလေး ထိုင်နေသည့် မိန်းကလေးကို မှိုင်းဝေက ပန်းချီဆရာအမြင်နဲ့ ကောက်ကြောင်းဆွဲကြည့်နေမိသည်။

ကောင်မလေး ကြည့်ရတာ နဂိုက ငြိမ်ငြိမ်ကုပ်ကုပ်ကလေးတော့ ဟုတ်ပုံမရ။ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာမို့ ရုပ်မပျက်စေရအောင် မနည်းချုပ်ထိန်း သေဝပ်ပြနေရတာပဲ ဖြစ်မည်။

ပုံစံကလေးကတော့ သူ သဘောကျလေ့မရှိသည့် တလေးဆန်ဆန်၊ ပေါ့ပေါ့တန်တန်ပုံကလေး။ ဆံပင်စတိုင်ကို ကြည့်လေ။ ပခုံးမထောက်တထောက် ပျော့ပျော့ဖြောင်းဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို ကြွက်ကိုက်ထားသလို မညီမညာ လျှောက်ညှပ်ထား လိုက်တာများ။ ပြီးတော့ ရွှေညိုရောင်နဲ့ ခရမ်းရောင်ရောကာ ဆိုး ထားလိုက်သေးသည်။

မေမေဟာ ဒီကလေးမ,ကို ဘာတွေများ သဘောကျ လို့ ချွေးမတော်ချင်လိုက်ရတာမျါလိမ့်။

ကေနက္တတော့ သူမတို့မိသားစုရဲ့ ချမ်းသာကြွယ်ဝမှု ပဲ ဖြစ်ရမည်။

ဒီလိုဆိုတော့ ကိုယ့်ဘက်က မတရားကြီး နိမ့်ကျ ဆင်းရဲနေသလားဆိုတော့ မဟုတ်ပါ။ ဖေဖေ ရှိစဉ်က သစ်လုပ် ငန်းနဲ့ သဘော်လုပ်ငန်းတွေကကို အောင်အောင်မြင်မြင် လုပ်နိုင် ခဲ့ပြီး ဝင်ငွေလည်း ကောင်းခဲ့တာ။ အသည်းကင်ဆာနဲ့ ဖေဖေ ဆုံးကာနီးတော့ အမြော်အမြင်ရှိစွာနဲ့ သူ့လုပ်ငန်းတွေကို ရောင်း ချပြီး အင်းယားလမ်း၊ ရွှေတောင်ကြားနဲ့ ပြည်လမ်းတွေမှာ တိုက်သုံးလုံးဝယ်ကာ နိုင်ငံခြားသားတွေငှားဖို့ စီစဉ်ပေးခဲ့သည်။ အဲဒီတိုက်သုံးလုံးကရသည့် လခတွေနဲ့ ဘဏ်မှာအပ်ထားခဲ့သည့်





ငွေတွေကရသည့်ဘဏ်တိုး ပေါင်းလိုက်လျှင် သားအမိနှစ်ယောက် သုံးစွဲလို့ မကုန်ပါ။

ခက်နေတာက လူ့စိတ်။

ကိုယ်တိုင်က ငွေကြေးပြည့်စုံပြီးသား ဖြစ်သည့်တိုင် သားသမီးလက်ထက်ကျလျှင် ချမ်းသာသည်ထက် ပိုပြီးချမ်းသာစေ စေချင်ကြသည်။ ရွှေ့ရွှေချင်း ထပ်ချင်ကြသည်။ ဒါကြောင့်ပဲ အဆင်မပြေမှုတွေ ဖြစ်ကြ၊ လွဲချော်မှုတွေ၊ ပြဿနာတွေ ဖြစ်ကြ။

ဖွေးဖွေးဖြူ ဆိုသည့် ကောင်မလေးဟာ နာမည်နဲ့ လိုက်အောင် အသားလေး ဖြူဖွေးပြီး ချောမောလှပလွန်းသော မိန်းကလေးတစ်ယောက်ပင်။ အပြင်အဆင်ကလည်း ခေတ်မီရုံ မက ခေတ်ရှေ့ပြေးလွန်းနေကာ လူတွေကြားထဲမှာ ပေါ်လွင်ထင် ရှားလွန်းနေတာတော့ အမှန်။

သို့သော် မှိုင်းဝေကတော့ ပန်းချီဆရာမျက်စိနဲ့ ကောင်မလေးကို လုံးဝ အနုပညာ မမြောက်ဘူးလို့ပဲ ထင်နေမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ခေတ်လွန်ကာ ကလက်လွန်းသော အလှမျိုးဟာ တန်ဖိုးကြီးကြီး ပေးရသာ ဆေးတွေသုံးပြီး ရှားပါးအဖိုးတန်မည့် ပန်းချီဆွဲသော ကင်း[illegible]တ်(စ်)စပေါ် တင်ဖို့လောက် အထိတော့ မထိုက်တန်ဘူးဟု မှိုင်းဝေက ထင်သည်။

"ရှင် ဘာကြည့်နေတာလဲ"

အောင်မယ်လေး ... စွာသဗျ။

ကောင်မလေးက သူ့ကို စိတ်လက်တပျက် ကြည့်နေသော မှိုင်းဝေရဲ့ အကြည့်တွေကိုပဲ ဘာသာပြန်လွဲကာ သူမကို သဘောကျလို့ ကြည့်သည့် အကြည့်လို့ ထင်သွားပုံရသည်။

ဟွန်း ... သူလိုပုံစံမျိုးကိုများဗျာ၊ မှိုင်းဝေက သဘောကျပြီး ကြည့်ရဦးမယ်လို့။ မှိုင်းဝေ ကိုယ်တိုင် သဘောတကျ ရွေးချယ်ထားတဲ့ ရည်းစားကို ခေါ်တောင်ပြလိုက်ချင်သေး။

မှိုင်းဝေက စိတ်ထဲကနေ မဲ့ကာရွဲ့ကာ တွေးနေချိန်မှာ ဖွေးဖွေးဖြူကလည်း "တော်တော်ငမ်းကြောထူတဲ့ လူကြီး"ဆိုပြီး တွေးနေမိတာပင်။





ဒုက္ခပါပဲ။ ဒီလောက် ကြည့်နေပုံထောက်ရင် ဒီလူကြီးဟာ ဖွေးဖွေးကို သဘောကျနေတာပဲ ဖြစ်ရမည်။ အဲဒီလိုဆိုရင် လူကြီးတွေရဲ့ အစီအစဉ်ကို သူက ကျေကျေနပ်နပ်ကြီး လက်ခံတော့မှာပေါ့။

ဖွေးဖွေးဖြူ ကြိုတင်စဉ်းစားထားတာက မှိုင်းဝေဆိုသည့် လူကြီးနဲ့တွေ့လျှင် သူ့သဘောထားကို မေးမည်၊ ကိုယ့်ဘက်က အခြေအနေကို ပြောပြမည်။ ပြီးလျှင် လူကြီးတွေရဲ့ စွတ်တရွတ်နိုင်သော အစီအစဉ်ကို နှစ်ယောက်သား ပူပေါင်းဆန့်ကျင်ကြမည်ရယ်လို့ပေါ့။

ခုပုံအတိုင်းဆို ဒီအစီအစဉ်က ဖြစ်မှ ဖြစ်ပါ့မလား။ ဖြစ်တဲ့အပြင် ကိုယ့်မှာ ရည်းစားရှိနေသည့် အကြောင်း ပြောပြဆိုက်လို့ ဒီလူကြီးက အလိုက်တသိ နောက်ဆုတ်မသွားဘဲ [illegible]လောကီစွကို အတင်းလောဆော်နေမှ ဒုက္ခရောက်မှာ။

မဖြစ်သေးဘူး၊ မဖြစ်သေးဘူး။ ကိုယ့်မှာ ရည်းစားရှိနေသည့်အကြောင်း ဒီလူ့ကို ပြောမပြမှဘဲ ဖြစ်မည်။

www.burmeseclassic.com



"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ် ပြည့်ပြီးပြီ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော့်စိတ်ထဲ ဆယ့်ခုနစ် ဆယ့်ရှစ်လောက်ပဲ ရှိဦးမလားလို့"

အောင်မယ် ... တယ်ချီးကျူးလိုက်ပါလား။ သူဆိုလိုချင်သည့် သဘောက ဖွေးဖွေးဖြူက ရှိရင်းစွဲ အသက်ထက် ပိုနုနယ်သည်ပေါ့။

ဟွန်း ... မုန်းစရာ ကောင်းလိုက်ပုံများ။ သူများကိုချီးကျူးတာတောင် ချီးကျူးတာနဲ့ မတူဘဲ နှိမ်ချသလိုလို ရုပ်တည်ရုပ်ပုပ်ကြီးနဲ့။

ဒီလူကြီးတော့ သတိထားရမည်။

မျက်လုံးလေးတွေ မေးစင်းကာ နှုတ်ခမ်းကတော့ လျှာရဲရဲအပြုံးနဲ့ ရှိနေသည့် ဖွေးဖွေးဖြူကို မှိုင်းဝေကလည်း ခပ်လန့်လန့်ပင်။





ကောင်မလေးပုံစံက တစ်ဖွတ်တိုး တခေါက်ကန်းပုံမျိုးလေး။ သူမဘာသာ ကိုယ့်ကို သဘောကျတာပဲ ဖြစ်ဖြစ် မကျဘူးပဲ ဖြစ်ဖြစ် ကိုယ့်ဘက်က သူမကို သဘောကျတာမျိုးတော့ ဖြစ်ကိုဖြစ်စေချင်နေသည့်ပုံ။

အောင်မယ်လေး။ တကယ်လို့များ ကိုယ့်ဘက်ကသာ ကလန်ကဆန် လုပ်ပြလိုက်မည်ဆိုလျှင် မရွှေချောက စိတ်ရှူးပေါက်ကာ လူကြီးတွေကို အတင်းပဲ စီစဉ်ခိုင်းချင်တောင် ခိုင်းဦးမှာ။

မဖြစ်သေးပါဘူး။ လိုက်လိုက်လျောလျောလေးတော့ နေပေးမှ။ ဒါမှ ကိုယ့်ရဲ့သဘောထားအမှန်ကို သင်းကလေး မဖတ်တတ်မှာ။

"ရှင်ကြီးရော အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ကိုး"

"ဟွန့် ... ဖွေးဖွေးထက် ရှစ်နှစ်တောင် ကြီးတယ်"

ဖွေးဖွေးဖြူက နှာခေါင်းလေးရှုံ့ကာ မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပုံစံကြီးက အဘိုးကြီးအိုပေါက်စပုံ ပေါက်နေတာ။

အဲ ... ဟုတ်သေးပါဘူး။ သူငယ်ချင်းအစ်ကိုတချို့ထဲမှာလည်း အသက်နှစ်ဆယ့်ရှစ် သုံးဆယ်တွေ ရှိကြတာပဲ။ ဦးလေး တစ်ယောက်ဆို သုံးဆယ့်ငါး ရှိပြီ။ ဒါပေမဲ့ ချာတိတ်ကလေးတွေလိုပဲ။ နောက်ဆုံးပေါ် ဒီဇိုင်းတွေဝတ်၊ ဟစ်ဟော့ပ်သီချင်းတွေဆိုကာ နုရွသွက်လက်နေလိုက်ကြတာ။

"မထင်ရဘူးနော်"

အင်း ... ချာတိတ်မတော့ သူ့ကိုပြောတုန်းက တမင်မြှောက်ပြောတာထင်ပြီး ကိုယ့်အလှည့်ကျတော့လည်း ဝတ္တရားကျေ ပြန်မြှောက်တော့မည် ထင်သည်။

ဘယ်လိုစကားမျိုးတွေသုံးကာ မြှောက်ပင့်လာမလဲတော့ မသိ။ အစကတည်းက သူမ ဘာပြောပြော မယုံလိုက်ဖို့ပဲ။

"အနည်းဆုံး သုံးဆယ့်ငါး,ခြောက်လောက် ရှိမယ်လို့ထင်ရတာ"





ဟိုက် ... သေဟ ... သေဟ။

ဒါကိုတော့ မယုံလို့မရ။ သူမဟာ ကိုယ့်ပုံစံကိုကြည့်ပြီး ဘယ်လောက်တောင်များ မျက်စိစပါးမွေး စူးနေသလဲမသိ။ အားမနာ ပါးမနာတောင် ပြောချလိုက်သည်ဆိုတော့ တကယ်ထင်လို့ကို နေမှာ။

ရုပ်ကလေးကိုလည်း ကြည့်ဦး။ မှန်တောတော ဂျစ်တိုက်တိုက်ကလေးနဲ့ လူမှုစည်းကမ်း ဆိုတာလည်း သိပ်သိမည့်ပုံမဟုတ်။

အောင်မယ်လေး။ ကိုယ့်မှာ ရည်းစားရှိမထားရင်တောင် ဒီလိုကောင်မလေးမျိုးတော့ မယူပါရစေနဲ့။ ရှိစုမဲ့စု ဆံပင်မွေးတွေ ပြောင်အောင် နုတ်သွားလို့ သူမ ပြောသည့် သုံးဆယ့်ငါး,ခြောက်ထက် ပိုဆိုးကာ အသက်လေးဆယ့်ငါး,ခြောက်အရွယ်ကို တန်းရောက်သွားနိုင်လို့ပါ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကြောင့် သိပ်စိတ်ညစ်တယ် ...

ဒီလူကိုမှ အရေးပေးနေတယ် ...

အိမ်ကို တစ်နေ့တစ်ခေါက် ...

အကြောင်းမရှိ အကြောင်းရှာ ...

မျက်စိနောက်အောင် လာလာနေတယ် ...

စိတ်နဲ့ ... ကိုယ်နဲ့ ညစ်တယ် ...

သေရင် ကောင်းမယ်"

အောင်မယ်လေးလေးနော်။





ဒီကဖြင့် စိတ်ညစ်လွန်းလို့ သူမဆီက အားတက်စရာ ဘာသတင်းလေးများ ကြားရမလဲလို့ တွေ့ဖို့ချိန်းလိုက်ပါတယ်၊ သင်းက ဆိုင်ကဖွင့်ထားတဲ့ မေခလာလိုက်ဖ်ရှိုးခွေထဲက သီချင်းကိုတောင် လိုက်ဆိုလို့။

"ဟော့"

"ကျွန်မရဲ့ ချစ်သူနဲ့ ... ရှင်နဲ့တော့ တွေ့တော့မှာပဲ"

"ဟော့ ... ဖွေးဖြူ ... မိဖြူ ... ဖြူမ ... ဘာတွေလုပ်နေတာလဲကွာ"

"သီချင်းလိုက်ဆိုနေတာလေ၊ ခုတလော ဖွေးဖွေး ကြုံနေတဲ့ အနေအထားနဲ့ ဒီသီချင်းက ကွက်တိပဲ၊ အဲဒါကြောင့် ဒီသီချင်းကို ခုတလော အရမ်း ကြိုက်နေတာ၊ ခုနေ အက်ဖ်အမ်မှာ ခံစားသူအကြိုက် ပေါ်ပြူလာချိုက်(စ်) အစီအစဉ်မှာ ဝင်ပြောခွင့်ရလိုက်လို့ကတော့ အဲဒီလုံးဝဥသုံသီချင်းကို ထိပ်ဆုံးက ရွေးမှာပဲ"

"ဘာလဲ ... ဟိုလူလား"

www.burmeseclassic.com



"အင်းပေါ့ ... ဘယ်သူရှိရဦးမှာလဲ"

"ဒါမျိုးကွာ ... ပျော်နေရသေးတယ်၊ ကိုယ်သဘောမကျတဲ့ လူတစ်ယောက်ရဲ့ အတင်းလိုက်ကပ်တာကို ခံရရင် စိတ်ပဲညစ်ရမှာ မဟုတ်လား"

"ဟင့်အင်း ... ဖွေးဖွေးကတော့ စိတ်မညစ်ပါဘူး၊ ပျော်တောင် ပျော်သေးတယ်"

"အလို ... ပျော်တယ်ဆိုတော့ ခင်ဗျားလေးက ..."

"ဟိုး ... ဆရာကြီး၊ အထင်မလွဲနဲ့လေ၊ ကိုယ်က သူ့ကို မကြိုက်ပေမဲ့ သူက ကိုယ့်ကိုကြိုက်ပြီး လာမွှေ၊ စိတ်ကူးတွေယဉ်၊ ရယ်စရာကောင်းတဲ့ စကားလုလုတွေ လာပြော၊ လက်ဆောင်တွေပေး၊ ကိုယ့်မှာ ရည်းစားရှိပြီး သူ့ကို ဘယ်လိုအကြောင်းနဲ့မှ ယူစရာအကြောင်း မရှိဘူးဆိုတာ မသိဘဲ သူလုပ်နေတာတွေက ရယ်စရာကြီး ဖြစ်နေတာပေါ့"

"ဒါ ရယ်စရာ မဟုတ်ဘူး"





လသာ့က တော်တော် စိတ်တိုနေပြီ။

ကိုယ့်ချစ်သူလေးဟာ ကလေးဆန်ဆန် ပျော်တတ်သော မိန်းကလေးတစ်ယောက် ဖြစ်တာတော့ မှန်ပါရဲ့။ ဖွေးဖွေးဖြူကို ချစ်ခဲ့မိတာကိုက သူမရဲ့ အပြစ်ကင်းစင်စွာ ချစ်စရာကောင်းမှုကို အမှတ်ပေးမိလို့သာ။

သို့သော် ... ဒီလောက်ကြီး ပေါ့ပေါ့တန်တန် တွေးတတ်တာ၊ အပျော်မလုပ်သင့်သည့် ကိစ္စတစ်ခုကို အပျော်လုပ်ချင်တာတွေကတော့ မကောင်းတော့ဘူး ထင်သည်။

"မိန်းကလေးတစ်ယောက်က ကိုယ့်အိမ်ထောင်ရေးကိစ္စမှာတော့ တည်တည်တံ့တံ့ လေးလေးနက်နက် ရှိသင့်တယ်လို့ ကိုယ်တော့ ထင်တာပဲ"

"ကိုကိုကလည်း ဖွေးဖွေးမှာ သေချာတာရှိပြီးသားပဲ၊ ဘယ်လိုအကြောင်းမျိုးကြောင့်ပဲဖြစ်ဖြစ် တစ်ချိန်ကျရင် ကိုကို့ကိုပဲ ဖွေးဖွေး လက်ထပ်မယ်၊ ဒါဆို ပြီးရောမဟုတ်လား၊ အူကြောင်ကြောင် ယောကျ်ားတစ်ယောက်ကို ရယ်စရာလုပ်ချင်တာကြောင့်တော့ စိတ်မဆိုးသင့်ပါဘူး ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာမှ မလုပ်သင့်တာ၊ သူလည်း ယောက်ျားပဲ၊ သူ့အရည်အချင်းနဲ့သူ၊ သူ့မာနနဲ့သူ ရှိမှာပေါ့၊ ယောက်ျားတစ်ယောက်ကို အကြောင်းမဲ့ အထင်သေး လှောင်ပြောင်ချင်တာမျိုးကတော့ မကောင်းဘူး"

ဖွေးဖွေးဖြူက မျက်နှာလေး မဲ့ခွက်လိန်တွန့်သွားကာ ...

"သူကလည်း ပြိုင်ဘက်ဖြစ်နေတဲ့ သူကိုတောင်မှ အကောင်းပြောပေးနေသေးတယ်၊ ဘာလဲ ... ဖွေးဖွေးကို မလိုချင်တော့လို့ သူ့လက်ထဲ ထိုးထည့်ပေးလိုက်ချင်တာလား"

"မဟုတ်က ဟုတ်ကကွာ၊ ဒီမှာ ဖွေးဖွေးရဲ့၊ သဘောထားပြည့်ဝတဲ့ ယောက်ျားတစ်ယောက်ဟာ ကိုယ့်ရဲ့ပြိုင်ဘက်ကိုတောင်မှ ချီးကျူးသင့် ချီးကျူးမယ်၊ အထင်ကြီးသင့် အထင်ကြီးမယ်၊ လေးစားသင့် လေးစားမှာပဲ၊ ပြိုင်ပွဲမှာ ကိုယ်အနိုင်ရဖို့ ကြိုးစားတာနဲ့ လူတစ်ယောက်ကို ကွယ်ရာမှာ နှိမ်ချစော်ကားတာနဲ့ မတူဘူး"





"သိပ်ကို လူကြီးလူကောင်း ပီသနေတယ်ပေါ့လေ၊ ဟိုက သူ့ရည်းစားကို ယူသွားတော့မှ ဘယ်လိုဖြစ်ပြီး ကျန်ခဲ့မလဲ စောင့်ကြည့်လိုက်ချင်သေးတယ်"

"ဒါမျိုး ဖြစ်မှမဖြစ်နိုင်တာ၊ စောစောကပဲ ဖွေးဖွေး ပြောတယ်မဟုတ်လား၊ ကိုကို့ကိုပဲ ယူမယ်လို့ ဆုံးဖြတ်ပြီးသားဆို၊ ကိုယ့်ချစ်သူကို ကိုယ်က အပြည့်အဝ ယုံကြည်တယ်လေ"

"သွားပါ၊ ပြေရာပြေကြောင်းတွေ လျှောက်ပြောမနေနဲ့၊ ဖွေးဖွေးက ဟိုလူကြီးကို သဘောကျသွားလို့ကတော့ ကောက်ယူပစ်လိုက်မှာ"

"ကောက်ယူပြီးရင် ဘယ်ဘက်ကို ပစ်လိုက်မှာလဲ"

"ဘာလဲ ... ကိုကိုက ဘဝပြောင်းပြီး မိန်းမ,မယူဘဲ ယောက်ျားယူတော့မှာမို့လို့လား၊ ဒါကြောင့် အဲဒီလူကြီးကို ကိုကို့ဘက် ပစ်လိုက်စေချင်တာလား"

လသာက တဟားဟားပဲ ရယ်မောနေမိတော့သည်။

www.burmeseclassic.com



ဒါလား မကြာခင် အိမ်ထောင်ပြုရတော့မည့် မိန်းကလေးတစ်ယောက်ရဲ့ ပုံစံ။

ဖွေးဖွေးဖြူသာ ရုတ်တရက် အိမ်ထောင်ကျသွားလို့ကတော့ ဒီပုံစံနဲ့ အိမ်ထောင်မှု နိုင်နင်းဖို့နေနေသာသာ ယောကျ်ားလုပ်သူကပဲ အောက်ခြေသိမ်း လိုက်လုပ်ပေးရလိမ့်မည် ထင်သည်။

"ဖွေးဖွေးကတော့ ပျော်နိုင်တယ်နော်၊ ကိုကို တစ်ယောက်တည်း ခေါင်းပူနေရတာကိုတော့ သနားမယ် မရှိဘူး"

"သနားစရာ မလိုဘူးလေ၊ ကိုကိုလည်း ခေါင်းပူမခံချင်ရင် မခံနဲ့ပေါ့၊ လူတစ်ယောက်က မီးဖိုကြီး လာပေးထားပြီး ကိုကိုနဲ့ ဖွေးဖွေး တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ဒီမီးဖိုကြီးကို ခေါင်းပေါ်ရွက်ထားရမယ်လို့ ခြိမ်းခြောက်ခိုင်းနေတာမှ မဟုတ်တာ"

သူပြောတော့လည်း ဟုတ်သားပင်။ ပြဿနာတစ်ခုမှာ စိတ်ပူတတ်သူကပူ၊ မပူတတ်သူက နေလို့ရသားပဲ။

"ကိုကို့ဘက်က ကိစ္စက မလွယ်ဘူးကွ"



"ဘာလဲ ... နံ့သာနီ ဆိုတဲ့ မိန်းမက အရမ်းလည်းထက်ပြီး ချောလည်း အရမ်းချောတယ် မဟုတ်လား"

"ဖွေးဖွေးက ဘယ်လိုလုပ် သိနေတာလဲ"

"ဟော ... ဝန်ခံတယ်ပေါ့"

"ဘာကို ဝန်ခံတာလဲ၊ ကိုယ် ဘာမှမပြောသေးဘူးလေ"

"ဟိုအမျိုးသမီးကို ချောတယ် ဆိုတာကို ဘယ်လိုလုပ်သိလဲလို့ ပြန်မေးတော့ သူချောတယ်လို့ လက်ခံတဲ့သဘောပဲပေါ့"

"အမှန်အတိုင်း ဝန်ခံရရင်တော့ တော်တော်ချောတာပဲလေ"

"ဒါဖြင့် ဖွေးဖွေးနဲ့ ဘယ်သူပိုချောလဲ"

"မတူဘူး၊ ဖွေးဖွေးက ချစ်စရာကောင်းတာ၊ ကလေးတစ်ယောက်လို အပြစ်ကင်းတာ၊ သူက ချောပေမဲ့ ဘယ်လိုပြောရမလဲကွာ၊ မာတယ်၊ ထက်မြက်ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်လွန်းအား ကြီးနေတော့ တစ်ခါတလေ ကြောက်စရာတောင် ကောင်းနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးဖြူက ခနိုးခနဲ့ပြုံးကာ ...

"ဟုတ်ရော ဟုတ်ရဲ့လား၊ ကြောက်စရာလို့ တကယ်ရော သဘောထားရဲ့လား"

"ကြောက်စရာလို့သာ မထင်ဘူးဆိုရင် ခေါင်းရှုပ်ခံပြီး လူကြီးတွေ အစီအစဉ်ကို ဆန့်ကျင်နေပါတော့မလား ကွာ"

"အလကား နောက်တာပါ၊ ကိုကို့ သဘောထားကို ဖွေးဖွေးက သိပြီးသား၊ ယုံပြီးသား၊ ဒါကြောင့်လည်း ဘာမှစိတ်မပူတာပေါ့၊ ဒီအရွယ်ကြီးရောက်ပြီး ကိုယ်ပိုင်လုပ်ငန်းကြီးတောင် လုပ်နေတဲ့သူတစ်ယောက်ဟာ မိဘအတင်းပေးစားလို့ မိန်းမယူလိုက်ရတယ် ဆိုတာမျိုးလည်း ရှိမှမရှိနိုင်တာ၊ အလကားနေရင်း စိတ်ပင်ပန်းခံနေရဦးမှာလား"

လသာရဲ့ ချစ်သူကတော့ အဲဒီလိုပါပဲ။ အရာရာကို ယုံကြည်မှု အပြည့်ထားတတ်သလို စိတ်ကိုလည်း အေးအောင် နေတတ်လွန်းသည်။





ဒါဟာ ကလေးဆန်လွန်းတာပဲလား၊ တရားနဲ့အညီမျှတစွာ နှလုံးသွင်းတတ်တာလား။ ပြောတောင် မပြောတတ်တော့ပါဘူး။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"ကိုရောင် ... အောင်မယ်လေး၊ ဘယ်လို ဒီဇိုင်းမျိုးများ လုပ်လာတာလဲ"

"နံ့သာပဲ သူငယ်ချင်းမွေးနေ့ပွဲဆို"

"ကျွတ် ... မွေးနေ့ မဟုတ်ပါဘူး ကိုရောင်ရာ၊ နိုင်ငံခြားက ပြန်လာလို့ ဂုဏ်သားရင်း လုပ်တာပါ"

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ပွဲ,မဟုတ်လား၊ နည်းနည်း သားသားနားနားဖြစ်အောင် ဝတ်လာတာပေါ့"

သားသားနားနား။ အောင်မယ်လေး ... ဒါကိုများ သားသားနားနားတဲ့လား။





ကိုရောင်ဟာ အကြောင်းမသိသူဆိုလျှင် တမင်ရွဲ့ သလား ထင်ရလောက်အောင် လုပ်ပဲလုပ်တတ်ပါပေ့။

ကြည့်ဦး။ ဝတ်လာတာက စတစ်ကော်လာနဲ့ ရှပ်အကျီဖြူဖြူဖွေးဖွေး၊ အပေါ်က နံ့သာရောင် တိုက်ပုံ။ ပြီးတော့ ပိုးတွဲပုဆိုးက နီညိုရောင်။ ကတ္တီပါဖိနပ် နီညိုရောင် အသစ်စက်စက်ကိုပါ စီးထားလိုက်သေး။

အခုသွားမည့်ပွဲဟာ နိုင်ငံခြားက ပြန်လာသော သူငယ်ချင်းလုပ်သည့် ပွဲဆိုတော့ အချိန်ကသာ ညနေငါးနာရီခွဲ ရှိ၊ သဘောကတော့ ဒင်နာလိုသဘောပင်။

သူငယ်ချင်းတွေပဲ ဖိတ်ကြားကာ လုပ်မည့်ဒင်နာဆို ဘတည်းက အားလုံးဟာ ပျံလန်ခေတ်မီအောင် ဝတ်စားလာကြမှာ။

အနည်းဆုံးတော့ အနောက်တိုင်းဝတ်စုံကို သေသေ သပ်သပ်၊ သားသားနားနား ဝတ်ချင်ဝတ်ကြမည်။ သေချာတာ တစ်ခုကတော့ ဘယ်သူမှ ပုဆိုး၊ တိုက်ပုံတွေနဲ့ ဘုရားကိုးဆူ ဆရာကိုက်မျိုးဇမ်းပြီး ဝတ်လာမှာ မဟုတ်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုရောင့်ကို နံ့သာ ပြောတုန်းက ဘုရားကိုးဆူလို့တော့ မှားမပြောမိပါဘူးနော်”

နံ့သာနီက ရွှဲ့ပြောလိုက်တာဖြစ်သော်လည်း နေရောင်ကတော့ တကယ့်အရိုးခံမျက်နှာနှင့် ခေါင်းကိုယမ်းခါကာ ...

“မပြောပါဘူး၊ သူငယ်ချင်းပွဲဆိုတော့ ကိုယ်က နားကြားလွဲသွားပြီး ခွေးနေ့လို့ ထင်လိုက်မိတာ၊ မွေးနေ့ဆိုတော့ လက်ဆောင်ပေးရမယ်လို့တောင် ထင်ပြီး ...”

“အောင်မယ် ... အောင်မယ် ... မွေးနေ့လက်ဆောင်တွေ ဘာတွေတောင် ဝယ်လာသေးတယ်ပေါ့၊ ပြစမ်းပါဦး၊ ဘာဝယ်လာသလဲ”

နေရောင်က ကားရှေ့အံဖုံးလေးထဲက ပစ္စည်းတစ်ခုကို ထုတ်ပေးလိုက်ရင်း ...

“အချိန်မရလို့ ပါကင်တော့ မထုပ်ခဲ့ဘူး၊ ကိုယ်တို့ကရင်းလည်း မရင်းနှီးကြတော့လေ၊ ပါကင်ထုပ်နေရတာ ရှက်စရာလည်း ကောင်းမလားလို့”





စက္ကူအိတ်အညိုနဲ့ ထည့်ထားသော လေးထောင့်ခပ်ရှည်ရှည်၊ မာတောင့်တောင့်ပစ္စည်းကို ထုတ်ယူလိုက်လျှင် နံ့သာနီက တအံ့တသြ ဖြစ်ရပြန်ပါလေရော။

“ဟင် ... စာအုပ်ကြီး”

“ဟုတ်တယ်လေ၊ သူစိမ်းမိန်းမတစ်ယောက်ကိုပေးဖို့ သင့်တော်တာဆိုလို့ စာအုပ်ပဲရှိတာ၊ ကိုယ်က စာရေးဆရာဆိုတော့ စာအုပ်ပေးဖို့ ပိုသင့်တယ်”

“ငြိမ်းချမ်းစွာ ဘဝနေနည်း”

“နံ့သာ သူငယ်ချင်းက နိုင်ငံခြားက ပြန်လာတာဆိုတော့ တရားဓမ္မနဲ့ ပတ်သက်ရင် သိပ်သိမှာ မဟုတ်ဘူးလေ၊ သူ့အတွက် ဒါအလိုအပ်ဆုံး ဖြစ်မှာပဲဆိုပြီး ...”

သေ ... သေ။ ရှင်ဟာ တမင်အရွဲ့တိုက်နေတာ မဟုတ်ဘူးဆိုရင်တော့ ဒီလောက်ညံ့နေပုံနဲ့ ဘယ်လိုလုပ်ပြီးတော့များ လူတော်တိုးမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် အလုပ်အကိုင်က စာရေးဆရာတဲ့။ ဟွန်း … စာရေးသက် ဒီလောက်ကြာလာတာတောင် မအောင်မြင်တာများ ထူးကိုမထူးဆန်းတော့။

"တော်သေးတာပေါ့၊ ကိုယ့်လက်ဆောင်က တခြားပစ္စည်းတစ်ခုခုဆိုရင် မွေးနေ့မဟုတ်တော့ ပေးလို့ရမှာမဟုတ်ဘူး၊ တရားစာအုပ်ကတော့ ဘယ်အချိန်ပေးပေး သင့်တော်တယ်"

အောင်မယ်လေး။ ပေးဦးမယ်တဲ့ရှင် … ပေးဦးမယ်။

နံ့သာနီက စိတ်ထဲကနေ တဖွဖွ ရေရွတ်လို့မဆုံး။

ဒီလူ့ကို ကိုယ့်အသိုင်းအဝိုင်းထဲ ခေါ်သွားလျှင် တော်တော်လေး ကမောက်ကမ ဖြစ်မည်ဆိုတာ နံ့သာနီက သိတော့ သိသားပင်။ ဒါပေမဲ့ ခေါ်မသွားလို့ကလည်း မဖြစ်။

မာမီနဲ့ ဒယ်ဒီက နေရောင့်ကို သူတို့အသိုင်းအဝိုင်းထဲ ဝင်ဆန့်မည့်သူ မဟုတ်ဘူးလို့ ထင်နေကြတာ။ နေရောင်ဟာ နယ်ကလာပြီး ရိုးရိုးအ,အ၊ လူကလည်း ခပ်တုံးတုံး၊ အပြင်အဆင်





ကအစ ရုပ်အင်္ကျီ လည်ကတုံးလက်ရှည်နဲ့ ပုဆိုးကိုသာ မြဲမြဲစွဲစွဲ ဝတ်တတ်သည့် ပုံတုံးကြီးမို့ အမြဲသွက်လက် အရောင်ထွက်နေကြသော သူတို့အသိုင်းအဝိုင်းထဲ တိုးဝင်အသားကျဖို့ မလွယ်လောက်ဘူးဟု အထင်သေးထားကြတာ။

ထိုထင်မြင်ချက်ကို နံ့သာနီက ဖယ်ရှားတွန်းလှန်ပစ်ချင်နေသည်။ နေရောင်ဟာ သူမတို့ အသိုင်းအဝိုင်းမှာ ဝင်ဆန့်နိုင်သူတစ်ယောက် ဖြစ်ကြောင်း ပြချင်သည်။ ဒီထက်ပိုပြီး ခပ်မြင့်မြင့်ကလေး မျှော်လင့်ရမည် ဆိုလျှင်တော့ ကိုယ့်အသိုင်းအဝိုင်းက နေရောင့်ကို အထင်တကြီး ရှိလာကြဖို့ အထိပင်။

အခုတော့ ဘယ်ဟုတ်ပါ့မလဲ။ စကားတစ်ခွန်းမှ ပြောစရာ မလိုဘဲ အဝတ်အစား ကြည့်လိုက်ရုံနဲ့တင် သွားပြီ။

မြန်မာအမျိုးသားဝတ်စုံဟာ သူ့ဘာသာသူတော့ အထင်သေးစရာရှိလို့ မဟုတ်ဘူးပေါ့။ ဥပမာ အလှူမင်္ဂလာဆောင်တို့၊ လူရှေ့ထွက် စင်ပေါ်ရပ်ရသည့် ပွဲလမ်းသဘင်တို့၊ နိုင်ငံအကာနဲ့ ပတ်သက်သည့် ပွဲတို့မှာတော့ မြန်မာဝတ်စုံကို မဖြစ်

www.burmeseclassic.com



မနေ ဝတ်ရမည်။ အဲဒီလို ဝတ်မှလည်း ကျက်သရေရှိကာ တင့်တယ်မည်။ ဒါကို နှံ့သာနီက လက်ခံပါသည်။

ဒါပေမဲ့ အခုလိုပွဲမျိုးကျတော့ သူ့အဝတ်အစားကြီးဟာ အားလုံးအလယ်မှာ ကြောင်တောင်တောင်၊ ပြူးပြူးပြဲပြဲကြီးနဲ့ လျောင်ရယ်စရာ ဖြစ်မနေပေဘူးလား။ အချိန်အခါနဲ့ ကိုက်ညီအောင် မဝတ်တတ် မစားတတ်သလို ဖြစ်မနေပေဘူးလား။

"နှံ့သာ မျက်နှာက မကြည်မလင်နဲ့၊ ဘာဖြစ်နေတာလဲ"

"ဘာမှ မဟုတ်ဘူး"

"နှံ့သာ တစ်ခုခုတော့ ဖြစ်နေတယ်ကွာ၊ အဲဒီလိုဆိုရင် ကိုယ် အနေရအထိုင်ရ ခက်တယ်ကွ၊ ပြောပြစမ်းပါ၊ ဘာဖြစ်သလဲဆိုတာ"

"မဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ကဲ ... ဒါနဲ့ ကားကို ဒဂုံစင်တာဘက် မောင်းစမ်းပါ"

"ဒဂုံစင်တာ ... ညစ်ခံပွဲက ဟိုတယ်နစ်ကိုးမှာ မဟုတ်ဘူးလား"





"ဟုတ်တယ်လေ"

"ဒဂုံစင်တာက ဘာလုပ်ဦးမလို့လဲ၊ ဝယ်စရာရှိလည်း မနက်ဖြန်မှ လာလိုက်ပါတော့လား၊ တော်ကြာ အချိန်နောက်ကျသွားဦးမယ်၊ ဒီအချိန်ဆို ကားတွေကကျပ်တော့ တစ်နေရာက တစ်နေရာရွှေ့ဖို့ အချိန်တော်တော် ပေးရတာ"

"ဒီလောက်ကတော့ သိပါတယ် ကိုရောင်ရယ်၊ နှံ့သာက ကိုရောင့်ထက်တောင် အသွားအလာ များသေးတဲ့ မိန်းမပါ၊ ရှင်ကမှ အိမ်ထဲကုပ်ပြီး စာရေးနေတာနဲ့၊ ဂျာနယ်တိုက်မှာ တစ်နေကုန် ထိုင်နေရတာနဲ့ ရှိသေးတယ်"

"ဒါဆိုလည်း ..."

"မဟုတ်ဘူး ... မဟုတ်ဘူး၊ အခုဟာက မသွားမဖြစ်လို့ ကို သွားရမှာ"

"ဘာဝယ်ဖို့လဲ"

"အမ်ကေကို ဝင်မလို့"

"အမ်ကေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တော်စမ်းပါ၊ အမေးအမြန်း ထူမနေစမ်းနဲ့ မောင်းစရာရှိတာသာ မောင်း"

လေသံက အမိန့်သံကြီး။

ထိုလေသံမျိုးကို နေရောင်က သဘောမကျနိုင်ချေ။ သူမဘာသာ လုပ်ငန်းထဲမှာ ဘယ်လောက်ပဲ အောင်မြင်ကျော်ကြား နေပါစေ၊ ဝင်ငွေ ဘယ်လောက်ပဲ ကောင်းနေပါစေ၊ သူမကမိန်းမ၊ နေရောင်က ယောကျ်ား။ ယောကျ်ားကသာလျှင် ဦးစီးဦးဆောင် ဖြစ်ရမှာ။

မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို လေသံမာမာနဲ့ နိုင်ထက်စီးနင်း ပြောခွင့်ရဖို့တော့ မသင့်ပါဘူး။

ထားပါတော့လေ။ လောလောဆယ်မှာတော့ ဒါတွေ ပြောမနေတာက ပိုကောင်းပါတယ်။

နေရောင်က စိတ်ကိုလျှော့ကာ နံ့သာနီပြောသည့် အတိုင်းပဲ ကားကို မောင်းပို့ပေးလိုက်တော့သည်။

"ဆင်းလေ"





"တော်ပြီ၊ ကိုယ်မဆင်းတော့ဘူး၊ နံ့သာ ဘာသာပဲ မြန်မြန်လေး သွားဝယ်လိုက်တော့"

"အို ... ဘယ်ဖြစ်မလဲ၊ ကိုရောင် လိုက်မှကို ဖြစ်မှာ"

"ဘာလို့လဲ"

"ကိုရောင့် အတွက် ဝတ်စုံတစ်စုံလောက် ဝယ်ပေးမလို့လေ"

နံ့သာနီ့ စကားကို နေရောင်က ရုတ်တရက်ချက်ချင်း နားမလည်လိုက်။

"ဒါများကွာ၊ အေးအေးဆေးဆေးမှ သွားလည်းရသားနဲ့၊ ကိုယ်တို့က ဒီတစ်ရက်ကလေးပဲ တွေ့ကြရမဲ့ လူတွေမှ မဟုတ်တာ"

"ကိုရောင်ဟာလေ ... နားဝေးပြီဆိုရင်တော့ အာကာသယာဉ်စီးပြီး လိုက်သွားသလား ထင်ရလောက်အောင်ကို ဝေးတော့တာပဲ၊ ဝတ်စုံက အခုဝတ်ဖို့ဝယ်မှာ၊ ဒါကြောင့် အချိန်မရတဲ့ကြားက တကူးတက ဝင်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။ အခုဝတ်ဖို့တဲ့။

ကိုယ့်အပေါ် **အထင်သေး**ချင်ကြသော နံ့သာနီတို့ အသိုင်းအဝိုင်းထဲ ဝင်ရမှာမို့ **ရှိသည့်အထဲ**က အကောင်းဆုံးအဝတ်အစားတွေကို ရွေးဝတ်**လာတာကို**များ သင်းကည့်တယ်ထင်သေးသလား။

"ကိုယ့်ဝတ်စုံက ဘာ**ဖြစ်နေလို့**လဲ၊ ဒါတွေလည်း သူ့ဟာနဲ့ သူတော့ တန်ဖိုးအ**ကြီးဆုံး** အကောင်းဆုံးတွေပါ"

"ခက်လိုက်တာ၊ **သူ့ဘာသာ** ဘယ်လောက်ပဲ ကောင်းကောင်းလေ၊ ဒီပွဲနဲ့မှ **အံမဝင်တာ၊ ပွဲ**မှာ ကိုရောင့်လို ပုဆိုးနဲ့တိုက်ပုံ ဝတ်လာတဲ့သူများ **ဘယ်န**ယောက်လောက်ရှိမယ် ထင်လို့လဲ"

"ဘာရယ်"

"ဒါက ဒင်နာပွဲလေ၊ နိုင်ငံခြားက **ပြန်လာတဲ့** သူငယ်ချင်းက လုပ်မှာဆိုတော့ အားလုံးက ပျံလ**န်နေအောင် ဝတ်လာ**ကြမှာ၊ သူတို့လောက် မထွင်နိုင်ဘူးပဲထား၊ ရှပ်အ**ကျီ်နဲ့**





ဘောင်းဘီလောက်တော့ ကြည့်ကောင်းရုံလေး ဝတ်သွားသင့်တာပေါ့၊ အခု ကိုရောင် လုပ်ပုံက သူတို့ကို လှောင်သလို အရွဲ့တိုက်သလိုတောင် ဖြစ်နေမယ်၊ ဘယ်ကောင်းမလဲ"

သူမ ပြောချင်တာတွေကိုချည်း စွတ်စွတ်ပြောနေသော နံ့သာနီကြောင့် နေရောင်က ထောင်းခနဲ**ဒေါသ**ထွက်သွားရသည်။

"ကိုယ်က မြန်မာအမျိုးသားဝတ်စုံကို တင့်တင့်**တယ်တယ်** ပြည့်ပြည့်စုံစုံ ဝတ်သွားတာပဲ၊ အဲဒီလို လုပ်တဲ့**အတွက်** သူများကို လှောင်ရာ ရွဲ့ရာ ရောက်မယ်ဆိုတော့ **သူတို့က** ဘာတွေလဲ၊ မြန်မာပြည်မှာလုပ်တဲ့ မြန်မာစစ်စစ်**တွေပဲ** မဟုတ်လား၊ မြန်မာအစစ်တွေကို မပြောနဲ့ နိုင်ငံခြားသားတစ်ယောက်လုပ်တဲ့ပွဲကို မြန်မာဝတ်စုံနဲ့ သွားရင်တောင် သူတို့အနေနဲ့ ကိုယ့်အမျိုးသားဝတ်စုံကို ဝတ်တာပဲဆိုပြီး တလေးတစားတောင် သဘောထားကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေရောင်က ဒေါသတကြီးနဲ့ စကားရှည်ကြီး ပြောနေပေမဲ့ နံ့သာနီကတော့ မှုစရာလို့တောင် မစဉ်းစား။ ပိုက်ဆံအိတ်ကောက်လွယ်ကာ ကားပေါ်က ဆင်းသည်။ နေရောင် ရှိသည့်ဘက်ကို လှောက်လာကာ တံခါးဆွဲဖွင့်ပြီး ကားသော့ကို ဖြုတ်ယူသည်။ အေးအေးသက်သာ ဆက်တိုက် လှုပ်ရှားသွားသည်မှာ နေရောင် ဆိုတာ လူသားတစ်ယောက်ပါလားလို့တောင်မှ သတိမထားမိတော့သည့်ပုံ။

အဲဒါတွေ မကြိုက်တာပေါ့။ ကိုယ့်ကိုဆို သူမစိတ်တိုင်းကျ သိပ်ပြီးခြယ်လှယ်ချင်သည်။

ဒါဟာ ချစ်လွန်းလို့ပါလို့ အကြောင်းပြချက် ပေးနိုင်သော်လည်း သူမရဲ့ အနိုင်ယူချင်စိတ်၊ တစ်ကိုယ်ကောင်းစိတ်၊ တစ်ဖက်သားဆန္ဒကို ထည့်မတွေးတတ်သော အတ္တစိတ်တွေကတော့ ဦးဆောင်ဦးရွက် ပြုနေတာပင်။

မလိုက်ဘူးလို့ ငြင်းပြန်လျှင်လည်း နေရာမှာတင် ပေါက်ကွဲမှုက ကြီးကျယ်သွားတော့မှာမို့ နေရောင်က စိတ်ကို လျှော့ကာ ကားပေါ်က ဆင်းလိုက်ရပါသည်။



နေရောင် ကားပေါ်က ဆင်းလိုက်တာနဲ့ နံ့သာနီက စိတ်ချလက်ချ ရှိသွားသည့်အလား နောက်ကိုလုံးဝလှည့်မကြည့်တော့ဘဲ အမ်ကေဆိုင်ထဲကိုသာ ရှေ့ကနေ တတောက်တောက် ဝင်ချသွားသည်။

ဆိုင်ထဲမှာ တံဆိပ်အမျိုးစုံနဲ့ အမျိုးသားအဝတ်အစား ကောင်တာတွေ တစ်ခုပြီးတစ်ခု လိုက်ကြည့်ပြီးလျှင် ဟယ်ဇတ်(ဒ်) အမျိုးအစား ဝတ်စုံတွေရောင်းသည့် ကောင်တာရှေ့ရောက်တော့ အစိမ်းနုနုအရောင် အသားပျော့ပျော့ပြောင်ပြောင် ရှပ်တစ်ထည်ကို ဆွဲယူလိုက်ကာ ...

"ဒါလေး မဆိုးဘူး၊ သူ့အရွယ်ဆိုရင် ဘယ်ဆိုဒ်ဝတ်ရမလဲဟင်"

အရောင်းဝန်ထမ်း မိန်းကလေးကတော့ မြန်မာဝတ်စုံ တောက်တောက်ပြောင်ပြောင်ကို ဝတ်ထားပြီးမှ ရှပ်အင်္ကျီဘောင်းဘီ အကောင်းစားတွေ လာကြည့်နေသော နေရောင့်ကို ကြည့်ကာ ရယ်ချင်သည့် မျက်နှာလေး ဖြစ်နေသည်။

www.burmeseclassic.com



"ဒီအစ်ကိုက သိပ်မဝပေမဲ့ ပခုံးကျယ်တော့ လှချိဆိုက်ဖ်လောက်မှ ရမယ်"

"ရှိတယ် မဟုတ်လားဟင်၊ ဒီပုံစံ ဒီအရောင်ပဲ"

"ရှိပါတယ် မမ၊ ခဏလေးနော်၊ ကျွန်မ သွားရှာလိုက်မယ်"

ကောင်မလေးအင်္ကျီတွေ ရှာနေတုန်းမှာ ဘယ်လိုမှ မနေနိုင်တော့သော နေရောင်က ...

"အင်္ကျီက အသားပျော့ပြီး ပြောင်လွန်းနေတယ်ကွာ၊ ကော်လာကလည်း ကြည့်ဦး"

"ကော်လာ ဘာဖြစ်လဲ၊ ကိုရောင် ဝတ်နေကျ လည်ကတုံးပဲ မဟုတ်ဘူးလား"

"လည်ကတုံး ဟုတ်ပေမဲ့ လည်ပင်းရှေ့မှာ စိရုံမဟုတ်ဘဲ တစ်ဖက်ကို သွားပတ်နေသေးတယ်လေ၊ လည်ပင်းကြယ်သီးဖြုတ်ဝတ်လို့ မရမဲ့ပုံမျိုးနဲ့၊ နောက်ပြီး ကြယ်သီးအောက်မှာလည်း ကြည့်ဦး၊ ကွင်းတစ်ခုထဲ အဖတ်လျှိုထားတဲ့ပုံက ဆန်းမနေဘူးလားကွာ"





"ဘာမှ မဆန်းဘူး၊ ယောက်ျားရှပ်အင်္ကျီ တစ်ထည်များ ဘာတွေ အဆန်းထွင်လို့ ရမှာလဲ"

"မယူချင်ဘူးကွာ၊ တခြားဟာရှာ"

"တခြားပုံတွေက ရိုးတယ်၊ ဒါပဲ ကြိုက်တာကို"

"ကိုယ်ဝတ်ရမဲ့အင်္ကျီ ကိုယ်ကြိုက်ဖို့တော့ လိုသေးတာပေါ့"

"ပြောတဲ့အထဲမှာကိုက ရှင်းနေပြီ၊ ကိုရောင်က ဝတ်ထားမှာဆိုတော့ မြင်မှ မမြင်ရတာ၊ မြင်ရတဲ့လူ ကြိုက်ဖို့က ပိုအရေးကြီးတယ်"

ကြိုက်ပဲ ကြိုက်တတ်ပါရဲ့။ ကိုယ့်အကြိုက်နဲ့ ဒီလောက်ဆန့်ကျင်နေတာကြီးကို။

ငါဟာ ဘာဖြစ်လို့များ ဒီမိန်းမကို ...။

မွှေးကောင်းသည့် အတွေးမှန်း သိရဲ့သားနဲ့ အာရုံထဲ ဖျတ်ခနဲ ရောက်လာရသေးသည်။ ကိုယ့်အတွက် အဝတ်အစားဆို ဂရုတစိုက် ဝယ်ခြမ်းပေးနေသည့် ချစ်သူအပေါ် ဒီလိုမျိုးအတွေးဝင်မိတာဟာ ဘယ်လောက်တောင် ဆိုးဝါးလိုက်သည့် ပြစ်မှုလဲ။



www.burmeseclassic.com

www.burmeseclassic.com



နေရောင့်ရဲ့ အတွေးကို မသိရှာသော နံ့သာနီက တော့ ...

"ဘောင်းဘီရော၊ ဒီအကျႌနဲ့ လိုက်မဲ့အရောင်ထဲက ဘာများ ရှိမလဲ"

"အကျႌက အရောင်လေးနုတော့ ဘာနဲ့မဆို လိုက်ပါတယ် မမရဲ့"

"အစိမ်းပုပ်ဆို လိုက်မလား မသိဘူး၊ အဲ ... ဒီခရင်(မ်) ရောင်လေးကလည်း လှတာပဲ၊ ပိုပြီးလွင်တာပေါ့နော်"

သေပြီ ... သေပြီ။

ရှပ်အကျႌမို့ မနည်းသည်းခံနေရရာက တိုးတက်လာကာ ဘောင်းဘီအထိ ရောက်လာပြီ။

နေရောင်က ဘောင်းဘီကို ဆယ်ကျော်သက်အရွယ် လောက်တုန်းကပဲ ဝတ်ဖူးကာ နောက်ပိုင်းကျတော့ ပုဆိုးပဲဝတ် ဖြစ်တော့တာ။ ပုဆိုးက ပိုပြီးဝတ်လို့ကောင်းသည် ထင်တာရော၊ စာရေးဆရာတစ်ယောက်ဟာ ပုဆိုးနဲ့မှ ကြည့်ကောင်းတင့်တယ်





သည်လို့ ထင်တာကြောင့်ရော ဘောင်းဘီကို အလျှဉ်းစွန့်ပယ် ထားခဲ့တာ ကြာပြီ။

စိတ်အားထက်သန်နေသော နံ့သာနီကိုလည်း ဒီ အတိုင်း ငြင်းပယ်လို့ ရနိုင်စရာလမ်း မမြင်ပေရာ ...

"ဘောင်းဘီတော့ နေပစေတော့လေ၊ ရှပ်အကျႌနဲ့ ပုဆိုးဆို လည်း ကောင်းတာပါပဲ၊ တော်ကြာ ..."

နေရောင်က ကိုယ့်ခြေထောက်ကိုယ် ငုံ့ကြည့်လိုက် တော့မှ နံ့သာနီက သတိရသွားကာ ...

"အဲ ... ဟုတ်သားတော့၊ ဖိနပ်လည်း ဝယ်ရဦးမယ်၊ လုပ်, လုပ် မြန်မြန်လုပ်၊ အစိမ်းပုပ်နဲ့ ခရင်မ်ရောင်ထဲက ကြိုက် တာရွေး၊ နေဦး ... အနက်ဆိုရင် ပိုကောင်းမလား၊ သူက ဘာနဲ့ဖြစ်ဖြစ် တွဲလို့ရတယ်"

ပုံစံကြည့်ရတာတော့ နေရောင် ဘာပြောပြော နား ထောင်တော့မည့်ပုံ မဟုတ်ချေ။ သူမစိတ်တိုင်းကျ လုပ်ချင်ရာကို သာ ဇွတ်လုပ်တော့မည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီရဲ့ စိတ်အားထက်သန်နေမှုကို ခုနေ သွားပြီး တားဆီးငြင်းပယ်လိုက်လျှင် အရှိန်ပြင်းပြင်း စီးဆင်းနေသည့်ရေကို ဝါးလုံးနဲ့ တားလိုက်သလို အကျိုးမရှိဘဲ ဝါးလုံးသာလျှင် ဖြောင်းခနဲ ကျိုးမည်။

ကဲ ... ဒီတော့ ကျွန်တော်မျိုး ဘာများတတ်နိုင်ပါဦးတော့မည်နည်း။

✣ ✣ ✣





"ခုတလော ကိုမှိုင်း ပန်းချီကားတွေက အရောင်မှိုင်းမှိုင်းနဲ့ ဓေးပျစ်ပျစ် ဖြစ်လာသလိုပဲနော်"

မှိုင်းဝေ နောက်ဆုံးဆွဲထားသည့် "အထီးကျန်မြစ်တစ်စင်း" ဆိုသည့် ပန်းချီကားကိုကြည့်ပြီး မြမိုးညိုက ဝေဖန်လိုက်တာပင်။

"ဟုတ်တယ် ... ပန်းချီကားဆိုတာ ဆွဲကဲ့ပန်းချီဆရာရဲ့ စိတ်ရောင်ပြန်ပဲလေ၊ ခုတလော ကိုယ်မှ စိတ်မကြည်တာ"

ဘာကြောင့်လဲလို့ မြမိုးညိုက ပြန်မေးမနေတော့ပါ။ အခုတလော သူတို့နှစ်ယောက်ကြားထဲ ဝင်မွှေနေသည့် ပြဿနာ ဩဟ်ဆိုးကို သူမကိုယ်တိုင်လည်း အသိပဲ။

www.burmeseclassic.com



“မြ့လည်း စိတ်ညစ်နေတာပါပဲ ကိုမှိုင်းရယ်”

“မြ စိတ်ညစ်ရတာက နည်းနည်းပါ၊ ကိုယ်ကသာ”

တော်ပါပြီလေ။ မပြောတော့တာပဲ ကောင်းပါတယ်။ တကယ်လို့ မတတ်သာစွာ လမ်းခွဲကြရပြီ ဆိုလျှင်တောင် တစ်ယောက်နဲ့ တစ်ယောက် ချစ်နေတုန်း၊ သံယောဇဉ် တွယ်နေတုန်းကလေးမှာပဲ လမ်းခွဲချင်ပါရဲ့။

မြမိုးညိုဟာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျလျှင် ဘယ်လိုဆုံးဖြတ်ချက်မျိုး ချမည့်သူလဲဆိုတာ မှိုင်းဝေက ခပ်ရေးရေးတော့ သိနေပြီ။

မိဘတွေအပေါ် ချစ်ခင်ကြောက်ရွံ့လှသည့် သမီးလိမ္မာလေးဟာ ဘဝအတွက် အရေးအကြီးဆုံး အိမ်ထောင်ရေးကိစ္စကြီးမှာ ဘယ်လိုအကြောင်းနဲ့မှ ကိုယ့်သဘောနဲ့ကိုယ် လုပ်သွားမှာ မဟုတ်တာ သေချာလေသည်။

မြမိုးညိုရယ်၊ သူ့မိဘတွေရယ်၊ မှိုင်းဝေရယ် သုံးပွင့်ဆိုင် ပြဿနာမှာ နောက်ဆုံး ကြေကွဲနာကျင် ခံစားကျန်ခဲ့ရမည့်သူဟာ သူပဲ ဖြစ်ရလိမ့်မည်ဆိုတာ မှိုင်းဝေက သိနေပြီ။





“ကိုမှိုင်း ကောင်မလေးနဲ့ တွေ့ပြီးပြီလား”

“ကိုယ့်ကောင်မလေး ... ဟုတ်လား၊ မြ့ဘယ်လိုပြောလိုက်တာလဲ”

သူမဘာသာ မိဘစကားကို မလွန်ဆန်နိုင်လို့ ချစ်သူကို စွန့်လွှတ်သွားတယ်ဆိုလည်း မှိုင်းဝေက အလိုက်သိစွာ နားလည်ပေးမှာပါ။ ဒါပေမဲ့ ပြဿနာဟာ ကိုယ့်ကြောင့်ပဲ ဖြစ်ရသလိုလိုနဲ့ ကိုယ့်ဘက် ပြန်လှည့်လာတာကိုတော့ ဘယ်လိုနည်းနဲ့မှ သည်းမခံနိုင်ချေ။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားရကာ စကားသံကပါ မာဆတ်ဆတ် ဖြစ်သွားရသည်။

ရိုးသားပေမဲ့ ပါးနပ်သော မြမိုးညိုကလည်း မှိုင်းဝေရဲ့ ခံစားချက် အပြောင်းအလဲကို ချက်ချင်း အကဲဖမ်းလိုက်နိုင်ပါသည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ မြ့ဆိုလိုတာက ကိုမှိုင်း သွားတွေ့ရမဲ့ ကောင်မလေးကို ပြောတာပါ၊ လွယ်အောင်လို့ စကားကို အတိုချုပ် ပြောလိုက်မိတာ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းကလေးကို လက်ထပ်ဖို့ ကိုယ် ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးဘူးနော် မြ"

"သိပါတယ်၊ ကိုမှိုင်း ဘက်က ပြတ်သားတယ်ဆိုတာ မြ သိတယ်၊ မပြတ်သားနိုင်တာက မြပါ၊ မြမှာပဲ အပြစ်ရှိတာ"

မြမိုးညိုက အသံလေးတုန်ကာ မျက်ရည်လေးတွေ ဝဲတက်လာပြီ။

ဝမ်းနည်းလွယ်၊ စိတ်ထိခိုက်လွယ်တတ်သော မြမိုးညိုကို ကိုယ့်ကြောင့်တော့ဖြင့် ပြင်းပြင်းထန်ထန် ထိခိုက်နာကျင်ရတာမျိုး မဖြစ်စေချင်ပါ။

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ ကိုယ်လည်း စိတ်တွေရှုပ်ထွေးပြီး ထိလွယ် ရှလွယ် ဖြစ်နေမိတယ်၊ မြကို စိတ်ဆိုးလို့ ပြောလိုက်တာတော့ မဟုတ်ပါဘူး"

"မြ သိပါတယ်"

"အဲဒီကောင်မလေးနဲ့ ကိုယ် တွေ့လိုက်ပြီးပြီ"





"တော်တော်ချောလားဟင်"

အင်း ... မြမိုးညိုဟာလည်း စိတ်ဓာတ် ဘယ်လောက်ပဲ ရင့်ကျက်တည်ငြိမ်ပါသည်ဆိုဆို မိန်းမသဘာဝကလေးကတော့ ရှိနေတာပါလား။ လူတစ်ယောက်ရဲ့ သဘောကျစရာ အရည်အချင်းတွေကို တန်းစီလိုက်လျှင် "ရုပ်ရည်ချောမောမှု"ဆိုတာကို ထိပ်ဆုံးက ထားချင်တတ်သေးတာပဲ။

"ချောတော့ ချောတယ်၊ အင်း ... ချောတယ်ဆိုတာထက် ချစ်စရာကောင်းတယ် ပြောရင် ပိုမှန်မယ်၊ ဒါပေမဲ့ သိပ်ကလေးဆန်လွန်းအား ကြီးတယ်ကွာ၊ အသက်က နှစ်ဆယ့်တစ်နှစ်တဲ့၊ ဒါပေမဲ့ ပုံစံက ဆယ့်ခုနစ် ဆယ့်ရှစ်လောက်ပဲထင်ရတယ်၊ စကားပြောပုံ တွေးခေါ်ပုံတွေက အားလုံးပေါ့ပေါ့တန်တန်တွေချည်းပဲ"

"အသက်က တော်တော်ငယ်သေးတာပဲနော်၊ ဒီအရွယ်ကိုများ သူ့မိဘက ဘာလို့ အိမ်ထောင်ချပေးချင်ရတာလဲ"

www.burmeseclassic.com



မသိဘူး၊ ရှေးရိုးဆန်တဲ့ မြ့မိဘတွေတောင် မြ့အသက်နှစ်ဆယ့်သုံးနှစ်ရောက်မှ အိမ်ထောင်ပြုသင့်ပြီလို့ ဆုံးဖြတ်ကြတာ"

"ဆိုးလွန်းလို့ သူတို့ မထိန်းနိုင်ကြတော့လို့ ဖြစ်မှာပေါ့ကွာ၊ ဒါမှမဟုတ် မိဘသဘောမတူနိုင်လောက်တဲ့ ဘယ်လို ကလေကချေ ကောင်မျိုးနဲ့များ ကြိုက်နေသလဲမှ မသိတာ"

"ကိုမှိုင်းကလည်းလေ၊ သူတို့သမီးကို သင့်တော်တဲ့သူတွေ့တုန်း စိတ်ချရအောင် အမြန်စီစဉ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါကတော့ သက်သက် ကပ်မြှောက်တာပဲ"

"တကယ်ပြောနေတာပါ၊ ကိုမှိုင်းက အဘက်ဘက်က ဒီလောက်ပြည့်စုံနေတာ၊ ဘယ်သမီးရှင်ကများ သဘောမကျဘဲ နေမှာလဲ"





သဘောမကျတဲ့ သမီးရှင်လည်း ရှိပါသေးတယ်လို့ ခပ်ရွဲ့ရွဲ့ ပြန်ပြောဖို့ စိတ်ကူးပြီးမှ မှိုင်းဝေက လက်လျှော့လိုက်သည်။ မြမိုးညိုကို စိတ်မကောင်း ဖြစ်ရအောင် မလုပ်တော့ပါဘူးလေ။

✥ ✥ ✥



www.burmeseclassic.com

www.burmeseclassic.com



*

စိတ်ရှုပ်ဖို့တော့ ကောင်းလှတာ အမှန်ပဲ။

အနုပညာဆိုတာကို နကန်းတစ်လုံးမှ နားမလည်ရသည့်ကြားထဲ စာပေတို့၊ ရုပ်ရှင်တို့၊ သီချင်းတို့ဆိုလျှင်မှ စိတ်ဝင်စားဖို့ ကောင်းချင် ကောင်းဦးမည်။ ပန်းချီဆိုတာကြီးကတော့ နားမလည်ချင်စရာလည်း ကောင်း၊ ပျင်းစရာလည်း ကောင်း။

ဒါများ ဦးမှိုင်းဝေ ဆိုသည့် လူကြီးက ပန်းချီဆရာ လုပ်နေသေးသည်။

ပိုဆိုးတာကတော့ ပန်းချီကို လုံးဝစိတ်မဝင်စားသည့်အပြင် စိတ်ပါကုန်ချင်သေးသော ဖွေးဖွေးဖြူလို လူမျိုးကိုမှ မိဘတွေက ပန်းချီဆရာနဲ့ ပေးစားချင်ကြတာပင်။





ဘာလုပ်မှာလဲ။ သူ ပန်းချီဆွဲသည့် နေရာမှာ ကိုယ်က မော်ဒယ်(လ်)လည်း ထိုင်မပေးနိုင်၊ ကြည်ကြည်နူးနူးနဲ့လည်း အနားက စောင့်ကြည့်မနေနိုင်၊ သူ့ပန်းချီကားတွေကိုဆို ဝေဖန်ပေးနိုင်ဖို့ဝေးစွ ကြည့်ချင်စိတ်ပင် မရှိ။ ဒီလိုမိန်းမမျိုးကိုသာ ယူရလျှင် ပန်းချီပညာကို ခံမင်စွဲလမ်းလွန်းလှပါသည်ဆိုတဲ့ လူကြီးလည်း စိတ်ညစ်ရမည်။ ဖွေးဖွေးဖြူလည်း ပျော်နိုင်မှာမဟုတ်။

ပန်းချီကားတွေကို စိတ်ပျက်လှပါသည်လို့ တဖွဖွပြောနေတော့ အိမ်ကလူကြီးတွေက ဘယ်လို အမိန့်ချမှတ်လိုက်သည် ထင်ပါသလဲ။

စိတ်ဝင်စားလာအောင် မှိုင်းဝေရဲ့ ပန်းချီပြခန်းကို သွားကြည့်ရမည်တဲ့။

မှိုင်းဝေက တစ်ကိုယ်တော် ပန်းချီပြပွဲဖွင့်သည်။ နာမည်က ဘာတဲ့၊ မှတ်တိုင်ဆိုလား ကားဂိတ်ဆိုလား။

သူ့ဘာသာ မှတ်တိုင်မကလို့ ဓာတ်တိုင်ဆိုလည်း ဖွေးဖွေးဖြူကဖြင့် စိတ်မဝင်စားပေါင်။

ဒါကို အတင်းပဲ သွားကြည့်နိုင်းကာ အောင်မယ်...ကားနဲ့လာကြိုဖို့တောင် စီစဉ်လိုက်ကြသတဲ့။

ကြည့်ရတာ ဒီအစီအစဉ်ဟာ မေမေ့ အစီအစဉ်မှ ဟုတ်ရဲ့လား။ ဖွေးဖွေးဖြူနဲ့တွေ့ရအောင် အကြံအဖန် လုပ်ချင်သည့် ဟိုလူကြီးရဲ့ အစီအစဉ်များလား။

ဘာပဲဖြစ်ဖြစ် လူကြီးတွေက အတင်းခိုင်းတော့လည်း ငြင်းပယ်လို့ မရပြန်ပါ။

ကိုယ့်ဘက်က အကြံအစည် ကြီးကြီးမားမား တစ်ခု ရှိနေသည်လေ။ ထိုအကြံအစည်ကြီး မအောင်မြင်ခင်မှာတော့ လူကြီးတွေ မရိပ်မိအောင် ပိပိပြားပြားလေးနေရမည်။ ဒါမှသံသယ ကင်းကြမှာ။

ဖွေးဖွေးဖြူက စိတ်ကို တစ်ဆိုးဆွဲဆန့်ကာ ပန်းချီပြပွဲသို့ လိုက်လာခဲ့ရပါသည်။

စိတ်ကို ဆွဲဆန့်ထားသည် ဆိုပေမဲ့ ကလန်ကဆန် လုပ်ချင်သော အကျင့်ကလေးကတော့ ရှိနေသေးပေရာ အဝတ်





အစားကိုတော့ ပန်းချီဆရာကြီး မျက်စိနောက်စရာတွေ ရွေးဝတ်ခဲ့သည်။

အကယ်၍များ ပန်းချီဆရာကြီးဟာ ဖွေးဖွေးဖြူကို သူ့ရဲ့ဇနီးလောင်းအဖြစ် သူ့ပန်းချီဆရာ အသိုင်းအဝိုင်းကြားမှာ ချပြချင်သည် ဆိုလျှင်တော့ သေလောက်အောင်သာ စိတ်ညစ်ပေတော့။

ထင်သည့်အတိုင်းပါပဲ။ ဖွေးဖွေးဖြူကို လာကြိုသည့် မှိုင်းဝေရဲ့ မျက်နှာဟာ တော်တော်လေးကို ပျက်ယွင်းသွားပါသည်။

ရှပ်အင်္ကျီအဖြူလက်ရှည်၊ ပိုးတွဲပုဆိုးနက်ပြာကွက်စိပ်နှင့် မြန်မာဆန်ဆန်၊ သေသေသပ်သပ် ဝတ်ဆင်လာခဲ့သော မှိုင်းဝေ ပုံစံနှင့် ခေတ်ဆန်ဆန် ဝတ်စားပြင်ဆင်ထားသော ဖွေးဖွေးဖြူရဲ့ လှုငယ်ပုံစံဟာ ဘယ်လိုမှ တွဲစပ်လို့ မရနိုင်ဘူးလေ။

ခက်နေတာက ပန်းချီပြပွဲ လာကြည့်သည် ဆိုတာ ဘုရားသွားသလို၊ အလှူအတန်း သွားသလိုမျိုး ဘယ်လိုဝတ်

www.burmeseclassic.com



အစား ဝတ်သင့်သည်လို့ ပုံမှန်သတ်မှတ်ထားချက် မရှိတာမို့ ဒီ ပုံစံမျိုးနဲ့ မဖြစ်သင့်ပါဘူးလို့ တားဆီးဖို့ကလည်း မဖြစ်နိုင်။

"ဖွေးဖွေး ... အဆင်သင့် ဖြစ်နေပြီလား"

မှိုင်းဝေ ပြောနိုင်သမျှမှာ ဒီလောက်သာ။

မှိုင်းဝေစိတ်ထဲ နိုးလိုးနလုနဲ့ အသည်းတယားယား ဖြစ်နေတာကို ဖွေးဖွေးဖြူကလည်း သဘောပေါက်ကာ ရယ်ချင်နေသည်။ မျက်နှာကို မနည်းတည်ထားရတာ။

"ဟုတ်ကဲ့ ... ဘယ်လိုလဲ၊ ဖွေးဖွေး ဒီဖိုင်းက လှတယ် မဟုတ်လား"

"အင်း"

"လှရမယ်လေ၊ ဒါ မနည်းထွင်ထားရတာ၊ ဒီကြိုးတွေကို ပေါ့သေးသေးမမှတ်နဲ့၊ ဒယ်ဒီနဲ့ စင်ကာပူလိုက်သွားတုန်း က ဖန်စီပစ္စည်းတွေ ရောင်းတဲ့နေရာမှာ နာမည်အကြီးဆုံး ကုန်တိုက်ကြီးကနေ နောက်ဆုံးပေါ်ဒီဖိုင်းကို ရှာဝယ်လာ ရတာ၊ ဈေးကြီးလွန်းလို့ မာမီတောင် ရင်ဘတ်ဖိနေရတာ"





နိုင်ငံခြားက တိုက်ရိုက်ဝယ်လာတဲ့ နောက်ဆုံးပေါ် တန်ဖိုးကြီး ပစ္စည်းတဲ့။ မှိုင်းဝေ အမြင်မှာတော့ ပရိတ်ကြိုးလို အပ်ချည်ကြိုးသာသာမှာ ပုတီးလုံးတွေ၊ ကြွေစေ့တွေ သီထားတာ မျှသာ။

ဒါမျိုးတွေများ ကျိုက်ထီးရိုးမှာ သွားဝယ်တာကမှ ပိုလှ၊ ပိုကောင်းတာ ရဦးမည်။

ကောင်မလေး ပုံစံကတော့ သူမ ဒီဖိုင်းကို သဘော အကျကြီးကျ၊ ဂုဏ်အယူကြီး ယူနေသည့်ပုံပင်။

မှိုင်းဝေမှာသာ ကိုယ့်အပေါင်းအသင်း၊ အသိုင်း အဝိုင်းထဲ သူမကို ဘယ်လိုများ ခေါ်သွားရပါ့မလဲလို့ တွေးကာ စိတ်ပူနေရသည်။

တမင်တကာများ ပညာပြနေတာလားလို့တောင် တွေးကြည့်ချင်စရာ ကောင်းနေပြီ။

မဟုတ်ပါဘူးလို့လည်း မပြောနိုင်။ ကလေးမ,ကြည့် ရတာ ညစ်ကျယ်ကျယ်၊ ဂျစ်ကန်ကန်၊ ကိုယ်လုပ်ချင်ရာလုပ်ပြီး သူများဒုက္ခရောက်လျှင် ဝမ်းသာအားရ ဖြစ်နေမဲ့ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါဆိုလည်း သွားကြတာပေါ့"

မှိုင်းဝေက စိတ်ပျက်ပျက်နဲ့ပဲ သူမကို ခေါ်လာရတော့သည်။

"ပန်းချီကို စိတ်ဝင်စားလား"

"လုံးဝစိတ်မဝင်စားဘူး"

အောင်မယ်လေး။ ပျစ်ပျစ်နှစ်နှစ် ရှိလှချည်ရဲ့ခင်ဗျ။ စိတ်ဝင်စားလား ဆိုရင် အားနာပါးနာနဲ့ အနည်းအကျဉ်းတော့ စိတ်ဝင်စားသယောင် ဖြေသင့်တာ။ ဒါမှမဟုတ်လည်း သိပ်တော့ နားမလည်ဘူး၊ တစ်ခါမှတော့ မလေ့လာဖူးဘူး စသည်ဖြင့် နားထောင်ကောင်းအောင်တော့ ပြောလိုက်သင့်သည်။

အခုတော့ မရွှေချောက "လုံးဝစိတ်မဝင်စားဘူး" တဲ့။ ပြောတာတောင် တော်ရုံတန်ရုံ ပေါ့ပေါ့ပါးပါး မဟုတ်ဘူးနော်။ "လုံးဝ"ဆိုသည့် စကားလုံးနှစ်လုံးကို ပြောရာမှာ အသံကို အားမာန်အပြည့် ထည့်သွင်းပြီး အားရပါးရ တနင့်တပိုးကို ပြောချလိုက်တာ။





သဘောကတော့ သူမဟာ ကိုယ့်ဝါသနာကို လုံးဝမထောက်ခံ၊ လုံးဝအားပေးကူညီမည့်သူ မဟုတ်ဘူးဆိုသည့် သဘောပင်။

မြမိုးညိုနဲ့ ပန်းချီပညာရပ်အကြောင်း၊ အရောင်တွေအကြောင်း၊ သဘာဝအလှအပတွေကို စုတ်ချက်နဲ့ ပေါ်လွင်အောင် သရုပ်ဖော်ခြင်းအကြောင်း တမေ့တမော ဆွေးနွေးနိုင်ခဲ့သည့်အချိန်တွေကို ပြန်တမ်းတမိပါရဲ့။

မှိုင်းဝေက ပန်းချီကားတစ်ချပ် ဆွဲနေပြီဆိုလျှင် စကားလည်းမပြော၊ လှုပ်ရှားမှု တစ်စုံတစ်ရာမှလည်း မလုပ်ဘဲ ငြိမ်ငြိမ်ဆိမ်ဆိမ် စိတ်ရှည်လက်ရှည် ထိုင်စောင့်နေတတ်သော၊ မှိုင်းဝေရဲ့ ပန်းချီကားတွေနဲ့ ပတ်သက်ပြီး ချက်ကျလက်ကျ ထိထိရောက်ရောက် ဝေဖန်အကြံပေးတတ်သော၊ ကမ္ဘာကျော်ပန်းချီဆရာကြီးတွေနဲ့ သူတို့ရဲ့ နာမည်ကျော်လက်ရာ ပန်းချီကားတွေ အကြောင်း ပြောပြလျှင် တမေ့တမော စိတ်ရှည် လက်ရှည် နားထောင်တတ်သော မြမိုးညိုရဲ့ နေရာမှာတော့ ဘယ်သူ့ကိုမှ အစားထိုးနိုင်တော့မှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမှိုင်းဝေ ... ကား ... ကား ... ရှေ့မှာ"

ကိုယ့်အတွေးနဲ့ကိုယ်မို့ ဘယ်လောက်တောင် အငေး လွန်သွားမိသလဲ မသိ။ ဖွေးဖွေးဖြူရဲ့ စူးစူးဝါးဝါးနိုင်သော အော်သံကို ကြားတော့မှပဲ ကိုယ့်ကားရဲ့ ဦးခေါင်းဟာ ရှေ့တည့် တည့်ကလာသော ကားတစ်စင်းဆီ တည့်တည့်ထိုးသွားနေတာကို သတိထားမိတော့သည်။

ရှေ့ကားမောင်းသူကလည်း မှိုင်းဝေလိုပဲ အတွေးရေ ယာဉ်ကြောမှာ နစ်မျောနေပုံ ရသည်။ သူက ပိုလို့တောင်မှ အခြေအနေ ဆိုးသေးသလား မသိ။ မှိုင်းဝေရဲ့ကားက လှုပ်လှုပ် ရှားရှား ဖြစ်သွားတော့မှ သတိဝင်လာကာ သူ့ကားကို လမ်းဘေး ဆွဲချရတော့သည်။

တော်သေးတာက ကားရှင်းသည့် လမ်းသွယ်လေး ထဲမှာ ဖြစ်နေ၍ပင်။ မဟုတ်လို့ကတော့ အချင်းချင်း ရှောင်လိုက် နိုင်လျှင်တောင် ဘေးက၊ နောက်က ပါလာသည့်ကားတွေနဲ့ တိုက်မိသွားနိုင်သည်။





မှိုင်းဝေက တစ်ဖက်ကားထဲကို လှမ်းကြည့်လိုက် သလို တစ်ဖက်ကားထဲက လူတွေကလည်း ဒီဘက်ကားထဲ လှမ်းကြည့်လိုက်ကြသည်။

ဟင် ...။

နားထင်တည့်တည့်ကို မိုးကြိုးပစ်ချလိုက်သလိုပါ ပဲ။ ကားနှစ်စင်း ခေါင်းချင်းတည့်တည့် ဝင်ဆောင့်လိုက်လျှင် တောင် ဒီလောက်ပြင်းထန်သော တုန်လှုပ်မှုကို ခံစားရမှာ မဟုတ် ချေ။

မြ, မြမိုးညို ...။

တစ်ဖက်ကားရဲ့ ကားမောင်းသူဘေးက ထိုင်ခုံမှာ ပါလာတာက သူ့ရဲ့ချစ်လှစွာသော မြလေ။

ကိုယ့်ချစ်သူကို တခြားယောကျ်ား တစ်ယောက်နဲ့ နှစ်ယောက်တည်း အတူတွဲပြီး တွေ့လိုက်ရတဲ့ ခံစားချက်ဟာ ဘယ်လောက်တောင် ဆိုးဝါးလှပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းဝေဟာ အကြောင်းမဲ့ သဝန်တိုတတ်သူ တစ်ယောက်တော့ မဟုတ်ပါ။ ဒါပေမဲ့ ဒီလူဟာ တစ်နေ့ကျ မြမိုးညိုမလွဲမသွေ လက်ထပ်ရမည့်သူပဲလို့ သိနေသည့်အခါ မခံချင်စိတ်က မီးနိုးလို တလှလှ ထွက်လာသည်။

တစ်ဖက်ကားထဲက မြမိုးညိုကလည်း မှိုင်းဝေနဲ့ကောင်မလေးတစ်ယောက်ကို အတူတွဲတွေ့လိုက်ကတည်းက ရင်ထဲ နင့်သွားခဲ့တာပင်။

ခက်နေတာက သူမမှာ တရားဝင် စိတ်ဆိုးခွင့်အပြစ်တင်ခွင့်လေးပင် မရှိ။

မြမိုးညိုဘက်ကသာ ပြတ်သားရဲလျှင် မှိုင်းဝေကသူနဲ့လူကြီးချင်း သဘောတူထားသော မိန်းကလေးကို ချက်ချင်းအပြတ်ဖြတ်နိုင်သည်။ မြမိုးညိုဘက်ကမှ မပြတ်သားရဲသည့်အခါမှာတော့ သူလည်း သူ့ဘဝအတွက် သီးသန့်ဆုံးဖြတ်ချက် တစ်ခုချရတော့မှာပေါ့။





ကိုယ်က မိဘသဘောတူသည့် သူကိုပဲ ယူဖို့ဆုံးဖြတ်ပြီး ချစ်သူကျတော့ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ရ၊ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည်လို့ ပြောလို့ တရားပါ့မလား။

မြမိုးညိုက မှိုင်းဝေတို့ကားဆီသို့ ရိဝေဆွေးမြည့်သော အကြည့်လေးတစ်ချက်ပဲ ခိုးကြည့်နိုင်ကာ ခေါင်းကို ပြန်ငုံ့ချထားလိုက်ရပါသည်။

"တောက် ... ဘယ်လိုလူလဲ မသိဘူး၊ ကားကို စွတ်မောင်းတော့တာပဲ"

နေရောင်က သွေးရူးသွေးတန်း ရှေ့ရှက်လိုက်တာပင်။

ကိုယ်တိုင်ကလည်း ဒေါသမိတာ ဖြစ်ပေမဲ့ ရုတ်တရက် လန့်သွားသည့် အချိန်မှာတော့ တစ်ဖက်လူကို အရင်ဆုံးအပြစ်တင်မိတာ လူ့သဘာဝပဲလေ။

မှိုင်းဝေကလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းတာ ဘယ်လိုပုံစံနဲ့ မောင်းနေသလဲ မသိဘူး၊ ငါသာ မမြန်ရင် တိုက်ပြီးနေပြီ"

ပုံမှန်အချိန်မျိုးဆိုလျှင်တော့ သည်းခံစိတ်ရှည်တတ်သော နေရောင်နဲ့ မှိုင်းဝေဟာ ဒီအချိန်မှာတော့ အချိန်မရွေး ထ, ပြီးပေါက်ကွဲရန်ဖြစ်ဖို့ အဆင်သင့် ဖြစ်နေကြသလိုပင်။

"ကိုနေရောင် ... မြ,တို့ သွားကြရအောင်၊ ရထားချိန်က နီးနေပြီလေ"

နေရောင့် မိဘတွေကို ဘူတာရုံမှာ ကြိုဖို့ထွက်လာကြတာပါလား ဆိုသည့် ရည်ရွယ်ရင်းကိစ္စကို အခုမှ သတိရသွားကာ နေရောင်က စိတ်လျှော့လိုက်သည်။

မဟုတ်လျှင်တော့ ရန်ပွဲတစ်ခုများ ဖြစ်သွားဦးမလား မသိနိုင်ချေ။

"ရှင်ဆင်းပြီး ချဲရဲတာလည်း မဟုတ်ဘဲနဲ့ အချိန်ကုန် ခံမနေပါနဲ့တော့၊ ဒီပုံစံကြီး ဖြတ်သွားဖြတ်လာတွေ တွေ့သွားရင် ရှက်ဖို့ကောင်းတယ်"





ဖွေးဖွေးဖြူက မချိုမချဉ် မျက်နှာ၊ လှောင်ရယ်သံစွက်သော လေသံနဲ့ သတိပေးလာတော့မှ မှိုင်းဝေကလည်း တစ်ဖက်ကားမောင်းသူကို မကြည်လင်စွာ စူးစူးစိုက်စိုက် ကြည့်နေမိသော အကြည့် (အမှန်က ကားချင်းတိုက်မိမလို ဖြစ်သွားတာကြောင့် စိတ်တိုတာ မဟုတ်ဘဲ ကိုယ့်ချစ်သူကို ဘေးမှာတင်ခေါ်လာတာကြောင့် စိတ်တိုမိတာ)ကို ရုပ်သိမ်းလျက် ကားကို ပြန်တည့်ပြီး မောင်းထွက်ခဲ့ရလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



နေရောင့် တိုက်ခန်းရှိရာ လမ်းမတော်ပလာဇာအောက်ထပ်မှာ ကားရပ်လိုက်ပြီးလျှင် နံ့သာနီက အိတ်ထဲက ဂျီအက်စ်အမ် ဖုန်းလေးကို ထုတ်ယူလိုက်သည်။

ခုအချိန်လောက်ဆို ကိုရောင် တစ်ယောက် သူ့အခန်းမှာ ရှိနေလောက်သည်။ နေ့လယ်နေ့ခင်း အိမ်ကိုပြန်ကာ တစ်ရေးတစ်မောအိပ်၊ ရေချိုး၊ စာရေးချင်ရေးတတ်သော ချစ်သူရဲ့အကျင့်ကို နံ့သာနီက သိပြီးသားလေ။

နေရောင့်ဆီ အလည်သွားတိုင်း သူ့တိုက်အောက်ရောက်မှ ဖုန်းလှမ်းဆက်၊ ခဏနေလာခဲ့မည် ပြောပြီး မိနစ်ပိုင်းလေးအတွင်း အခန်းတံခါး သွားခေါက်တတ်တာဟာ နံ့သာနီ လုပ်နေကျ ထုံးစံတစ်ခုပင်။





ကြာတော့ နေရောင်လည်း သဘောပေါက်သွားကာ နံ့သာနီက "လာခဲ့မည်"လို့ ဖုန်းဆက်လိုက်တာနဲ့ တံခါးကို အသင့် ပြေးဖွင့်ထားပြီးသား ဖြစ်နေပြီ။

ဒီတစ်ခါတော့ အပြောင်းအလဲ ဖြစ်ရလေအောင် န်းကို တိုက်အောက်လောက်ကတည်းက ကြိုဆက်မထားဘဲ အခန်းရှေ့ရောက်မှ ဆက်တော့မည်။ ဒါမှ သူလည်းတံခါးလာဖွင့် ဆာ နံ့သာနီနဲ့ တန်းတိုးမှာ။

ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလဲ့လဲ့ကလေး လုပ်လာသော နံ့သာနီကို ဖြတ်သွားဖြတ်လာတွေကပင် အံ့သြသလို ကြည့်သွား ကြသေးသည်။

တလောက သူငယ်ချင်းဧည့်ခံပွဲ အသွားမှာ နေရောင့် ကို အတင်း အဝတ်အစား လဲဝတ်စေခဲ့သည့် အပြုအမူဟာ အနည်းငယ် လွန်သည်လို့တော့ နံ့သာနီက တွေးမိသားပင်။ ရောင့် စိတ်ထဲ တော်တော်လေး ခုနေတာကိုလည်း တစ်လျှောက် း သိလျက်သားနဲ့ မသိဟန်ဆောင်နေခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာ နံ့သာနီလည်း အလုပ်တွေများကာ နေရောင်နဲ့ မတွေ့ဖြစ်။ ခါတိုင်း နံ့သာနီက မဆက်သွယ်လျှင် နေရောင်က လှမ်းအဆက်အသွယ် လုပ်နေကျ ဖြစ်ပေမဲ့ ဒီတစ်ခါတော့ သူ့ဘက်ကလည်း ငြိမ်သက် တိတ်ဆိတ်နေသည်။

ဒါကြောင့်ပဲ သူ တော်တော် စိတ်ခုသွားပြီ ဆိုတာ နံ့သာနီက အတတ်တွက်ချက်နိုင်တာ။

ကိုယ့်ဘက်က လွှင်ထားတာ ရှိတာမို့ ဒီတစ်ခါ အလျှော့ပေး ချော့မော့ရမည့်သူဟာ သူမပဲလို့ နံ့သာနီက ယူဆပါသည်။

ဒီလိုအချိန်မျိုးမှာ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်တင်းမာနေကြလျှင် ထွက်လာမည့် အဖြေဟာ အဖြေကောင်း တစ်ခု မဖြစ်နိုင်။ သူမဘက်ကမှ မလျှော့ဘူး ဆိုလျှင်လည်း နေရောင့်ဘက်က လျှော့မှာမဟုတ်တော့တာကို နံ့သာနီက သိနေသည်လေ။





တစ်မျိုးတော့ တစ်မျိုးလေးပဲ။ တင်းမာနေသည့် အခြေအနေကို စတင်လျှော့ဖြေပေးရမည့်သူဟာ သူမပဲ ဖြစ်နေတာရယ်၊ ချစ်သူကို မချော့စဖူး ပြန်ချော့ရမှာရယ်။

ခာတ်လှေကားထဲကထွက်ပြီး နေရောင့် အခန်းဆီ လျှောက်လာသည်အထိ ဟိုတွေး ဒီတွေးနဲ့ ဖုန်းခလုတ်ကို မနှိပ်မိသေး။ အခန်းဝရောက်တော့မှ ကမန်းကတန်း ဖုန်းဆက်ရသည်။

နေ့ခင်းဘက် ခဏပြန်နားတုန်း မောမောနှင့် အိပ်နေသော မြမိုးညိုက ဖုန်းသံကြောင့် လန့်နိုးသွားရသည်။

ဖုန်းရှိသည့် အိမ်တစ်အိမ်မှာ ဖုန်းသံမြည်လာတာဟာ ထူးဆန်းသော ကိစ္စတစ်ခု မဟုတ်ပေမဲ့ လူမနေသလောက် ခြောက်သွေ့တိတ်ဆိတ်လှသော ဒီအခန်းထဲမှာ ဖုန်းမြည်လာတာ ဟာတော့ ထူးဆန်းသလို ရှိသည်။

ဖြစ်နိုင်တာကတော့ ကိုနေရောင် တစ်ယောက် မြ့သူ့အခန်းမှာ ရှိလောက်သည်အထင်နဲ့ တစ်ခုခုမှာဖို့ လှမ်းဆက်တာပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်"

ပြန်ထူးလိုက်ပြီးတော့မှ ကိုယ့်အသံကြီးက အိပ်ချင်မူးတူးအသံ ပေါက်နေမလားလို့ အတွေးဝင်သွားကာ မြမိုးညိုက ရှက်သွားရသေးသည်။

အဲ ... အခန်းပြင်က နံ့သာနီကတော့ ရုတ်တရက် သရဲတွေ့လိုက်ရတာထက်ကို ထိတ်လန့်တကြား ဖြစ်သွားရလေသည်။

အသံ ...။ မိန်းမသံ တစ်သံပါလား။

ကိုယ်များ ဖုန်းမှားဆက်တာလားလို့ သံသယဝင်စရာ အကြောင်းကလည်း မရှိပါ။ ဘာလို့လဲဆို သူမ ရောက်နေသည့်နေရာက နေရောင့်ရဲ့ အခန်းဝတည့်တည့်။ အခန်းထဲက ဖုန်းမြည်လာသံရော၊ သူ့ဖုန်းထဲ ဝင်ရောက်လာသော မိန်းမတစ်ယောက်ရဲ့ ဖုန်းဖြေသံရော အားလုံးကို အပြင်ကနေ နားနဲ့ဆတ်ဆတ်ကြားနိုင်နေလို့ပါပဲ။





ဒါတောင် ဟုတ်မှဟုတ်ရဲ့လား၊ နေရောင် တစ်ယောက် အလိုအလျောက် ဖုန်းဖြေကြားစက်များ တပ်ထားသေးသလားလို့ ဖြေသိမ့်တွေးလိုက်မိသေးကာ ...

"အခုပြောနေတာ ဘယ်သူပါလဲ"

ဒီမေးခွန်းမျိုးကို တော်ရုံလူတွေက အဖြေမပေးတတ်ကြပါ။ ဖုန်းဆက်သူတစ်ယောက်ဟာ ဘယ်သူနဲ့ တွေ့ချင်ပါသည်လို့ပဲ ပြောဖို့ရှိလျက် အခု ဖုန်းကိုင်တာ ဘယ်သူလဲလို့ အထက်စီးကျကျမေးဖို့ မသင့်ချေ။ အမေးခံရသူကလည်း မဖြေတာပဲများသည်။

မြမိုးညိုလို ခပ်ရိုးရိုး အညာသူလေးကတော့ ...

"ကျွန်မ မြမိုးညိုပါ၊ ဒီအခန်းမှာ ခဏလာနေတာပါ၊ ကိုနေရောင်နဲ့ တွေ့ချင်လို့ပါလားရှင်၊ လောလောဆယ်တော့ သူ မရှိပါဘူး၊ ညနေလောက်ကျမှ ပြန်ရောက်မယ်ထင်ပါတယ်"

ဖုန်းဖြေသံကို ဖုန်းထဲကသာမက အပြင်ကပါ ကြားနေရသော နံ့သာနီက တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုရောင် ... ကိုရောင် ...။

မတတ်သာလို့ပါ။ လူကြီးတွေက သဘောတူလွန်းလို့ အားနာပါးနာ ဆက်ဆံပြောဆိုနေရတာပါတဲ့။ ဟွန့် ... အခုတော့ မိန်းကလေးက သူ့အခန်းမှာတောင် တက်နေ့နေပြီ။

သိပ်ပြီး ရိုးသားကြ၊ ရှေးဆန်ကြ၊ မြန်မာမှုကို ချစ်မြတ်နိုးကြသပေါ့လေ။

အခုလို အဖြစ်မျိုးကို အားပေးတာကျတော့ တော်ရုံတန်ရုံ ခေတ်ဆန်သော မိဘတွေတောင် မလုပ်သည့် အလုပ်မျိုး။

ဖုန်းထဲက ကြားရုံသက်သက် ဆိုလျှင်တောင် နားကြားလွဲဟာတို့၊ ဖုန်းမှားတာတို့ အောင်မယ်လေး ... ကြံဖန်အကြောင်းရှာပြီး ခွင့်လွှတ်နားလည်ပေးမိဦးမည်။ ခုတော့ ... ကိုယ်တိုင်က သူ့အခန်းရှေ့မှာ ရပ်နေတာ။ အထဲကအသံကိုလည်း ကြားနေရတာ။ ခုနေ တံခါးခေါက်လိုက်လျှင် အိပ်ချင်မူးတူးအသံနဲ့ ဖုန်းပြောနေသော မိန်းမကို တွေ့ရမှာပင်။





"ဟယ်လို ... ဟယ်လို ... ကျွန်မ ဘာများပြောပေးရပါမလဲရှင်၊ ဘာများ မှာထားစရာ ရှိပါသလဲ၊ ဟဲလို ..."

တစ်ဖက်က ထူးသံတွေ ဆူညံနေခိုက်မှာပဲ နံ့သာနီသာ ဖုန်းကို ထောက်ခနဲ ပိတ်လိုက်ကာ နေရာက ပြန်လှည့်ထွက်လာခဲ့လိုက်တော့သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တကယ့်ကို ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းတာ
ပါလားကွာ။

နေ့လယ်ဘက် ပျင်းပျင်းရှိတာနဲ့ သူငယ်ချင်းတွေ
စုပြီး ပန်းချီပြခန်းတစ်ခု သွားကြည့်လိုက်မိတာ။ ကြည့်တုန်းက
တော့ ပန်းချီဆရာဟာ ဘယ်သူမှန်းတောင် သေသေချာချာ မသိ
ဟိုရောက်တော့မှ လား ... လား ...။ မဟာရန်သူ ရည်းစားသ
ဖက်ကြီး ဖြစ်နေပေတာကိုး။

အဲ ... ရည်းစားလုဖက်လို့တောင် ပြောဖို့မသ
ဒီစကားမျိုးက မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေး
ယောက်က အပြိုင်အဆိုင်၊ အခွင့်အရေးတူ လုယက်ပိုးပန်း





သာ ပြောသင့်တာ။ အဲဒီပုံမျိုးဆို ကိုယ်က ဖွေးဖွေးဖြူရဲ့ အချစ်
ကို ရပြီးသားမို့ အနိုင်ဘက်ကရှိမှာ။ ဘယ်သူ့ကိုမှ မှုစရာမလို။

ခုကျတော့ ကိုယ်က ဆိုင်သူဖြစ်ပါလျက် သူကပိုင်
သူဖြစ်သွားခဲ့တာ။ အဓိကကျသော ဖွေးဖွေးဖြူရဲ့ မိဘတွေကိုယ်
တိုင်က သူ့ကိုမှ မျက်စိကျ ရွေးချယ်လေတော့ မျက်နှာမွဲလေး
ခေါင်လသော ခများ အရှုံးသမား ဖြစ်ရလေတာပေါ့။

ပိုဆိုးတာက ပန်းချီမောင်မှိုင်းဝေနဲ့အတူ ဖွေးဖွေးဖြူ
တို့ပါ တွေ့လိုက်တာပဲ။

စဉ်းစားကြည့်ကြပါခင်ဗျာ။ သူငယ်ချင်းတွေရှေ့မှာ
ကိုယ့်ချစ်သူကို တခြားယောကျ်ားတစ်ယောက်နဲ့ တွဲတွေ့လိုက်ရ
တဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ အဖြစ်က ဘယ်လောက်များ
ရှက်စရာ ကောင်းလိုက်မလဲ ဆိုတာ။

အကြောင်း မသိသူတွေက သတင်းမေးလို မေး၊
အကြောင်းသိသူတွေက ဖြေရှင်းပြသူ ပြနဲ့ မဟာအရှက်တော်ကွဲ
ဆောက်လ ဖွေးဖွေးဖြူက သူ့ကို မြင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ပေမဲ့လည်း မသိသလို ဟန်ဆောင်သွားပြန်သော ဖွေးဖွေးဖြူကြောင့် လသာမှာ အသည်းလည်းယား၊ စိတ်လည်းတ ရှက်လည်းရှက်။

ကိုယ်က အတင်းသွားနှုတ်ဆက်၊ သွားခေါ်ရအောင် ကလည်း ဖွေးဖွေးဖြူရဲ့ အခြေအနေက ဘယ်လိုမှန်းမသိ။ ဟို ပန်းချီဆရာက ဖွေးဖွေးဖြူကို အသေရရ၊ အရှင်ရရ လိုချင်နေတာ ဆိုလျှင်၊ ဖွေးဖွေးဖြူမှာ ရည်းစားကြီး ဝုတ်တုတ်ရှိမှန်းလည်း မသိဘူးဆိုလျှင် သူ သွားနှုတ်ဆက်လိုက်မှ ပြဿနာတွေ ရှုပ်ထွေး သွားမှာကိုလည်း စိုးရသေးသည်။

ဒီလိုနဲ့ပဲ အီးမှန်သော မျက်နှာကြီးနဲ့ ပြန်လာရသော လသာကိုမှ နံ့သာနီဆိုသည့် မိန်းမက အရေးတကြီး ပြောစရာ သည်ဆိုကာ လာစောင့်နေသတဲ့။

အကုသိုလ်ဆိုတာ တစ်ခုတည်းမလာ၊ အဖော်နဲ့လာ သည်ဆိုတဲ့ စကားဟာ အမှန်ပဲ ဖြစ်လောက်သည်။





ဖွေးဖွေးဖြူကြောင့် ဒေါသတွေထွက်ပြီးကာစပဲ ရှိသေးသည်။ ဒီစကားပြော မာထန်ထန်၊ မျက်နှာကြောတင်းတင်းနဲ့ ဆက်ဆံရ မပြေလည်သည့် မိန်းမက ဘာတွေပြဿနာထပ်ရှာဦးတော့မှာလဲ မသိ။

ကဲပါလေ … သည်းခံခြင်းဆိုတဲ့ ပါရမီကို ဖြည့်ဆည်းဖို့ အကြောင်းဖန်လာသည်လို့ပဲ သတ်မှတ်ရတော့မှာပေါ့။

"ကျွန်မ စောင့်နေရတာ တော်တော်တောင် ကြာသွားပြီ"

ကြိုတင်လည်း ချိန်းချက်ထားတာ မဟုတ်ပါဘဲ သူ့ဘာသာ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ ရောက်ချလာပြီး စောင့်နေတာကိုများ အပြစ်တင်သည့် လေသံနှင့် ပြောချင်နေသေးသည်။

"ကြိုချိန်းမထားတော့ ကျွန်တော်လည်း အပြင်သွားလိုက်မိတာပဲဗျာ၊ နို့မို့ဆိုရင်တော့ စောင့်နေပါတယ်"

"ကြိုပြီး အပွိုင့်မဲန့် ယူရမယ်လို့မှ မသိလိုက်ပဲရှင်"

ရွဲ့တာလား၊ စကားကောင်း ပြောတာလား။ ဒီမိန်းမ သိပ်ယုံရတာမဟုတ်။ ခပ်တည်တည်နဲ့ ရွဲ့ပြောချင်လည်း ပြောမှာ။



www.burmeseclassic.com

www.burmeseclassic.com



ထားတော့။ ဒီစကားလေးတစ်ခွန်းအတွက်နဲ့ အခြေ [illegible] အတင် အချီအချ ပြောနေရသည်ဆိုလျှင် ရှေ့ဆက်ပြောရမည့် စကားတွေဆီ ရောက်မှာကို မဟုတ်တော့။ လသာက မြန်မြန်ပြော [illegible] ပြီး မြန်မြန်ပဲ အဆုံးသတ်ချင်လှပြီ။

"လာရင်းကိစ္စကို ပြောပါဦး"

"ဒီမှာပဲ ပြောရမှာလား"

လသာရဲ့ အလုပ်ခန်းဟာ မှန်အလုံကာရံထားသော [illegible] အခန်းမို့ အပြင်က အသံပလံတွေရဲ့ အနှောင့်အယှက်ကို မကြုံရပါ [illegible] သို့သော် အကာအရံက မှန်ဆိုတော့ လွတ်လပ်မှုမရှိသလို ထင် [illegible] သည်။

"ကျွန်မ စကားပြောရင် ပတ်ဝန်းကျင်မှာ လူတွေသိ [illegible] လှုပ်လှုပ်ရှားရှား မမြင်ရတာမျိုးကို ကြိုက်တယ်"

"ဒါဆိုလည်း ဆိုင်တစ်ဆိုင်,ဆိုင်ကိုပဲ သွားကြတာပေါ့"

"ဒီလမ်းထိပ်နားလေးတင် ဘာဂါဆိုင်လေးတစ်ခု တွေ့ [illegible] တယ်၊ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်ကလေး [illegible] ပဲ၊ ရှင် ဘယ်လိုသဘောရသလဲ"





"အဲဒီဆိုင်ရှိမှန်း သတိတောင် မထားမိဘူး"

"ရှင်တို့ ယောကျာ်းလေးတွေကတော့ ဘီယာဆိုင်လောက်ပဲ သိကြတာကိုး"

"ကျွန်တော် ဘီယာလည်း မကြိုက်ပါဘူးဗျာ"

"ရှင့်ကို မေးနေတာ မဟုတ်ဘူး၊ ရှင့်ဘာသာ ဘီယာမကလို့ ဘီအီးပဲကြိုက်ကြိုက် ကျွန်မနဲ့လည်း မဆိုင်ဘူး"

ဒီအမျိုးသမီး ဘာဖြစ်လာတာပါလိမ့်။ သူ့ကြည့်ရတာ တော်တော်လေး စိတ်ကြွပ်ဆတ်နေပုံရသည်။

ကိုယ့်လိုပဲ သိပ်မကြာသေးခင်ကမှ မကျေလည်စရာအကြောင်းတစ်ခုခုနဲ့ တွေ့ခဲ့ရတာများလား။

အဲဒီလို တွေးလိုက်မိလျှင် စိတ်ဆိုးနေရာက ရုက်တချက်ချင်း ကိုယ်ချင်းစာတရားတွေ ရှင်သန်လာကာ သူမကိုလည်း သနားသလိုလို ဘာလိုလို ဖြစ်မိသွားသည်။

"ကျွန်တော့်ကားနဲ့ပဲ သွားလိုက်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ရှင်က ကိုယ့်ကားနဲ့ကိုယ် လာချင်လာပေါ့၊ ကျွန်မလည်း ကျွန်မကားနဲ့ပဲ သွားမယ်၊ ပြောစရာရှိတာ ပြောပြီးရင် ဒီကို တစ်ခေါက်ပြန်လာစရာ မလိုတော့ဘူး ပေါ့"

အစီအစဉ်ကတော့ အကွက်ကျကျပဲ။ လသာက အထွေအထူး မပြောတော့ဘဲ သဘောတူ လက်ခံလိုက်ကာ လမ်းထိပ်က ဘာဂါဆိုင်လေးဆီ ထွက်လာခဲ့လိုက်သည်။

ဆိုင်ထဲရောက်တော့ ရှေ့ကသွားနှင့်သော နံ့သာနီက လူရှင်းရှင်း၊ ကောင်တာနဲ့ဝေးဝေး စားပွဲတစ်လုံးမှာ ထိုင်နေနှင့်ပြီ။

လသာ ရောက်သွားသည့်အချိန်မှာ စားပွဲထိုးလေးက ဟမ်ဘာဂါတစ်လုံးနဲ့ မစ်လ်ရှိတ်တစ်ခွက် လာချပေးသည်။

စိတ်ရှုပ်နေရသည့်ကြားထဲ လသာက ရယ်ချင်သွားရသည်။

တော်တော်အစားမက်တဲ့ မိန်းမပဲ။





သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ၊ ပြီးတော့ သူမကိုယ်တိုင်လည်း အရေးကြီးစကားပြောဖို့ ရောက်လာတာ။ ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးမှာ အစားအသောက် ဆိုတာလည်း ဆိုင်မှာထိုင်လို့ကောင်းရုံလောက်ကလေး မှာဖို့သင့်ပါလျက် တစ်ဝတစ်ပြဲ စားရမည့် အစားမျိုးမှာလိုက်တာ။

ဘယ်လောက် အရေးကြီးမည့်စကားမျိုးမို့ ဘာဂါစားရင်း ပြောမှာပါလိမ့်။

"ရှင် စားချင်တာမှာလေ၊ ဘာလဲ ... ကျွန်မ ဟဲဗီးစားတာကို ကြည့်ပြီး ရယ်ချင်တာလား၊ လှောင်ချင်နေတာလား၊ မနေ့က ကျွန်မ ဥပုသ်စောင့်တယ်၊ ဒီနေ့ ဥပုသ်ထွက်တော့ သစ်သီးဖျော်ရည်တစ်ခွက်လေးပဲ သောက်ပြီး အလုပ်တွေရှုပ်နေတာနဲ့ အဖတ်မစားရသေးဘူး၊ စိတ်တိုတာက တိုတာတခြားပဲ၊ ဗိုက်ဆာတာကလည်း ဆာတာတခြားပဲ"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော် သဘောပေါက်ပါပြီ၊ ခင်ဗျားက ပွင့်လင်းတာ၊ ဟန်မဆောင်တတ်တာ၊ အဲဒါကို ကျွန်တော် အထင်လွဲမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရွှဲ့စမ်းပါနဲ့ရှင်၊ စကားကောင်းတွေ အများကြီး ပြောစရာ ရှိသေးလို့ပါ"

"ကျွန်တော် ရွှဲ့နေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာပါ"

"ထားပါတော့၊ လောလောဆယ် ဆွေးနွေးရမှာက ကျွန်မတို့ရဲ့ ရှေ့ရေးအကြောင်းပါ"

"ကျွန်တော်တို့ တစ်ခါများ ဆွေးနွေးဖူးသလားလို့"

"တစ်ခါနဲ့တော့ မလုံလောက်သေးဘူး ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေဘက်က ပြီးပြီးပြတ်ပြတ် ဖြစ်သွားသေးတာမှ မဟုတ်တာ၊ အခုကတော့ ခဏစောင့်ကြည့်နေတဲ့ သဘော၊ ကျွန်မတို့ကို လေ့လာခွင့်ပေးထားတဲ့ သဘော၊ ကျွန်မတို့ဘက်က ဘာမှ တုံ့ပြန်မှု မရှိဘူးဆိုရင် သူတို့စိတ်ကြိုက် လှုပ်ရှားကြမဲ့သဘော ရှိတယ်"

"ဒီတော့ ..."

"အကယ်၍ အတင်းအကျပ် ဆိုတာမျိုးတွေ ရှိလာရင် ရှင် ဘယ်လိုဆုံးဖြတ်မလဲ"





ထွက်ပြေးမယ် ...။

လသာ စိတ်ထဲက ပြန်ဖြေလိုက်တာပါ။ ပါးစပ်က နေ ပြောလို့တော့ ဘယ်ဖြစ်ပါလိမ့်မလဲ။ တစ်ဖက်မိန်းမသားဟာ အဘက်ဘက်က ပြည့်စုံပြီး မာနတည်းကြီး၊ စိတ်လည်းထက်သူ တစ်ယောက် မဟုတ်တာတောင်မှ ဒီစကားမျိုး ကြားရရင် အတော်ခံစားရမှာ။ နံ့သာနီသာ ဒီစကားမျိုး ကြားရလို့ကတော့ အခုစားနေသည့် ဟမ်ဘာဂါကြီး လည်ချောင်းထဲနင်ကာ မျက်လုံးတွေလည်းပြူးထွက်၊ ဟား ... ဟား ... အတော်ရယ်ရမည်။

"ရှင့်ကို ကျွန်မ ပေါ့ပျက်ပျက်တွေ မေးနေတာ မဟုတ်ဘူးနော်၊ တကယ်အရေးပါတဲ့ အဆုံးအဖြတ်တစ်ခုနဲ့ ပတ်သက်ပြီး မေးနေတာ"

လသာ မျက်နှာ ခပ်ပြုံးပြုံး ဖြစ်သွားတာကို မြင်လိုက်သည့် နံ့သာနီက စိတ်တိုသောလေသံနှင့် အော်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေဟာ တစ်ယောက်တစ်မျိုး အားမကိုးရတာပဲလား။ ဒီလူ့မှာ ရည်းစားမရှိတာတော့ မဖြစ်နိုင်။ ဒီအသက်အရွယ်၊ ဒီအရည်အချင်း၊ ပိုင်ဆိုင်မှုမျိုးနဲ့ လက်ရှိရည်းစားမရှိပါဘူး ဆိုတာကိုတော့ နံ့သာနီက ဘယ်လိုမှ မယုံနိုင်။

ကိုယ့်မှာ ရည်းစားရှိရက်နဲ့ လူကြီးတွေက တခြားမိန်းမတစ်ယောက်နဲ့ စီစဉ်လည်း သူက သဘောတူ လက်ခံတာပဲလား။ ဟိုလူယုတ်မာ နေရောင့်လိုပဲ ရသမျှအခွင့်အရေး အားလုံးကို လိုချင်တာပဲလား။

တွေးရင်းတွေးရင်း စိတ်ထဲမှာ ကိုယ့်ရှေ့ထိုင်နေသူဟာ လသာ မဟုတ်ဘဲ နေရောင် ဖြစ်လာသလို ခံစားလာရသည်။

"ရှင်တို့ယောက်ျားတွေဟာ တစ်ယောက်မှ မကောင်းဘူး ရတယ် ... ဒီကိစ္စ ရှင်ဘာမှ ဝင်မပါချင်ဘူး ဆိုလည်း ကျွန်မ တစ်ယောက်တည်း ဖြေရှင်းလို့ရတယ်၊ ကိုယ်မလိုချင်တဲ့ ယောက်ျားတစ်ယောက်ကို ပြီးလွယ်စီးလွယ် လက်ထပ်လိုက်မဲ့သူမျိုးလို့တော့ မထင်လေနဲ့"





မြတ်စွာဘုရား။ အသားလွတ်ကြီးပါလား။

ကိုယ့်ဘက်က ဘာမှမပြောရသေး။ သူမဘာသာစိတ်တိုကာ စကားလုံး ကြီးကြီးကျယ်ကျယ်တွေနဲ့ ရန်ရှာနေတော့သော နံ့သာနီကို လသာက တအံ့တဩပဲ ကြည့်နေမိပါသည်။

"တော်ပြီ ... ကျွန်မ ပြန်မယ်၊ ဟော့ ... ဒီမှာ"

"နေပါစေ၊ ကျွန်တော် ရှင်းလိုက်ပါမယ်"

"သူစိမ်းယောက်ျားတစ်ယောက် အကြောင်းမဲ့ ကျွေးတဲ့ အစားကို ကျွန်မ,မစားတတ်ဘူး၊ ဘယ်လောက်ကျသလဲ"

ကျသင့်ငွေကို ရှင်းပေးကာ ဝုန်းဝုန်းဒိုင်းဒိုင်း ထ, ထွက်သွားသော နံ့သာနီကို လသာက ခပ်ငေးငေးကြည့်ရင်း စိတ်ဆိုးရမည့်အစား ကိုယ့်ချစ်သူ ဖွေးဖွေးဖြူဟာလည်း နံ့သာနီလိုပဲ သူမနဲ့ သဘောတူထားသူအပေါ် ပြတ်သားရန်လိုစွာ ဆက်ဆံခဲ့လျှင် ဘယ်လောက်ကောင်းမလဲလို့ တွေးနေမိလေသည်။

✣ ✣ ✣

www.burmeseclassic.com



ခပ်သွက်သွက် ထွက်သွားသော မိန်းမကို ခပ်ငေးငေး လိုက်ကြည့်နေသည့် လသာ့ကို ဆိုင်ပြင်ကနေ စောင့်ကြည့်နေသူတစ်ယောက် ရှိပါသေးသည်။

ပန်းချီပြခန်းမှာတုန်းက လသာနဲ့ တည့်တည့်တိုးခဲ့ရသည်အဖြစ်အတွက် ဖွေးဖွေးဖြူက စိတ်ထဲမကောင်း။ သဝန်တိုတတ်လွန်းသော လသာ တစ်ယောက် သူမကို မှိုင်းဝေနဲ့အတူတွဲတွေ့လိုက်ရသည့် အဖြစ်အတွက် တော်တော်လေး ဝမ်းနည်းခံစားသွားရရှာမည် ဆိုတာကိုလည်း တွေးမိသည်။

ဒါကြောင့်ပဲ ပန်းချီပြခန်းက အပြန်မှာ သူငယ်ချင်းတစ်ယောက်ဆီ ဝင်ဦးမည်ဟု ပြောကာ လသာရဲ့ရုံးခန်းဆီကို တန်းလာခဲ့လိုက်တာ။





လား ... လား ... ဒီရောက်တော့ ဟုတ်ပါရိုးလား။ သူက ခပ်ချောချော မိန်းမတစ်ယောက်နဲ့ ရုံးခန်းကနေ အတူတွဲထွက်လာကာ မုန့်ဆိုင်တွေ ဘာတွေ ထိုင်လို့။ ဟိုမိန်းမ ပြန်သွားတော့လည်း တမျှော်တခေါ် ငေးကြည့်လို့။

ဒါဟာ ... လက်စားချေတာ သက်သက်ပဲလား၊ အပြောင်းအလဲများတတ်သော ယောကျ်ားတွေရဲ့ သဘောထားအစစ်အမှန်လား။

ဖွေးဖွေးဖြူကလည်း မကျေနပ်တာရှိလျှင် စိတ်ထဲမျိုသိပ်အောင့်အည်းထားတတ်သူ မဟုတ်။ ဟိုမိန်းမရဲ့ကား တရကြမ်း မောင်းထွက်သွားတာနဲ့ လသာ ထိုင်ကျန်နေဆဲဖြစ်သော မုန့်ဆိုင်ထဲ ဝင်လိုက်ကာ ...

"သိပ်ပျော်နေတယ်ပေါ့လေ"

"ဖွေးဖွေး ... ဘယ်လိုဖြစ်လို့ ရောက်လာတာလဲ"

"အံ့သြသွားလား၊ ဖွေးဖွေးက အလိုက်သိပါတယ်၊ သူများတွေ ကြည်နူးနေတဲ့အချိန်မှာ အနှောင့်အယှက် လာမပေးပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

နဂိုကတည်းက ဖန်ခွက်ပါးပါးလေးတစ်လုံးလို ကွဲရှဖို့ အဆင်သင့် ဖြစ်နေနှင့်သော လသာထံက အသံကျယ်ကြီး ဆောင့်ထွက်လာသည်။

"အောင်မယ်လေး ... ဘယ်သူ့အားကိုးရှိလို့ ဒီလောက်တောင် လေသံမာနိုင်နေတာလဲဟင်၊ အော်ထည့်လိုက်တာများ တစ်ဆိုင်လုံးတောင် တုန်သွားတယ်၊ တခြားမိန်းမနဲ့တော့ ကြည်နူးနေပြီး ဖွေးဖွေးကိုမှ လာအော်မနေစမ်းပါနဲ့"

"တခြားမိန်းမနဲ့ ကြည်နူးတယ် ! ... အဓိပ္ပာယ်မရှိတာတွေ လာပြောမနေစမ်းနဲ့၊ ကိုယ်လုပ်ခဲ့တဲ့ အပြစ်ကို အကာအကွယ်ရအောင် သူများကို လွှဲချတာမျိုး သိပ်မုန်းတာပဲ"

"ဘာ ! ..."

"ဟော ... ငါကျတော့ ပြောပြီး မင်းအလှည့်ကျတော့ အသံမာတာပါပဲလား"





"ကိုကိုနော် ... ကိုကို ... ဖွေးဖွေးကို မင်းတွေ ငါတွေနဲ့ လာမသုံးနဲ့၊ အရင်ကသာ သည်းခံချင်ခံမယ်၊ အခုအခြေအနေနဲ့ကတော့ လုံးဝသည်းမခံဘူးမှတ်"

တယုတယ ချစ်ခင်အလိုလိုက်ထားရသော ချစ်သူလေးကို "မင်း" "ငါ"နဲ့ သုံးစွဲမိတာအတွက် ခါတိုင်းအချိန်တွေမှာသာဆို နောင်တရလို့ဆုံးမှာ မဟုတ်တော့ပေမဲ့ လတ်တလောကတော့ လသာရဲ့စိတ်ကို တဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်နေခဲ့တာမို့ ပြန်ချော့ချင်စိတ်လည်းမရှိ၊ ပြန်လျှော့ချင်စိတ်လည်း မရှိ။

"ကိုယ် ဘာတွေ လုပ်ထားမိတယ် ဆိုတာရော ကိုယ့်ဘာသာ သိရဲ့လား"

"ဖွေးဖွေးလား ... ဘာလဲ ... ပန်းချီပြပွဲ သွားတဲ့ကိစ္စကို ပြောချင်တာလား၊ ဒါက အခြေအနေအရ မတတ်သာလို့ သွားရတာလေ"

"မတတ်သာတဲ့ မျက်နှာကလည်း ပြုံးရွှင်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ ဖွေးဖွေး လုံးဝမပြုံးဘူး၊ ဒီလောက် စိတ်အနှောင့်အယှက် ဖြစ်နေတာ ဘယ်သူက ပြုံးနိုင်မှာလဲ"

"စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုလည်း ဘာလို့ ပန်းချီပြပွဲ လိုက်ကြည့်သေးလဲ၊ ဖွေးဖွေး ပန်းချီလုံးဝဝါသနာ မပါတာ ကိုယ် သိတယ်နော်၊ ပန်းချီကားတွေ ကြည့်ချင်လို့ပါ ဆိုတာမျိုးတော့ လာမပြောနဲ့"

"မပြောပါဘူး၊ မတတ်သာလို့ သွားရတာ၊ ဒီလိုမှန်းသိရှင့်ကို မိန်းမလိုဝတ်ခိုင်းပြီး ထည့်ပေးလိုက်ပါတယ်"

"ဖွေးဖွေးနော် ... မမိုက်ရိုင်းနဲ့"

"ဟုတ်တာ ပြောတာလေ၊ ကိုယ်လည်း ဘာမှကူညီဖြေရှင်းမပေးနိုင်ဘဲနဲ့တော့ သူများကို အပြစ်မတင်နဲ့၊ ဖွေးဖွေးမှာ အခက်အခဲတွေ အားလုံးကို တစ်ယောက်တည်း ရင်ဆိုင်နေရတာ"





"ဩော် ... အခက်အခဲက ဖွေးဖွေး တစ်ယောက်တည်း တွေ့တာလား၊ ကိုယ်ရော ဒီပြဿနာမျိုး ကြုံနေရတာ မဟုတ်ဘူးလား"

"အစကတော့ အဲဒီလို ထင်ခဲ့တာပဲ၊ သူ့မှာလည်း သူ့ဒုက္ခ၊ ငါ့မှာလည်း ငါ့ဒုက္ခလို့၊ ခုတော့ ဘယ်ဟုတ်မလဲ၊ သူများတွေက ဒုက္ခရောက်နေတာမှ မဟုတ်တာ၊ ကြည်နူးစရာ သုခဘုံကလေးထဲ ရောက်နေတာကိုး"

"ဖွေးဖွေးဖြူ ... ပြောရင်းနဲ့ လွန်လာပြီနော်၊ သုခဘုံ ရောက်ရအောင် ငါက ဘာဖြစ်နေလို့လဲ"

"ဟိုမိန်းမနဲ့လေ၊ ဘာလဲ ... နံ့သာနီဆိုလား၊ ရဲရဲတောက်နာမည်နဲ့ တစ်ယောက်၊ နာမည်နဲ့လိုက်အောင် လှုကလည်း လှလိုက်တာ လင်းလက်တောက်ပနေတာပါပဲ၊ မိဖွေးဖြူတို့လို ကလေးကချေ၊ သရုပ်ပျက်ပျက်လည်း မဟုတ်ဘူး၊ တန်ဖိုးကြီး အဝတ်အစားတွေနဲ့ လက်ဝတ်ရတနာတွေဝတ်ပြီး အထက်တန်းကျကျ အဆင့်မြင့်မြင့်လှတာ၊ တန်ဖိုးချင်းက တခြားစီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွေးဖွေးဖြူ ... ဘာတွေ ဖြစ်နေတာလဲကွာ၊ ဒီစကားမျိုး တွေ တို့နှစ်ယောက်ကြားမှာ ပြောစရာ လိုလို့လား"

"လိုတာပေါ့၊ ဒီနေ့ကျမှပဲ လိုတာကို သိတော့တာ"

"ဟိုမိန်းမက ဘာတွေ အဆင်မပြေ ဖြစ်လာလဲ မသိဘူ လာပြီး ပြဿနာရှာသွားတယ်၊ မင်းကလည်း ဂဂျီဂျော နဲ့၊ ကိုယ်စိတ်တိုနေတာကိုရော သိရဲ့လား ဖွေးဖွေးဖြူ ပျို ကောင်နဲ့ မင်းကို အတူတွဲတွေ့လိုက်ရတဲ့အတွက် ငါ သိပ်ကျေနပ်နေမယ်များ ထင်သလား"

"ဒီလူ့ကို အလိုက်အထိုက် ဆက်ဆံနေရတာပါဆို၊ စိတ် ထဲက ပါမှမပါတာ"

"ဩော် ... ကိုယ်ကရော စိတ်ပါနေလို့လား"

"ဒါတော့ သိနိုင်ဘူးလေ၊ အနားက ထွက်သွားတ တောင် တငေးတမော လိုက်ကြည့်မဆုံးနိုင် ဖြစ်နေတာ တော့"





"တော်ကွာ ... တော်ကွာ၊ ကိုယ်တိုင်လည်း အပြစ်ကင်း နိုင်တာ မဟုတ်ဘဲနဲ့ သူများကို လိုက်ပြောမနေနဲ့၊ မင်း တောင် အလိုက်အထိုက်ပါ၊ မတတ်သာလို့ပါဆိုပြီး ဘယ် တုန်းကမှ စိတ်မဝင်စားခဲ့ဘူးတဲ့ ပန်းချီပြပွဲ လိုက်ကြည့် နေသေးတာ၊ ကိုယ်လည်း မိန်းမတစ်ယောက်နဲ့ အလိုက် အထိုက်သဘော မုန့်ဆိုင်ထိုင်တယ်၊ ဘာဖြစ်သေးလဲ"

"ဒါဖြင့် လိုက်ကြည့်ကျန်ခဲ့တာကရော"

"တွေးနေတာ၊ အားကျနေတာ၊ နံ့သာနီက သူ့ရည်းစား ဘက်က ပြတ်ပြတ်သားသား ရပ်တည်ပြီး မိဘသဘောတူ ထားတဲ့လူကို ခါးခါးသီးသီး ဆက်ဆံရဲသလို ငါ့ရည်းစား လည်း နေနိုင်ရင် ကောင်းမှာပဲလို့ အထင်ကြီးပြီး တွေးနေ တာ"

ဖွေးဖွေးဖြူက တစ်ကိုယ်လုံး တဆတ်ဆတ်တုန် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ ကိုယ့်မှာတော့ မိဘသဘောတူသည့် လူဆိုလျှင် လူပေါကြီးလိုပဲ သဘောထားကာ နှိမ်နှိမ်ချချ၊ စိတ်ပျက်လက်ပျက်တွေပဲ မြင်လိုက်ရတာ။ ခုထက်ထိ မှိုင်းဝေ ဆိုသည့် လူကြီးအပေါ် ကောင်းကွက်လေးတစ်ခုတောင် မတွေးမိ။

သူ့ကျတော့ မိဘက သဘောတူထားတဲ့ မိန်းမအပေါ် မဟာသစ္စာရှင်မကြီးအဖြစ် အထင်တွေကြီး၊ အားတွေကျ။

အောင်မယ်လေး ... လေး။ ဒီအတိုင်းသာ ဆက်သွားလျှင် မိဖွေးဖြူကို ဟိုမိန်းမရဲ့ ဖိနပ်ကိုင်အဆင့်လောက်တောင် ရောက်သွားနိုင်သေးသည်။

"တော်ပြီ ... သွားတော့မယ်၊ ရှင် အဲဒီမိန်းမကို အထင်ကြီးတယ်ဆိုလည်း သိပ်စိတ်ညစ်ခံမနေနဲ့၊ သူ့ပဲ ယူလိုက်တော့"

ဖွေးဖွေးဖြူက သူမထိုင်နေသည့်ခုံကို ဝုန်းခနဲ နောက်ဆုတ်တွန်းပစ်လိုက်ကာ ဆိုင်ထဲကနေ ဝုန်းဒိုင်းကြဲ ထွက်သွားတော့သည်။





ဆိုင်ထဲရှိသမျှ လူတွေက မိန်းကလေးနှစ်ယောက်နဲ့ ဆက်တိုက်ဆိုသလို တွေ့ဆုံပြီး၊ နှစ်ယောက်စလုံးကို စိတ်ဆိုးမာန်ဆိုး ထွက်သွားစေနိုင်သော လသာကို လူထူးလူဆန်းတစ်ယောက်လို တစေ့တစောင်း အကဲခတ်နေကြတော့သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလည်း အမေ့ကို ပြုစုရတာ ပင်ပန်းလိုက်တာကွယ်၊ အမေလည်း မြန်မြန် ဝဋ်ကျွတ်ချင်ပါပြီ၊ ကိုယ့်သမီးနဲ့ ယောက်ျားကို အားနာလွန်းလို့"

"မဟုတ်တာ အမေရယ်၊ ကိုယ့်အမေကို ပြုစုရတာ ဘာမှ မပင်ပန်းပါဘူး၊ အမေသာ နေကောင်းအောင်နေပါ"

"ကိုယ့်ဝေဒနာကိုယ် အသိဆုံးပေါ့ သမီးရယ်၊ အမေ့အခြေအနေက အခု ကောင်းလာရင်တောင် ကြာရှည်တော့ လူကောင်းပကာတိအနေနဲ့ နေနိုင်မှာ မဟုတ်တော့ပါဘူး"

မြမိုးညိုက ဝဲတက်လာသည့် မျက်ရည်တွေကို အမေ မမြင်သာအောင် မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ကာ ဖယ်ရှားပစ်လိုက်ရသည်။





သနားစရာကောင်းလှတဲ့ အမေ။ ဝေဒနာဒီလောက်ဆိုးဝါးပြီး ကိုယ့်အခြေအနေ ကိုယ်သိနေတာတောင် ရောဂါနဲ့ပတ်သက်လို့ တစ်စက်ကလေးမှ မညည်းညူ။

အမေ့စိတ်ထဲ ရှိနေတာဟာလည်း ရောဂါဝေဒနာအကြောင်း ဟုတ်ပုံမရ။ တစ်ဦးတည်းသောသမီး မြမိုးညိုရဲ့ အနာဂတ်အတွက် စိတ်မချခြင်းတွေသာ စိုးမိုးနေခဲ့ပုံပင်။

"အမေ သေမှာမကြောက်ပါဘူးကွယ်၊ ဒါဟာ လူတိုင်းကြုံရမဲ့ ပရမတ်တရားပဲ၊ အမေစိတ်ပူတာက သမီးအတွက်ပဲ၊ သမီးအဖေကတော့ အမေ့အရှယ် ဖြစ်နေပြီ၊ စိတ်မချစရာ မရှိတော့ဘူး၊ တကယ်လို့ အမေတို့ အဖေတို့သာ မရှိတော့ရင် ငါ့သမီးလေးတစ်ယောက်တည်း ဆိုတာပဲ အမေ စိတ်ပူတာ"

"နိမိတ်မရှိတာတွေ အမေရယ်"

"ဒါတွေက နိမိတ်နဲ့ မဆိုင်တော့ဘူး သမီး၊ မကြာခင်မှာ တကယ်လက်တွေ့ ကြုံကြရတော့မှာတွေ၊ အမေတို့က

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးမှ အိမ်ထောင်ပြုကြတာဆိုတော့ သမီးလေး အရွယ်မရောက်ခင်မှာ အမေတို့ မရှိတော့ဘူး"

အရွယ်မရောက်ခင် ... တဲ့။

အသက်နှစ်ဆယ့်သုံးနှစ် ရှိနေပြီဖြစ်သော သမီးတစ်ယောက်ကိုတောင် အမေက အရွယ်မရောက်သေးဘူးလို့ ထင်ရှာသေးသည်။

အင်းလေ ... မိဘဆိုတော့လည်း ကိုယ့်သားသမီးကို ကလေးလိုပဲ သဘောထားရှာမှာပေါ့။

"သမီးကို စိတ်မချရသေးရင် အမေ အသေတောင် ဖြောင့်ပါ့မလား မသိဘူးကွယ်"

"မဟုတ်တာ၊ အမေက ဘာလို့ သေရမှာလဲ"

"အမေ, မသေနိုင်ဘူးလို့ သမီးပါးစပ်က ဘယ်လောက်ပဲ ပြောပြော အမေ့ကွယ်ရာမှာ သမီး ကျိတ်ကျိတ်ပြီး မျက်ရည်ကျနေရတာပဲ မဟုတ်လား၊ အမှန်တရားကို ရင်ဆိုင်ရမှာပဲကွယ့်၊ ရှောင်ပြေးချင်လို့ မရဘူး"





မြမိုးညို ဘာမှ ပြန်မပြောရဲတော့။

"ကိုနေစိုးတို့ လင်မယားကို ရန်ကုန်လာခဲ့ဖို့ အမေ တမင်နိုင်းလိုက်တာပဲ သမီး၊ ဒီရက်ပိုင်းအတွင်းမှာ သမီးတို့ကိစ္စပြီးပြတ်အောင် စီစဉ်လိုက်ချင်တယ်"

"မမြန်လွန်းဘူးလား အမေရယ်"

"အမေ့ရောဂါ အခြေအနေနဲ့ တွက်ရင်တော့ မမြန်ဘူးသမီး၊ ပြီးတော့ ကိုနေစိုးတို့ ဆိုတာ ဟိုးအရင်ကတည်းက တစ်ယောက်အကြောင်း တစ်ယောက် အကုန်သိလာကြတာ၊ ခုမှထပြီး လေ့လာ အကဲခတ်နေစရာလည်း လိုတာမဟုတ်ဘူး"

မြမိုးညိုက အမေ့ကို ကြောင်ငေးငေးကလေးသာ ကြည့်နေမိတော့သည်။

ရင်ထဲမှာ ပြောစရာတွေ ပြည့်ကျပ်နေပေမဲ့ နှုတ်ဖျားသို့တော့ ဗလာ။

သူ့မှာ ဘာများပြောစရာ ရှိသေးလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှာ အသည်းအသန် ဖြစ်နေသော မိခင်ကြီးက ကိုယ့်ကို ဒီလူမှဒီလူနဲ့ သဘောတူနေသည်။ အချိန်လည်း သိပ်မရှိတော့တာမို့ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ရမည်။ တစ်ဖက်က မိဘတွေကိုတောင် အမြန်ခေါ်ထားပြီးပြီ။

ကဲ ...ဒီအချိန်မှာ မြမိုးညို အတွက် ပြေးစရာမြေကော ရှိပါသေးရဲ့လား။

"အမေ့သမီးလေးက လိမ္မာလို့ တော်ပါသေးတယ်၊ တကယ်လို့သာ အမေ့အစီအစဉ်ကို လက်မခံဘူး၊ သဘောမတူဘူး ဆိုပြီး ငြင်းနေရင် အမေ အရမ်းစိတ်ဆင်းရဲရမှာ၊ အခုတော့ သမီးဘက်ကရော၊ ကောင်လေးဘက်ကရော ကျေကျေနပ်နပ် သဘောတူ လက်ခံကြလို့ စိတ်ချမ်းသာရသေးတာ"

အမေ ... အမေ။

ရိုးသားလှတဲ့ အညာသူ အမေဟာ သားသမီးနဲ့ ပတ်သက်လာတော့လည်း အပြောအဆိုလေး လိမ္မာလှချည်လား။





ပြောလိုက်ကတည်းက အပြတ်ပဲ။ သမီးကရော ကောင်လေးကရော ကျေကျေနပ်နပ် လက်ခံလို့ စိတ်ချမ်းသာရပါသတဲ့။ ပြီးရော။ နောက်ထပ်ပြောဖို့ အခွင့်အလမ်းတွေ ပိတ်သွားရော။

"မနက်ဖြန်ကျရင် မောင်နေရောင့် မိဘတွေ လာကြလိမ့်မယ်၊ အမေက လူနာခုတင်ပေါ်က မထ,နိုင်တော့ အမေ့ခုတင်ဘေးမှာပဲ စေ့စပ်ကြောင်းလမ်းတဲ့ စကား ပြောကြရမှာပဲ"

ပိန်ခွက်ညှိုးလျော်နေသော အမေ့ရဲ့ ဝေဒနာမျက်နှာကို ငေးကြည့်ရင်း မြမိုးညိုက သက်ပြင်းတစ်ချက်ကို အလေးပင်ဆုံး၊ အပူလောင်ဆုံး ချလိုက်မိပါရဲ့။

ထိုသက်ပြင်းထဲမှာ မျှော်လင့်ချက်တွေ၊ စိတ်ကူးယဉ်မှုတွေ၊ လှပသာယာသော အနာဂတ်တွေ၊ ရင်ခုန်ကြည်နူးခြင်းတွေ အားလုံးရောထွေးပါသွားကြလေရဲ့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီရဲ့ ပလက်တီနမ်ဆိုင်ကြီးရှေ့မှာ စာအုပ်လေး တစ်အုပ်ကိုင်ရင်း ယောင်ချာချာရပ်နေသူက နေရောင်ပဲ ဖြစ်ပါသည်။

အရင်က မျိုးခနဲ ဖျတ်ခနဲ ဝင်ထွက်သွားလာနေကျ နေရာတစ်ခုကိုပင် သူ့မှာ ဝင်သွားဖို့ တွန့်ဆုတ်နှောင့်နှေးနေရသည်။

ဟိုးတောရွာဖနပုဒ်က တောသားကလေး လန်ဒန်မြို့က အကောင်းဆုံး ကုန်တိုက်ကြီး တစ်ခုထဲကို ဝင်ဖို့ တွန့်ဆုတ်နေသလိုမျိုး။

နံ့သာနီနဲ့ မတွေ့ဖြစ်တာ ကြာပြီ။



နံ့သာနီ့ သူငယ်ချင်းရဲ့ ဒင်နာပွဲမှာ သူဝတ်လာသည့် ဝတ်စုံကို အတင်းကြီး လဲဝတ်စေခဲ့ကတည်းက စိတ်ထဲတော်တော်ကြီး ထိခိုက်ခံစားနေကာ သူမနဲ့ တကူးတက သွားတွေ့ဖို့ကို စိတ်ပေါ့ခဲပါတော့တာ။

သိကြတဲ့အတိုင်း နေရောင်က နေနိုင်လျှင် နံ့သာနီတို့က ဆယ်ဆပြန်နေနိုင်တတ်သူမျိုး ဖြစ်ပေရာ သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သော ဝေးကွာခြင်းတစ်ခု စိုးမိုးနေခဲ့တာ။

ဒီနေ့တော့ လုံးချင်းဝတ္ထုထွက်သည့်နေ့မို့ စာအုပ်သက်ဆောင်ပေးရအောင် နံ့သာနီ့ဆီ မဖြစ်မနေ ထွက်လာခဲ့ရတာ။

နံ့သာနီက စာဖတ်ဝါသနာပါသူ တစ်ယောက်တော့ ဆောတ်။ ဝါသနာမပါသည့်အပြင် စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့် အဆိုအမိန့်ကို ဆန့်ကျင်ကာ စာဆိုလျှင် ကုန်ပစ္စည်းအမှာ စာလောက်နဲ့ ဖက်ရှင်ဒီဇိုင်း ကက်တလောက်တွေလောက်သာ ဖတ်တတ်သည့်သူမျိုး။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်စိလည် လမ်းမှားပြီး စာရေးဆရာနဲ့ ချစ်သူဖြစ်ပြီးသည့် နောက်မှာတော့ စာအုပ်ထွက်လျှင် သူမအရင်ဆုံး သိရမှ၊ လက်ဆောင်အရင်ဆုံးရမှ ကျေနပ်တတ်သည်။ တစ်ခုပဲ ... ရလာသော စာအုပ်ကို မျက်နှာဖုံးရဲ့ အတွင်းက စာရွက်သား အရည်အသွေးကို ကြည့်ကာ ဝေဖန်ပြီးလျှင် ဘုတ်ခနဲ ဆောင့်ချထားလိုက်တာဟာ သူမရဲ့ တပည့်မကလေး စားပွဲလာ မရှင်းမချင်း နေရာမရွေ့တော့တာပင်။

ချစ်သူက ကိုယ့်အပေါ် ဒီလောက် အားပေးနေပေမဲ့ လည်း လိုချင်စိတ် ရှိတာလေးကိုပဲ နေရောင်က ကြံဖန်ကျေးဇူး တင်ရပါသေးသည်။

အင်း ... အခုလည်း ဒီစာအုပ်ကလေးနဲ့ ရောက်သွားလျှင် အဖုံးက အရောင်များလွန်းတယ်၊ မိန်းကလေးက ခါးကော့လွန်းတယ်၊ မျက်နှာရှည်ပြီး နှာခေါင်းကြီးတယ်၊ အတွင်းသားစာရွက်က ဝါညစ်ညစ်နဲ့ ညံ့တယ် စသည်ဖြင့် ဝေဖန်ကာ ပစ်ထားလိုက်ဦးမှာပင်။





ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ကလေးကြောင့် ရက်အတော်ကြာ အနေဝေး ပြတ်တောက်နေခဲ့သော သူတို့နှစ်ယောက်ရဲ့ အခြေအနေလေး ပြန်လည်နွေးထွေးလာလိမ့်မည်လို့တော့ ယူဆရတာပင်။

ဒီကို လာနေကျလည်းဖြစ်၊ သူနဲ့ နံ့သာနီရဲ့ ပတ်သက်မှုကိုလည်း သိထားကြပြီးသား ဖြစ်တာမို့ နေရောင်က နံ့သာနီ ရုံးခန်းရှေ့အထိ အတားအဆီးမရှိ ဝင်လာနိုင်ခဲ့ပါသည်။

ရုံးခန်းထဲမှာ နံ့သာနီက အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေသည်။ အလုပ်ကိစ္စ ပြောဆိုဆွေးနွေးနေကြတာမို့ နေရောင်က ဘာမှဝင်အနှောင့်အယှက် မပေးဘဲ အေးအေးဆေးဆေး ထိုင်စောင့်နေသလို နံ့သာနီကလည်း အသိအမှတ်ပြုသည့် သဘောလေးနဲ့တောင် တစ်ချက်လှည့်မခေါ်ချေ။

စိတ်ရှည်ရှည်နဲ့ လေးဆယ့်ငါးမိနစ်ခန့် အသံတိတ်စောင့်ဆိုင်းနေရပြီးသော် ဧည့်သည်အမျိုးသမီး ထ,ပြန်သွားတော့သည်။

www.burmeseclassic.com



ညည့်သည်ပြန်ပြန်ချင်း နံ့သာနီ နားသို့ နေရောင်က လျှောက်သွားလိုက်သော်လည်း နံ့သာနီက ထိုင်နေရာက ဖျတ်ခနဲထ,ကာ ဗီရိုတစ်လုံးဆီသွားပြီး စာရွက်စာတမ်းတွေ ရှာဖွေနေသည်။

တစ်မျိုးတော့ တစ်မျိုးပဲ။

နံ့သာနီ တစ်ခုခု ဖြစ်နေတာတော့ သေချာသည်။ သူဝင်လာတာကို အသိအမှတ် မပြုသလို နေလိုက်ကတည်းက စိတ်ထဲ တစ်မျိုးတော့ တစ်မျိုး။ ညည့်သည်ရှိလို့ပဲလေလို့သာ ကြံဖန်ဖြေသိမ့်ရသော်လည်း သိပ်တော့ အဓိပ္ပာယ်မရှိလှပါ။ ညည့်သည်ရှိလည်း ခဏထိုင်စောင့်ဦးဆိုသည့် စကားလောက်ကတော့ ပြောနိုင်ရမှာပေါ့။

ညည့်သည် ပြန်သွားပြီးတော့လည်း နှုတ်ဆက်စကားလေး တစ်ခွန်းတောင် မပြောနိုင်လောက်အောင်ပဲ အလုပ်ရှုပ်ကျန်ခဲ့တာကတော့ မဖြစ်နိုင်။





သူမကို အဆက်အသွယ် ဖြတ်ထားလို့များ စိတ်ဆောက်နေတာလား။ အဲ ... မှားလို့။ နံ့သာနီဟာ စိတ်ကောက်တတ်သော မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါ။ စိတ်ဆိုးဘာ၊ စိတ်ကုန်တာ၊ စိတ်ပျက်တာ တစ်ခုခုပဲ ဖြစ်ရမည်။

"နံ့သာ ... ကိုယ့်စာအုပ်အသစ်ထွက်လို့ လက်ဆောင်လာပေးတာ"

BURMESE CLASSIC

သူမမျက်နှာက တင်းလွန်းတော့ ကိုယ့်အသံဟာ လိုလို အားလျော့စိတ်ပျက်သည့် အသံမျိုး ပေါက်သွားသလိုပင်။

မိန်းမနဲ့ ယောကျ်ား ယှဉ်လိုက်လျှင် မိန်းမဘက်က သာ်စီးရကာ ယောကျ်ားက နိမ့်ပါးသေးနုပ်သွားရသည့် အဖြစ်ကို နေရောင်က သဘောမကျတတ်ပါ။ ချစ်လို့အရှုံးပေးလိုက်သာတာ၊ အနစ်နာခံတာက တစ်ပိုင်းပဲလေ။

သို့သော် တကယ်လက်တွေ့ကျတော့ ထက်မြက်ထက်ကြွားလွန်းသော နံ့သာနီရဲ့ အရှိန်အဝါအောက်မှာ နေရောင် တိမ်မြုပ်ပျောက်ကွယ် နိမ့်ပါးနေရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင့်ဘက်က မရွံ့မရဲစကား စ,ပြောလိုက်သည့်တိုင် နံ့သာနီထံက ဘယ်လိုတုံ့ပြန်မှုမျိုးမှ မရှိ။

ဒီအခန်းလုံလုံကလေးထဲမှာ ပုံမှန်လေသံနဲ့ ပြောလိုက်သည့် စကားကိုတော့ မကြားစရာ အကြောင်းမရှိချေ။ တစ်ခါတကာကို နှုတ်တုံ့မပြန်ချင်တာပဲ ဖြစ်ရမည်။

"နံ့သာ ... ဘာဖြစ်နေတာလဲ"

အဖြေမရှိ။

"ကိုယ့်ကို စိတ်ကောက်နေတာလား"

ဗီရိုထဲမှာ ဖိုင်တွဲတစ်ခု ရှာထုတ်လာပြီး နံ့သာနီ သူမစားပွဲမှာ ပြန်ထိုင်သည်။ နေရောင်နဲ့ ထိုင်ခုံချင်း မျက်နှာချင်းဆိုင် ထိုင်နေသည့်တိုင် မော့ကြည့်ခြင်း မရှိ။

"နံ့သာ"

"ကျွန်မ အလုပ်တွေ အရမ်းများနေတယ်၊ အရေးမပါတဲ့ စကားတွေ ပြောဖို့အချိန်မရှိဘူး"





နံ့သာနီလေသံက ပြတ်တောက် မာကျောလှသည်။ ဒီလေသံမျိုးဟာ ချစ်သူရည်းစားချင်း စိတ်ကောက်၊ စိတ်ဆိုးနေတုန်းပြောသည့် လေသံမျိုးနဲ့ လားလားမှမတူ။ ရန်သူတစ်ယောက်နဲ့ ပြောသည့် အသံမျိုးတောင် မဟုတ်။

အနီးစပ်ဆုံး ဘာနဲ့တူသလဲလို့ ပြောရလျှင် အလုပ်ရှုပ်နေတုန်း ပိုက်ဆံလာတောင်းသည့် အရေပြားရောဂါသည် သူတောင်းစားကို အော်ငေါက်ထုတ်ပစ်သည့် လေသံမျိုး။

"ကိုယ့်ကို ဘာတွေ စိတ်ဆိုးနေတာလဲ"

"ဘာမှ စိတ်မဆိုးဘူး၊ ကိုယ့်လမ်းကိုယ် သွားကြတာပဲ၊ ကိုယ့်စိတ်ကြိုက် ဆုံးဖြတ်လုပ်ပိုင်ခွင့် ရှိတယ်၊ ရှင်လည်း ရှင်နေချင်သလို နေလို့ရတာပဲ"

"ဘာလဲ ... နံ့သာဆီ အဆက်အသွယ် မလုပ်ဖြစ်တာ ကြာသွားလို့လား၊ ဒီမှာလေ ... စာအုပ်က ထွက်တော့မှာဆိုတော့ ကိုယ် တအားအလုပ်ရှုပ်နေလို့ပါ၊ မဂ္ဂဇင်းထွက်ရက်နဲ့ကလည်း တိုက်နေတော့"

www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီက စိတ်ရှုပ်သည့် မျက်နှာနဲ့ မော့ကြည့်

လိုက်လျက် ...

"ဒီမှာ ကိုနေရောင်၊ ကျွန်မ အပြတ်ပြောလိုက်မယ်၊ ရှင်

နဲ့ ကျွန်မ မဖြစ်နိုင်တော့ဘူး"

"ဟင် ... ဘာလို့ ... ဘာဖြစ်လို့လဲ"

"ကိုယ့်အပေါ် သစ္စာမဲ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ အယ်

အညာကို မခံနိုင်လို့"

"ဗျာ"

"အကြောင်းပြချက် သိရပြီးရင် ရှင် ပြန်လို့ရပြီ"

"ဟာ ... မဟုတ်သေးဘူး၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ကို

က ဘယ်လိုသစ္စာဖောက်တာလဲ၊ ဘာကြောင့် အဲဒီလို

ရတာလဲ၊ သေသေချာချာ ရှင်းပြဦးကွာ"

"ရှင်လုပ်ထားတဲ့ အလုပ်တစ်ခုကို ကျွန်မက ရှင်းပြ

မယ်၊ ဒီလောက်အထိတော့ မလိုဘူးထင်တယ်"



"ကိုယ် ဘာလုပ်ထားလို့လဲ၊ ဘာမှ လုပ်မထားဘူး၊ ဟုတ်တယ် ... ကိုယ် အလုပ်များနေတဲ့အပြင် နံ့သာကို နည်းနည်းစိတ်ခုနေမီလို့ အဆက်အသွယ် မလုပ်ဖြစ်တာပါတယ်၊ ဒါပေမဲ့ အဲဒါ သစ္စာဖောက်တဲ့ လုပ်ရပ်လို့တော့ ပြောလို့မရဘူး ထင်တယ်"

"ဟင်း ... ဟင်း ... ရှင့်ကို ရိုးရိုးသားသား အမှန်စကားပဲ ပြောတတ်တဲ့သူလို့ထင်ပြီး ကျွန်မက အမှတ်ပေးထားမိတာ ရှင်က ကွယ်ရာမှာ မဟုတ်တာ လုပ်တတ်တဲ့အပြင် လိမ်ညာပြီးတော့လည်း ပြောတတ်သေးတာကိုး၊ အင်းလေ ... မကောင်းမှုဆိုတာမျိုးကလည်း တစ်ခုနဲ့တစ်ခု တွဲနေတာကိုး"

"ဘာတွေလဲ၊ ဘာတွေလဲကွာ၊ ရောက်ကတည်းက နံ့သာ ကိုယ့်ကို ဂရုမစိုက်ဘူး၊ အခုလည်း တောက်လျှောက် အကြောင်းမဲ့ စွပ်စွဲနေတယ်၊ ဘာမှန်းမသိဘဲ ငုတ်တုတ် အပြောခံနေရတာမျိုးတော့ ကိုယ် သည်းမခံနိုင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား သည်းမခံနိုင်ရင် သွားသေလိုက်ပေါ့၊ ဘယ်သူကများ ရှင့်ကို ကျွန်မ စကားတွေ သည်းခံပြီး လာနားထောင်ပေးစမ်းပါလို့ ဖိတ်ခေါ်ထားလို့လဲ"

"တောက်"

နေရောင်က ဘယ်လိုမှ မနေနိုင်စွာ တောက်တစ်ချက် ခေါက်မိသွားတော့သည်။

သူတို့နှစ်ယောက်ကြားမှာ စဉ်းစားမရအောင် လွဲချော်မှုတစ်ခုခု ရှိနေခဲ့ပြီဆိုတာကိုတော့ နေရောင်က တွေးမိသားပင်။

အဲဒီလွဲချော်မှုဟာ ဘာလဲလို့သိရပြီး ကိုယ့်ဘက်က ရှင်းပြခွင့်ရလိုက်သည်ဆိုလျှင်မှ နံ့သာနီကျေနပ်လက်ခံတာ လက်မခံတာ အသာထား စိတ်ထဲ ရှင်းသေးသည်။

အခုဟာက ဘာကို ဆိုလိုမှန်းလဲ မသိ။ ဖြေရှင်းဖို့ နေနေသာသာ ဘာပြဿနာများလဲလို့ တွေးကြည့်ဖို့ သဲလွန်စလေးတောင် မပေါ။ နံ့သာနီဘက်ကချည်း တစ်ဖက်သတ် စွပ်စွဲရန်ရှာသလို ဖြစ်နေသည်။





နေရောင်ဟာ စိတ်သဘောထားကောင်းပြီး ရိုးသားအေးဆေးသူတစ်ယောက် ဖြစ်ပေမဲ့လည်း မတရားနှိပ်ကွက်တာမျိုး ငုတ်တုတ် လည်စင်းခံနေရသည့်အခါကျတော့ ကြာရှည်သည်းမခံနိုင်တော့ချေ။

နံ့သာနီဘက်ကျတော့လည်း ကိုယ်တိုင်က သစ္စာမဲ့သည့် လုပ်ရပ်ကို လုပ်ထားတာ ဖြစ်ပါလျက် တောက်တွေဘာတွေ လာခေါက်ကာ လေသံမာနိုင်သေးတာကို မခံမရပ်နိုင်အောင်ပဲ ဒေါသထွက်ရကာ ...

"ရှင် အခုထွက်သွားတော့ ကိုနေရောင်၊ ရှင့်လို အရှက်မရှိ သိက္ခာမရှိတဲ့ ယောကျ်ားမျိုးကို နံနံအအ တော့သူမကပဲ အထင်ကြီးလက်ခံမယ်၊ ကျွန်မကတော့ ကိုယ့်အနီးအနားတောင်ပေးပြီး အကပ်မခံနိုင်ဘူး"

စော်ကားလိုက်တာ ... နံ့သာနီရဲ့ ပါးစပ်ထဲမှာ ယောကျ်ားတစ်ယောက်ရဲ့ ရှိသမျှတန်ဖိုးတွေ၊ သိက္ခာတွေ အားလုံး ကုန်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီဟာ သူ့ကို ချစ်သူတစ်ယောက်လို သဘော မထားနိုင်ချင်နေ ယောက်ျားတစ်ယောက်၊ လူတစ်ယောက်အနေနဲ့ လေးစားဖို့ ကောင်းပါသေးတယ်။ ခုတော့ ပြောချင်တာပြောပြီး ခွေးတစ်ကောင်လို မောင်းထုတ်ပစ်လိုက်တာများ။

နေရောင့် နှလုံးသားထဲက တဆစ်ဆစ် နာကျင်လာသည်။ နံ့သာနီကိုလည်း အကြောက်ကြီး ကြောက်သွားမိသည်။

တော်လောက်ပါပြီ။ ဒီလောက် တစ်ဖက်စွန်းကျကာ အတ္တကြီးသော၊ ကိုယ့်အိမ်ဦးနတ် ဖြစ်လာမည့် ယောက်ျားတစ်ယောက်ကိုတောင်မှ တန်ဖိုးထားမြှင့်တင်ရကောင်းမှန်းမသိနိုင်ဘဲ ထက်စီးနင်း လုပ်ချင်သေးသော မိန်းမတစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီးတော့များ ရေရှည် လက်တွဲမလဲ။

"ရှင် မသွားသေးဘူးလား"

"ကောင်းပြီလေ၊ ဒါဆိုလည်း ကိုယ် သွားတော့မယ်"

နေရောင်က စကားများများ ပြောမနေတော့ဘဲ နံ့သာနီရှေ့က ထွက်လာခဲ့လိုက်တော့သည်။





အပြင်ကို ပြန်ရောက်တော့ ကိုယ့်ခေါင်းပေါ် စီးမိုးနေသလိုရှိသည့် မြင့်မားလှသော အဆောက်အအုံကြီးကို လည်ပြန်၍ ကြည့်မိသည်။

အဆောက်အဦကြီးရဲ့ မြင့်မားသော အရိပ်အောက်မှာ နေရောင်ရဲ့ ခန္ဓာကိုယ်ဟာ သေးကွေးကျုံ့ဝင်သွားသလိုလို။

သူ ချစ်မြတ်နိုးခဲ့သော မိန်းမဟာ ဒီနေရာမှာပဲ ကျန်ခဲ့လျက် သူကတော့ တဖြည်းဖြည်း ဝေးရာသို့ ကျောခိုင်း ထွက်ခွာသွားရတော့မည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်ထားသည့် မြမိုးညိုရဲ့ လက်ချောင်းကလေးတွေ တုန်ခါနေကြတာကို မှိုင်းဝေက ငေးကြည့်နေမိသည်။

တစ်ခါက ကဗျာတစ်ပုဒ်ထဲမှာ ဖတ်ဖူးသည့် စာသားလေးတစ်ခု ...

တို့ရဲ့ နှလုံးသားကို ဆန့်ကျင်လို့
ဒီနေရာမှာပဲ လမ်းခွဲကြတယ် ...
ကိုယ့်ရဲ့ ချစ်လှစွာသော ချစ်သူရေ ...
တစ်ခုသော ဖြေသိမ့်စရာကတော့ ...
ခွဲခွာခြင်းဆိုတဲ့ လမ်းကြောင်းဟာ
ဘာအရှုပ်အထွေးမှ မရှိဘဲ
ရှင်းလင်းနေတာပေါ့ကွယ် ... တဲ့။





အမှန်ပါပဲ ...

လူသားနှစ်ယောက် တွေ့ဆုံပေါင်းစည်းဖို့ ကြိုးစားရတာဟာ ရှုပ်ထွေး၊ ပင်ပန်းခက်ခဲသလောက် ခွဲခွာဖို့ကျတော့ လွယ်ကူရှင်းလင်းနေလိုက်တာ။

မကြာခင်မှာ သူတို့နှစ်ယောက် ဒီဆိုင်ထဲက ထွက်သွားကြရတော့မည်။

နှစ်ယောက်သား သွားဖို့ရွေးချယ်ထားသည့် နေရာဒေသတွေအရဆိုလျှင် မှိုင်းဝေက ဆိုင်ရဲ့ မြောက်ဘက်ကို သွားရမှာဖြစ်ပြီး မြမိုးညိုကတော့ ဆိုင်ရဲ့ တောင်ဘက်ကို ဦးတည်သွားရမှာ။

တစ်နည်းအားဖြင့် ဆိုလျှင်တော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ကျောချင်းကပ်လျက်ကနေ တဖြေးဖြေး ဝေးကွာသော အရပ်ဆီ လျှောက်လှမ်းသွားကြရတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဘယ်လောက်တောင်များ ရှင်းလင်းလွယ်ကူလိုက်သလဲ။ ကျောခိုင်းပြီး တည့်တည့်လျှောက်သွားလိုက်ရုံနဲ့ ပြီးပြီ။ တကယ်လို့များ နောက်ပြန်လှည့်မကြည့်ကြဘူးဆိုလျှင် သူတို့နှစ်ယောက်ရဲ့ ဘဝတစ်သက်တာလုံး ပြန်လည်ဆုံတွေ့စရာ အကြောင်း မရှိတော့ ...

"မြ, လေ"

မြမိုးညိုက စကားတစ်ခွန်းပြောဖို့ ကြိုးစားကြည့်ပါသေးသည်။ သို့သော် မအောင်မြင်။ ဘယ်အောင်မြင်ပါ့မလဲ။ အစကတည်းက ဘာစကားပြောမည်ဆိုသည့် ကြိုတင်ရည်ရွယ်ပြင်ဆင်မှုမှ ရှိမထားတာပဲ။

နှစ်ယောက်သားကြားမှာ တိတ်ဆိတ်ခြင်းက ပြန်လည်ကြီးစိုးသွားရပြန်သည်။

ကြောက်စရာ ကောင်းလှသော တိတ်ဆိတ်ခြင်း။ တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှသည့် အချိန်ကာလ။ သွေးပျက်ဖွယ် နာရီလက်တံ ရွေ့လျားသံ။





"ဒီနေ့ညနေပေါ့နော်"

"ဟုတ်တယ်"

အကြောင်းအရာကို ထည့်မပြောဖြစ်ကြပေမဲ့ ဘာကိုဆိုလိုသည်ဆိုတာ နှစ်ယောက်စလုံးက နားလည်ကြသည်။

ဒီနေ့ညနေမှာ မြမိုးညို အမေရဲ့ ဆေးရုံမှာပဲ နှစ်ဖက်လူကြီးမိဘတွေ တွေ့ဆုံစကားပြောကြမည်။ နဂိုကတည်းက ကြိုတင်စည်းဝါးရိုက်ထားကြပြီးသားတွေမို့ တွေ့ဆုံပွဲက ဘာမှ ထစ်ငေါ့စရာမရှိ။

ပုံမှန်အစည်းအဝေး တစ်ခုလိုပဲ သဘာပတိက အခုဖတ်ကြားတဲ့ စာတမ်းကို ကန့်ကွက်ဖို့ တစ်စုံတစ်ရာ ရှိပါသလားခင်ဗျာလို့မေး။ ပရိသတ်က မရှိပါဘူးလို့ တညီတညွတ်တည်း ထောက်ခံ။ ဓာတ်တိုက်ထားသော အမေးအဖြေကို သုံးကြိမ်သုံးခါပြန်လုပ်ပြီးလျှင် ကန့်ကွက်စရာမရှိတဲ့အတွက် ဒီအဆိုကို အတည်ပြုလိုက်ပါပြီလို့ ကြေညာကြသလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ စေ့စပ်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်သွားတော့မည်။

နောက်ဆက်တွဲ ရလဒ်အဖြစ်ကတော့ သူချစ်မြတ်နိုးလှစွာသော မိန်းမဟာ တခြားတစ်ပါးသော ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ဆီသို့ ...

"မြ တောင်းပန်ပါတယ်"

ကြံရာမရစွာ ပြောထွက်လိုက်သော စကားဟာ အခြေအနေ အချိန်အခါနဲ့ မကိုက်ညီလှဘူးလို့ မြမိုးညိုက သိပါသည်။

သို့သော် သူမမှာလည်း ဒီစကားကလွဲကို တခြားပြောစရာ မရှိ။

"မြတို့နှစ်ယောက် ကံမပါခဲ့ကြဘူးလို့ပဲ သဘောထားလိုက်ပါတော့"

"တကယ်တော့ ကံဆိုတာ အလုပ်ပါပဲ"

"ကိုမှိုင်း မြကို စိတ်ဆိုးနေလားဟင်"





"မဆိုးပါဘူး၊ စိတ်ဆိုးလို့မရဘူး၊ အဲဒါကြောင့်လည်း ကိုယ့်ဘာသာ ဒေါသထွက်မိတယ်၊ တကယ်လို့ မြကိုသာ စိတ်ဆိုးလို့ရခဲ့ရင် ကိုယ့်ရင်ထဲ ဒီလောက်လေးလံ မွန်းကျပ်နေမှာ မဟုတ်ဘူး"

မြမိုးညိုက မျက်ရည်ရစ်ဝိုင်းသော မျက်ဝန်းတို့ကို မျက်တောင် တဖျပ်ဖျပ် ခတ်ချက် ကာကွယ်နေသည်။

အရင်ကတော့ချစ်သူမျက်ရည်ဝဲလျှင် မှိုင်းဝေတို့ နေစရာမရှိဖြစ်ကာ ချော့မော့နေကျ။

ခုကျတော့ ချော့မော့ဖို့လည်း မလို၊ ချော့မော့နိုင်သည့် စွမ်းအားလည်း မရှိတော့ချေ။

"မြ သတ္တိနည်းခဲ့ပါ"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူးလေ၊ အဖြစ်အပျက်တွေကိုက ဒီလိုပဲ ဖြစ်လာစရာ ဖြစ်ရတာကိုး၊ မြဟာ သမီးလိမ္မာလေးတစ်ယောက် ဖြစ်ခဲ့ကဲ့အတွက် ကိုယ်က အပြစ်တင်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မြ နည်းနည်းလောက် စွန့်စားရဲခဲ့ရင် ကောင်းမှာပဲလို့ တွေးမိတယ်"

"မတွေးပါနဲ့တော့ မြရယ်၊ သိပ်မကြာခင်မှာပဲ မြရဲ့ဘဝက ပြောင်းလဲတော့မှာ၊ ဒီအတွေးကြီး ကျန်ခဲ့ရင် မြရဲ့ ဘဝသစ်အတွက် ဘယ်ကောင်းပါ့မလဲ"

ဘဝသစ် ...

မြရဲ့ ဘဝသစ်တဲ့ ...

ဟုတ်တော့လည်း ဟုတ်တာပင်။ ကိုနေရောင်နဲ့ လက်ထပ်ပြီးသွားလျှင် မြမိုးညိုဟာအိမ်ထောင်ရှင်မတစ်ယောက် ဖြစ်သွားတော့မည်။ မှိုင်းဝေရဲ့ ချစ်တဲ့ မြမိုးညိုဆိုသည့် ဘဝဟာ လုံးလုံး ပျောက်ဆုံးရတော့မည်။

"မြ ပျော်အောင်နေပါ၊ ကံကြမ္မာကို ပြောင်းလဲလို့ မရတော့တာ သေချာပြီဆိုရင် ကိုယ့်စိတ်ကိုပဲ ပြောင်းလဲနိုင်အောင် ကြိုးစားရုံပေါ့"

"ကိုမှိုင်းကရောဟင်"





မရဲတရဲ မေးလိုက်တာပေမဲ့ မြမိုးညိုကို ရည်ရွယ်သည်ဆိုတာ မှိုင်းဝေက သဘောပေါက်လိုက်သည်။

သူမ လက်ထပ်သွားပြီးလျှင်ကော မှိုင်းဝေက သူမကို ဆက်ပြီး ချစ်နေမှာလား၊ တမ်းတနေမှာလားလို့ မေးချင်တာ။

မှိုင်းဝေက ရင်နာနာကြားထဲကပဲ ခပ်ရွှဲ့ရွှဲ့ ပြုံးလိုက်မိပါသေးရဲ့။

လောဘ ... လောဘ။ မိန်းမတွေများ တခြားနေရာဆွမှာ လောဘမကြီးရလျှင်တောင် အချစ်နဲ့ ပတ်သက်လာလျှင် လောဘက ကြီးချင်သေးသည်။

မြမိုးညိုလို မိန်းကလေးမျိုးတောင်မှ ကိုယ့်ဘက်ကသည်း ပေးနိုင်တာ မဟုတ်ဘဲနဲ့ သူများဆီကကျတော့ အပြည့်အဝ ပြန်လိုချင်နေပေသား။

လက်စားချေလိုသည့် ဆန္ဒကြောင့် မဟုတ်ပေမဲ့ လိမ္မာချင်သော မှိုင်းဝေကလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း နေတာတ်အောင် နေကျန်ခဲ့ရမှာပေါ့၊ တစ်ချိန်ကျရင် မြလောက် ချစ်ရတဲ့သူ မဟုတ်ပေမဲ့လည်း မြနေရာမှာ အစားထိုးနိုင်မဲ့ မိန်းကလေးတစ်ယောက် တွေ့ချင်တွေ့လာမှာပေါ့"

မြမိုးညို မျက်နှာလေး ကွက်ခနဲ ပျက်သွားပေမဲ့ ဘာမှတော့ ပြန်မပြောရှာ။ သူမမှာ ပြောနိုင်ခွင့်ကလည်း မရှိတော့ဘူးလေ။

"ကိုမှိုင်းနဲ့ သဘောတူထားတဲ့ ကောင်မလေးနဲ့ရော"

"သူ့ကိုတော့ သဘောမကျတာအမှန်ပဲ၊ တကယ်လို့ ကိုယ် လက်ထပ်ဖြစ်ခဲ့ရင်တောင် သူတော့ ဖြစ်မှာ မဟုတ်ဘူး"

ဘာပဲဖြစ်ဖြစ် မှိုင်းဝေဟာ တစ်ချိန်ချိန်မှာတော့ တစ်စုံတစ်ယောက်နဲ့ လက်ထပ်ဖြစ်မှာပဲ ဆိုတဲ့ သဘောပေါ့နော်။

မြမိုးညိုကဲ ရင်ထဲ မကောင်းဖြစ်သွားရသော်လည်း တားဆီးပိတ်ပင်ခွင့် မရှိပြန်။ ကိုယ်ကမှ အရင်သစ္စာဖောက်ပြီး တခြားသူ့ရင်ခွင်ထဲ ကူးပြောင်းခဲ့ပေတာကိုး။





"မြကိုရော သတိရဦးမှာလားဟင်"

မနေနိုင်စွာ တစ်ခွန်းတော့ အရဲစွန့်မေးလိုက်မိသေးသည်။

"မပြောတတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က မေ့ပစ်ဖို့ ကြိုးစားမှာမို့လို့"

"ကိုမှိုင်းက မြကို မေ့ပစ်လိုက်တော့မယ်၊ ဟုတ်လား"

"လွယ်တော့မလွယ်ဘူးပေါ့၊ ဒါပေမဲ့ ကြိုးစားရမှာပဲ၊ ကိုယ်ထင်တယ်၊ တစ်ချိန်ကျရင်တော့ ကိုယ် အောင်မြင်မှာပါ"

မှိုင်းဝေရဲ့ မျက်နှာက ပြတ်သား နိုင်ကျည်လို့နေသည်။ သူကတော့ ပြောသည့်အတိုင်း လုပ်တော့မှာ သေချာနေပြီ။

သူမကရော ...။

မြမိုးညိုက ဝေဝေဝါးဝါးနိုင်လှသော သူမရဲ့ အနာဂတ်ကို ဆွေးမြည့်စွာ မျှော်ကြည့်နေမိလေသည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



တောက် !...။ သိက္ခာကျလိုက်တာ။

နှစ်ဦးနှစ်ဖက် အပြန်အလှန် အော်ဟစ်ရန်ဖြစ်ပြီး လျှင် ပြန်ခေါ် ပြန်ချော့ရသည့်သူဟာ သူမ ဘယ်တော့မှ မဖြစ် စေရဘူးဟု ဖွေးဖွေးက အမြဲပဲ ခံယူထားခဲ့တာပါ။

ကလေးသာသာစိတ်ကလေးနဲ့ ဖွေးဖွေးဟာ ကိုယ့် ဘက်က ဘယ်လောက်ပဲ ခံစားနေရပါစေ ကိုယ်ကတော့ ဘယ် သောအခါမှ ပြန်လျှော့လေ့မရှိချေ။

ဒီလိုနည်းနဲ့ပဲ သူငယ်ချင်းတွေနဲ့လည်း ပြတ်ပေါင်း များလှပြီ။ ဆွေမျိုးတွေထဲမှာလည်း မခေါ်သူတွေမှ အများကြီး





ကံကောင်းထောက်မစွာ ရထားသည့် ချစ်သူတစ် ယောက်ကတော့ သူမ သဘောထားကို နားလည်ကာ အလိုလိုက် အလျှော့ပေးတတ်သူတစ်ယောက် ဖြစ်နေပေလို့။

လသာက ဖွေးဖွေးဖြူအကြောင်း ကောင်းကောင်း သိသူပီပီ ရန်ဖြစ်ပြီးတိုင်း နေ့မကူးစေရဘဲ ပြန်ချော့တတ်မြဲ။ ဖွေးဖွေးဖြူကလည်း ဒါကိုပဲ အခွင့်ကောင်းယူကာ မကြာခဏ စိတ်ကောက်တတ်မြဲ။

ဒီတစ်ခါတော့ လသာ တော်တော်ပဲ စိတ်နာသွား သည် ထင်ပါရဲ့။ ဖွေးဖွေးဖြူ လီမွိပိန့်နေအောင် စိတ်ကောက်နေ မှန်းသိပါလျက် ယောင်လို့တောင်မှ ချော့မလာတော့ချေ။

ခါတိုင်းဆိုလျှင် ဖွေးဖွေးဖြူနဲ့ လသာတို့ ကြားက ဝေးကွာနေချိန်ဟာ တစ်ရက်နှစ်ရက်လောက်ထက် မပို။ အခုတော့ တစ်ပတ်။ တစ်ပတ်တိတိတောင် ရှိသွားပြီ။

ကံဆိုးချင်တော့ သူ့ဘက်က တင်းနေသည့် အချိန်မှာ ဖွေးဖွေးဖြူဘက်က အပြိုင်တင်းလို့မရတော့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းဝေဆိုသည့် လူကြီးနဲ့ အိမ်က အတင်းစီးစဉ်ဖေ့ပြီလေ။

မနက်ဖြန်သန်ဘက်တောင်မှ မင်္ဂလာပွဲကြီး ထ,ကျင်းပတော့မလိုလို၊ ဘာလိုလို ဖြစ်လာသည့်အခါ သူနဲ့ ငါနဲ့ ခေါ်တယ် မခေါ်ဘူး လုပ်ပြီး မာနတင်းခံနေလို့ မဖြစ်တော့ချေ။ ဒီအခက်အခဲက လွတ်မြောက်ဖို့အတွက် ကူညီနိုင်သည့်သူက လသာတစ်ယောက်တည်း ရှိတော့တာ မဟုတ်လား။

မျက်နှာငယ်လေးနဲ့ ရောက်ချလာသော ဖွေးဖွေးဖြူကို မြင်လျှင် တစ်ဖက်က ပြဿနာဟာ သိပ်မသေးတော့ဘူး ဆိုတာ လသာက သဘောပေါက်လိုက်ပြီ။

စိတ်ကြီးသော ကလေးမဟာ တော်ရုံအကြောင်းလောက်နဲ့တော့ သူက စခေါ်ဖို့ ရောက်လာမှာ မဟုတ်။ ကြီးမားသည့်အကြောင်းတစ်ခုခုကြောင့်သာ လက်နက်ချဖို့ ဆုံးဖြတ်လိုက်တာ။





အရင်က ဖွေးဖွေးဖြူကို စိတ်ထဲ ခုမိတာ အမှန်ပေမဲ့ ကိုယ့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာသည့် အခါမှာတော့ လသာက ဖြစ်ခဲ့သည့် ပြဿနာတွေကို သတိမရနိုင်တော့ချေ။

"ဖွေးဖွေး ... အရေးကြီးလို့လားဟင်၊ မျက်နှာလည်း မကောင်းပါလား"

လသာက မေးလိုက်တော့မှပဲ ဖွေးဖွေးဖြူတစ်ယောက် ငိုချင်ရက်လက်တို့ ဖြစ်သွားကာ လသာလက်မောင်းကို အဆက် မပြတ် ထုနက်ရိုက်ပုတ်ရင်း မျက်ရည်တွေတွေကျအောင် ငိုပါလေ ရော။

"ရက်စက်တဲ့လူကြီး၊ ငါ့ကို ပစ်ထားတဲ့လူကြီး၊ တစ်သက် မကျေဘူး"

"ဟား ဟား ... မကျေဘူးဆိုလည်း ဘာလို့ ကိုယ်တိုင် ကိုယ်ကျ လိုက်လာသေးလဲ၊ ဒီတစ်ခါ ဖွေးဖွေး အရင်လာ ခေါ်တာနော်"

"ခေါ်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလဲ"

"အခေါ်ခံတာ"

"ဘာရယ်"

"ဒီမှာ ကိုလသာ၊ ရှင့်ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ကျုပ် ကျေနပ်အောင် အကောင်းဆုံး စကားလုံးတွေ သုံးပြီး ပြန်ချော့ခွင့်ပေးလိုက်မယ်၊ ကျုပ် ကျေနပ်လောက်အောင် မချော့နိုင်ဘူးဆိုရင်တော့ ပြတ်ပြတ်သားသား အရေးယူရလိမ့်မယ်"

"ဘယ်လို အရေးယူမှာလဲ"

"အိမ်ကပေးစားတဲ့ ယောကျ်ားကို ယူပစ်လိုက်တဲ့နည်းနဲ့ပေါ့"

"အောင်မယ်လေး ... အောင်မယ်လေး၊ ဒါမျိုးတော့ စကားအဖြစ်နဲ့တောင် မကြားပါရစေနဲ့ဗျာ၊ ချော့ဆိုလည်း ချော့ပါ့မယ်၊ ဘယ်လိုနည်းနဲ့ ချော့ရမှာလဲ၊ ပန်းပေးပြီး ချော့ရမှာလား၊ ဒူးထောက်ပြီး ချော့ရမှာလား၊ နားရွက်ဆွဲ ထိုင်ထလုပ်ပြီး ချော့ရမှာလား"





"တော်ပြီ၊ အပိုတွေ လုပ်မနေနဲ့ အခြေအနေအရ ယာယီစစ်ပြေငြိမ်းလိုက်မယ်"

"ကောင်းတယ်၊ သက်သာသွားတာပေါ့"

"ဘာရယ်"

"သြော် ... အချိန်ကုန်သက်သာတယ်လို့ ပြောတာပါကွဲ ... ဖွေးဖွေး ဘာတွေ ကြုံတွေ့လာရသလဲပြော"

"ရယ်စရာထင်မနေနဲ့၊ အိမ်က ဟိုကိစ္စ တက်သုတ်ရိုက်ပြီး စီစဉ်နေကြပြီ"

"ဘယ်အခြေအနေ ရောက်နေပြီလဲ"

"ဗေဒင်မေးတဲ့အဆင့် ရောက်နေပြီ"

"ဘာ"

"ဗေဒင်းမေးတာလေ၊ ဖွေးဖွေးရဲ့ ဇာတာနဲ့ ဟိုလူကြီးရဲ့ ဇာတာကို ယူပြီး တိုက်တာ၊ ပြီးတော့ ဘယ်နေ့ဘယ်ရက် ကောင်းမလဲ၊ အချိန်၊ နာရီ၊ ဘယ်နာမ်နဲ့စတဲ့ ဟိုတယ်မှာ ကောင်းသလဲ အစုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာကြီး၊ အကယ်၍ ဗေဒင်ဆရာက ဟိုတယ်တွေမှာ မရှိတဲ့ နာမ်တစ်ခုကို ပြောလိုက်တယ်ဆိုရင်ကော"

"ရန်ကုန်မှာ ဟိုတယ်တွေ ဒီလောက်များတာ၊ တစ်ခုမဟုတ်တစ်ခုနဲ့တော့ တိုက်မှာပေါ့၊ ထားပါ၊ အရေးမကြီးတာတွေကို စဉ်းစားမနေနဲ့၊ အခုက ဗေဒင်မေးပြီးရင် ဟိုတယ် ဒိတ်ယူတာတို့၊ ဖိတ်စာရိုက်တာတို့၊ အစဉ်အဆက် လာကြတော့မယ်၊ အားလုံး စီစဉ်ပြီးမှဆိုရင် ပိုဒုက္ခရောက်လိမ့်မယ်"

"အဲဒီတော့လည်း"

"ဘာပြောတယ်၊ ဆက်ပြော၊ အဲဒီတော့ ဘာလုပ်ရမှာလဲ၊ ဟိုလူ့ကိုပဲ ယူလိုက်တော့လို့ ပြောချင်တာလား"

"မဟုတ်ကဟုတ်ကကွာ၊ အဲဒီတော့လည်း လွတ်ရာ ကျွတ်ရာ ထွက်ပြေးကြတာပေါ့လို့ ပြောမှာပါ"

အလျှောက်ကောင်းလို့ အထောင်းသက်သာဆိုသလိုပဲ လသာ အပြောကောင်းပေလို့ ဖွေးဖွေးဖြူ မျက်နှာလေး ကြည်လင်လာကာ ...



"ဟုတ်တယ်၊ အဲဒီလိုပဲ လုပ်ရမယ်၊ ကိုယ်က လက်မဦးထားရင် အားလုံး မျက်နှာပျက်စရာဖြစ်တော့မယ်၊ ဖွေးဖွေးက ကိုယ်တစ်ယောက်တည်းအတွက် ပြောတာ မဟုတ်ဘူး၊ လူကြီးတွေ မျက်နှာ မပျက်ရအောင် ကယ်တင်တဲ့ သဘောပါ"

"ကောင်မလေး"

လသာက ဖွေးဖွေးဖြူရဲ့ နဖူးလေးကို ချစ်စနိုးထုပစ်လိုက်မိသည်။

ဘယ်လောက် ချစ်စရာကောင်းလိုက်တဲ့ ကောင်မလေးလဲလို့။

ဘယ်လို အခြေအနေမှာပြစ်ဖြစ် ကိုယ့်ဘက်က အပြည့်အဝ ရပ်တည်နေမည့် ချစ်သူလေးတစ်ယောက်ကို ပိုင်ဆိုင်နေရတာ ကိုယ့်အတွက် ကံကောင်းတာပဲ။

"ကဲ ... ပြောလေကိုကို၊ ဖွေးဖွေးတို့ ကိစ္စ ဘယ်လိုစီစဉ်ကြရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့ မခက်ပါဘူးကွာ၊ ဖွေးဖွေး အပြင်ထွက်မယ် ဆိုရင် မှတ်ပုံတင်တို့၊ လိုအပ်တဲ့ ပစ္စည်းသေးသေးကွေးကွေး တွေ အိတ်တစ်လုံးထဲ အဆင်သင့်ထည့်ထား၊ အပြင်ထွက် တိုင်း ယူသွား၊ အဝတ်အစားကတော့ ယူစရာမလိုဘူး၊ ရယ်ဒီမိတ်တွေ ဘယ်နေရာဝယ်ဝယ် ရတယ်၊ လက်ဝတ် လက်စားကတော့ သိပ်ကြိုက်တာရှိရင် ဝတ်ခဲ့ပေါ့၊ မလို အပ်တာတွေတော့ မယူနဲ့၊ ကိုယ့်တို့တစ်တွေကိုတော့ လက်ဝတ်လက်စားတွေ ယူပြီး ထွက်ပြေးသွားပါသဖြင့် ဘာညာပြောလို့တော့ မရပါဘူး၊ ဒါပေမဲ့ တအားများနေရင် လည်း အထင်လွဲချင်စရာကောင်းနေဦးမယ်"

"အင်းပါ၊ သိပါတယ်၊ ဖွေးဖွေးကလည်း ပစ္စည်းကို ဒီလောက် မမက်ပါဘူး၊ နောက်ပြီးတော့ရော"

"လူကြီးတွေက ကိုယ်ကို့ အစီအစဉ်ကို မရိပ်မိသေးတော့ သံသယနဲ့ စစ်တာဆေးတာတွေ ရှိမှာ မဟုတ်သေးဘူး၊ အဲဒါကို အခွင့်အရေးယူပြီး စီစဉ်သင်တာတွေ အမြန်ဆုံး စီစဉ်ရမယ်"





"ဘာတွေ စီစဉ်ရမှာလဲ"

"အဲဒါတွေအားလုံးကို တို့ တာဝန်ထား၊ ဖွေးဖွေး လုပ်ရမှာ က ဘယ်တော့ဖြစ်ဖြစ် ကိုယ့်နောက်လိုက်ဖို့ အဆင်သင့် ရှိနေအောင်ပဲ"

"ဒါတော့ စိတ်ချ"

ဖွေးဖွေးဖြူက ဒီတစ်ခါတော့ ချစ်သူကို အားကိုး မြတ်နိုးစွာ ကြည့်မိလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ထွက်လာခဲ့မိတာ မှားများမှားသွားပြီလား။

နေရောင်နဲ့ မြမိုးညိုဆိုသည့် မိန်းကလေးရဲ့ ဇာစပ်ကြောင်းလမ်းခြင်းသတင်း၊ သတင်းစာထဲ ပါလာသည့်အချိန်မှာ နံ့သာနီက မျက်နှာကို ဓားနဲ့ အကွင်းအကွင်း လှီးပစ်ချင်လောက်အောင် ရှက်မိပါရဲ့။

သူတို့နှစ်ယောက်အကြောင်း သူမ ပတ်ဝန်းကျင်က အားလုံးလိုလို သိနေကြတာ။ အခုလို လူသိရှင်ကြား ဇာစပ်သွားသည်ဆိုတော့ ...။



အို ... လူသိတာနဲ့ မသိတာပဲ ကွာသေမဲ့ သစ္စာဖောက်ခံရတာက ခံရတာပါပဲလေ။ ကိုယ်တစ်ယောက်တည်း သိနေလည်း ခံစားရသည့်အတိုင်းအတာကတော့ လျော့ပါးမသွားနိုင်ပါဘူး။

အရေးထဲ အလိုက်မသိတတ်ကြသူတချို့ကလည်း ဖုန်းတဂွမ်ဂွမ် ဆက်ပြီး သတင်းတွေ မေးကြသေးသည်။

တချို့ကျတော့ အလိုက်မသိတတ်တာ မဟုတ်။ တမင်တကာ။ အထူးသဖြင့်တော့ နံ့သာနီကို ပြိုင်ဘက်အဖြစ် သဘောထားပြီး မလိုတမာ ရှိကြသည့် ရွယ်တူမိန်းကလေးတွေပေါ့။

ပိုပြီး ဆိုးတာက မိဘတွေ။

အစကတည်းက နေရောင့်ကိုဆို အထင်သေး၊ သဘောမတွေ့ချင်လှသော မိဘတွေဟာ ဒီသတင်းလည်း ဖတ်ပြီးရော သူတို့သမီးဘက်က နာလို့ ဆွေ့ဆွေ့ခုန်။ နံ့သာနီကိုလည်း ခံလိုက်ရကောင်းလားလို့ ဆူလိုက် ပူလိုက်တာ ရစရာကိုမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပိုပြီး ပိုပြီးဆိုးတာကတော့ သူတို့ရဲ့ ဒေါ်သတွေကနေ မခံချင်စိတ်အဖြစ် ကူးပြောင်းကာ အဲဒီကမှတစ်ဆင့် နံ့သာနီကို သူတို့သဘောတူထားသော လသာနဲ့ အတင်းပေးစားဖို့ စီစဉ်ကြတော့တာပင်။

အစကတည်းက အစီအစဉ်ရှိထားတာတော့ ရှိထားတာပေါ့။ ဒါပေမဲ့ အားလုံး ကျေနပ်အောင် ညှိနှိုင်းပြီး အေးအေးဆေးဆေးမှ လုပ်ကြဖို့ စိတ်ကူးရှိတာ။ ခုကျတော့ ဖြုန်းစားဗျင်းစား အရေးတကြီးတွေ ဖြစ်ကုန်ကြပါလေရော။ ရှက်တာရော၊ မခံချင်တာရော၊ မျက်နှာငယ်တာရော၊ စိတ်ညစ်တာရော အားလုံးပေါင်းဆုံလိုက်ကြသည့်အခါ နံ့သာနီက အိမ်မှာ မနေချင်တော့။

အရေးကြီးသည့် အလုပ်တချို့ကို လက်ထောက်မိန်းကလေးတွေကို လွှဲခဲ့ကာ သူမကိုယ်တိုင်ကတော့ ဂျပန်ကို ထွက်ချလာခဲ့လိုက်တော့သည်။

နံ့သာနီက နိုင်ငံတကာနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်နေတာမို့ သူမ လက်ထဲမှာ လုပ်ငန်းဗီဇာ အဆင်သင့် ရှိသည်။





နိုင်ငံခြားခရီး ထွက်ချင်သည့်အချိန်မှာ အချိန်မရွေး ကောက်ထွက်သွားလို့ရသည်။

သို့သော် အထီးကျန်လိုက်တဲ့ဖြစ်ခြင်း။

ခါတိုင်းအလုပ်နဲ့ ခရီးထွက်ရတုန်းကတော့ စိတ်ကလည်း ကြည်ကြည်လင်လင်၊ အလုပ်ကိစ္စထဲလည်း အာရုံအပြည့်စိုက်ထားနိုင်တာမို့ တစ်ယောက်တည်း သွားနေရလည်း ပျင်းစရာမရှိ။

ဒီတစ်ခါတော့ စိတ်ကလည်း နောက်ကျိရှုပ်ထွေး၊ အလုပ်ကိစ္စလည်း စဉ်းစားစရာမရှိ ဖြစ်နေပေရာ တစ်ယောက်တည်း အထီးကျန်သည့်ဝေဒနာကို လှိမ့်လူးခံစားရတော့တာပင်။

ဒါကြောင့် ပြောတာပေါ့။ ဒီလောက်ခရီးအဝေးကြီးထွက်လာခဲ့မိတာ မှားများနေပြီလားလို့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်နေကြသော ကမ်းစပ်က လူတွေကို ကြည့်ကာ မှိုင်းဝေက ဒိုတောင်ဒိုချင်ရဲ့။

သူတို့တွေမှာတော့ အလကားနေရင်းကို ရယ်မောသံတွေ ဝေစည်ညံနေကာ ပျော်နေလိုက်ကြတာ။

သူ့မှာတော့ ...။

လူတစ်ယောက်ဟာ ဒီလောက်တောင်မှ သေသေချာချာကြီးကို ကံဆိုးနိုင်သတဲ့လားဗျာ။

ရက်သတ္တပတ်လေး တစ်ခုအတွင်းမှာပဲ။ ပထမတော့ ရက်မှာ ချစ်သူက တခြားယောက်ျားတစ်ယောက်နဲ့ စေ့စပ်သွားသည်။





ဟော ... နောက်ထပ်နှစ်ရက်ပဲခြားလိုက်သေးသည် လူကြီးချင်း သဘောတူစီစဉ်ထားသည့် မိန်းကလေးက ခိုးရာလိုက်သွားပါလေရော။

ကျွန်တော်မျိုး မောင်မှိုင်းဝေမှာ ဘယ်ဘက်ကမှ ခေါင်းဖော်ဝံ့စရာ မရှိဘဲ လူတကာရဲ့ အပြောဆိုခံ၊ အစပ်စုခံ၊ အသနားခံ၊ အရယ်မောခံရသည့်ဘဝကို ရောက်ကရောပဲ။

တောက်။ ရက်စက်လိုက်ကြသည့် မိန်းမတွေ။ နှစ်ယောက်တိုင်ပင်ပြီး မှိုင်းဝေ ဆိုတဲ့ကောင်ကို နာလန်မထူအောင် အလဲထိုးလိုက်သလားမှတ်ရသည်။

မှိုင်းဝေသာ ကျိုးကြောင်းဆင်ခြင်ဉာဏ်မရှိဘဲ ဝါးလုံးရှည်နဲ့ သိမ်းရမ်းတတ်သူ တစ်ယောက်ဆိုလျှင် ဒီအဖြစ်အပျက်နှစ်ခုနဲ့တင် မိန်းမတွေအားလုံးကို ခါးခါးသီးသီး မုန်းပစ်လိုက်ဖို့ ကျိုးကြောင်းခိုင်လုံနေပြီ။

မှိုင်းဝေကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါ။ ကိုယ်ညံ့လို့ ကိုယ်ခံရတာမို့ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘစကားကို နားထောင်သွားသည့် သမီးလိမ္မာ ချစ်သူမိုက်ကလေးကိုလည်း ခွင့်လွှတ်ရမှာပဲ။

အစကတည်းက သူ မလိုချင်ခဲ့ရှာသော မိဘတွေ သဘောတူထားသည့် ကလေးသာသာ ကောင်မလေးကိုတော့ ခွင့်လွှတ်သည့်အပြင် ကျေးဇူးတောင် တင်သင့်သေးသည်။

တကယ်တမ်း တွေးကြည့်တော့ သူမသာ ကိုယ့်ကို အတင်းတွယ်ကပ်နေလျှင် ချစ်သူကို ဆုံးရှုံးရသည့်ကြားထဲ မှိုင်းဝေတို့ ပိုပြီး စိတ်ညစ်နေရမှာ။

အခုတော့ နှစ်ဖက်နှစ်လမ်း စိတ်ညစ်နေစရာမလို့၊ ဖွေးဖွေးပြူက သူ့လမ်းသူလျှောက်သွားပေးတာကိုပဲ တော်သေး သည်လို့ သတ်မှတ်ရမည်။

အင်း ... ဘာပဲဖြစ်ဖြစ် အရှက်ကွဲတာကတော့ ကွဲ တာပါပဲ။

အကြောင်းသိတွေက မှိုင်းဝေနဲ့ ပတ်သက်နေရသည့် မိန်းမနှစ်ယောက် တစ်ပြိုင်နက်တည်း တခြားယောက်ျားတွေနောက် ပါသွားသည့်ကိစ္စကို ရယ်စရာ လှောင်စရာအဖြစ်နဲ့ပဲ မြင်ကြတာ။





ပင်လယ်က တိုက်လာသည့် ရေငွေ့ပါသော လေအေးအေးဟာ မှိုင်းဝေရဲ့ရင်ကို အေးမြခြင်း၊ ကြည်နူးခြင်း တွေ မပေးနိုင်တာတော့ အမှန်ပင်။

ကံကောင်းထောက်မစွာပဲ ရှက်ဖွယ်လိလိ ကိစ္စကြီး ဖြစ်နေချိန်မှာ ဂျပန်မှာလုပ်မည့် ပန်းချီပြပွဲတစ်ခုက ဖိတ်ကြားခြင်း ခံရလို့ မှိုင်းဝေက ဂျပန်ကို ရောက်နေခဲ့တာ။

ပန်းချီပြပွဲအတွက် စိတ်မပါလှတော့ပေမဲ့ လှောင် ပြောင်စပ်စုသည့် မျက်လုံးတွေကြား ပူလောင်စွာ ရှင်သန်နေရတာ ထက်စာလျှင်တော့ တော်သေးသည်လို့ ဆိုရမှာပါပဲ။

ဒီလောက် ဝေးလံသည့် နေရာမှာတော့ ကိုယ့် အကြောင်းသိသူ မရှိ၊ ကိုယ့်ကို လှောင်ပြောင်မည့်သူ မရှိ၊ ကိုယ့် ကိစ္စကို မေးမြန်းစပ်စုမည့်သူ မရှိဘူးလေ။

အထီးကျန်တာ။ လွမ်းဆွတ်တာ၊ အခံရခက်တာချင်း အတူတူ ဒီမှာဆိုတော့ နားအေးပါးအေးနေလို့ရသည်။ ဝေဒနာ ကို တစ်ယောက်တည်း ကျိတ်ပြီး ကုစားဖြေသိမ့်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း ...

အထီးကျန်ခြင်းဆိုတဲ့ ဝေဒနာကတော့ ဘယ်မှာပဲ နေနေ အတူတူပဲ မဟုတ်လား။

✣ ✣ ✣





"ဒီပိုးထည်တိုက်က မေမေ့အသိတွေလေ၊ အဝတ်အစားနဲ့ ပတ်သက်လာရင်တော့ အစုံကိုရှိတာ၊ မြမိုးညို ကြိုက်တာ ရွေးယူလို့ရတယ်"

"မြက သိပ်တော့ဇီဇာမကြောင်တတ်ပါဘူး၊ ဒီလို ပြောင်းပြောင်းလက်လက်တွေလည်း သိပ်မဝတ်တတ်တော့ ဘာရွေးရမှန်းလဲ မသိဘူး"

တကယ်ကတော့ မရွေးတတ်တာ မဟုတ်။ ရွေးဖို့ စိတ်မပါတာ။

အခုနေ ကိုယ့်ဘေးမှာ ရှိနေသူဟာ နေရောင်မဟုတ်ဘဲ မှိုင်းဝေသာဖြစ်နေမည်ဆိုလျှင်၊ အဝတ်အထည်ရွေးရတာဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း သူတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲအတွက်သာဆိုလျှင် ဘယ်လောက်ကောင်းလိုက်လေမလဲ။

အို ... မတွေးသင့်ပါဘူးလေ။

မြမိုးညိုဟာ မကြာခင်မှာ လက်ထပ်ရတော့မည်။ ကိုယ့်ဘေးမှာ ခင်ပွန်းလောင်းကို ထားပြီး ချစ်သူ(ဟောင်း)ရဲ့ ပတ်သက်ရင်ဖို့ စိတ်ကူးယဉ်နေမိတာဟာ ကြီးမားသော ပြစ်မှုကြီးတစ်ခုပဲ မဟုတ်ဘူးလား။

မြမိုးညိုက ကိုယ့်အတွေးနဲ့ကိုယ် နစ်နေသလို နေရောင်ကလည်း ...

"ဒီအဆင်ကလေး လှတယ်နော်"

ပန်းရောင်ရဲရဲရင့်ရင့် ချိတ်ကလေး။ ချိတ်လိုင်းတွေက မကြီးလှသော်လည်း နွယ်ပင်လို လိမ်ယှက်ထားသည့် အထပ်တွေများလှကာ အရောင်ကတော့ တောက်ပလန်းပွင့်လွန်းသည်။

ဒီလိုအရောင် ဒီလို ဒီဇိုင်းမျိုးဟာ နံ့သာနီ အကြိုက်ပဲ။





နှာမည်က ရဲရဲတောက်နေသလို လူကလည်း အရောင်ရဲရဲ၊ တောက်တောက်ပပတွေကို ကြိုက်တတ်သော နံ့သာနီဆို ဒီလိုပေါ်လွင်စူးရဲသော ပန်းရောင်ချိတ်မျိုးကို သတို့သမီးဝတ်စုံအဖြစ် ရွေးမှာပင်။

ကဲ ... တွေးကောင်းသလား မတွေးကောင်းသလားတော့ မသိပါဘူးဗျာ။ နေရောင်ကတော့ ထုံအအပုံစံနဲ့ ဘာကိုမှ စိတ်ဝင်တစား မရှိလှသော ဇနီးလောင်းကို ဘေးမှာထားလျက် ရက်စက်သည့် ချစ်သူ(ဟောင်း)ကို တမ်းတနေမိပြီ။

မြမိုးညိုသာ သူ့စိတ်ကူးကို သိလျှင်တော့ စိတ်တိုမှာပဲ။

အဲ ... မှားလို့၊ မြမိုးညိုလို မိန်းကလေးသာ စိတ်တို၊ စိတ်ကောက်တတ်မည့်ပုံစံတော့ မရှိပါ။ အနည်းဆုံး စိတ်မကောင်းရုံလောက်ပဲ ရှိမှာ။

ဒါပေမဲ့ ကိုယ့်ဇနီးလောင်းတစ်ယောက်လုံး ကိုယ့်ကြောင့် စိတ်မကောင်း၊ စိတ်ထိခိုက်ရမှာမျိုးတော့ ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ မလုပ်သင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်က ပျံ့လွင့်နေသော စိတ်အစဉ်ကို ပြန်လည်စုစည်းလိုက်ကာ ...

"မြမိုးညို ... ဒီအရောင်လေး ဝတ်ပါလား"

နေရောင် ရွေးထုတ်ပြသော ပန်းရောင်ရဲရဲ ချိတ်အစကို ကြည့်ကာ မြမိုးညိုက မျက်စိပင် ရှုးကျိန်းသွားသလို ကမန်းကတန်း မျက်လုံးကို မှိတ်ပစ်လိုက်ရကာ ...

"အာ ... ဒီလောက်ရှူးရဲတဲ့အရောင်၊ မဝတ်ရဲပါဘူး"

"ရှူးပေမဲ့ သူ့ဟာနဲ့သူ အရောင်စပ်တာ ပြေတော့ တအားကြီး မကလက်ပါဘူး၊ ပေါ်လွင်တယ် ဆိုရုံကလေးပဲ"

"ဟင့်အင်း ... ဘာပဲဖြစ်ဖြစ် ဒီလောက်တောက်တဲ့ ပန်းရောင်မျိုး မကြိုက်ဘူး၊ ပြီးတော့ မြက ဒီလောက်ရဲတဲ့ ပန်းရောင်ကို ဝတ်ချလိုက်ရင် ကိုနေရောင်ကရော အဲဒီလို တောက်တောက်ကြီး လိုက်ဝတ်ရဲမှာမို့လို့လား"

ဒီလိုဆိုတော့လည်း ဟုတ်သား။

နံ့သာနီ ကြိုက်တတ်သည့် အရောင်မို့လို့သာ ထိုးပြလိုက်ရပေမဲ့ ကိုယ်တိုင်ဝတ်ဖို့ကျတော့ ဘယ်ရဲပါ့မလဲ။



မြမိုးညိုက အကွက်စေ့စေ့၊ ထောင့်စေ့စေ့တော့ စဉ်းစားတတ်မေသား။ ပြီးတော့ သူမအတွက်တင်မက တစ်ဖက်လူအတွက်ပါ ထည့်တွေးပေးရကောင်းမှန်း သိတတ်ပေသား။

မြမိုးညို နေရာမှာ နံ့သာနီသာဆိုလျှင် ဒီအရောင်ကြိုက်လို့ကတော့ ဒါပဲ အတင်းဆွဲဝယ်တော့မှာ။ နေရောင့်အတွက် ပုဆိုးဆင်တူ လိုက်ဝတ်ဖို့ အခက်အခဲရှိမှာတွေ ဘာတွေ ထည့်စဉ်းစားမှာ မဟုတ်။ မတွေးသည့်အပြင် ပြောပြလျှင်တောင် လက်ခံချင်မှခံမည်။ 'မင်္ဂလာဆောင်တာများ အရောင်ဆင်တူ ဖြစ်ဖို့လိုသလား၊ ကိုရောင့်ဘာသာ ကြိုက်တာဝတ်ပေါ့၊ နံ့သာကတော့ ဒါပဲ ကြိုက်တယ်၊ ဒါပဲ ဝတ်မယ်' ဆိုတာမျိုးပဲ ပြန်ပြောမှာ။

"မြက ဒီအရောင်လေးတော့ ကြိုက်တယ်၊ ဒါပေမဲ့ သတို့သမီးဆိုတော့ ဒါမျိုးဝတ်ဖို့တော့ ဘယ်ကောင်းမလဲနော်"

မြမိုးညို ယူလာပြသည့် အရောင်မှာ ချောကလက်ရောင်နုနု၊ အညိုနုလို့ပဲ ဆိုကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကျတော့လည်း သိပ်မှိုင်းမနေဘူးလား၊ လူတွေ သတ်မှတ်ထားတဲ့ မင်္ဂလာအရောင် ဆိုရှာထဲ မပါဘူး ဖြစ်နေတယ်"

"ဒီအဖြူလေးရောဟင်"

နောက်ထပ်တစ်ထည်ကား အညိုနုရောင်တွေပါပေမဲ့ အခံက အဖြူမို့ အဖြူရောင်လို့ပဲ ပြောနိုင်သည်။ ပြီးတော့ ပန်းရောင်နုနုနဲ့ ခဲမှော့ဖျော့အရောင်တွေလည်း ပါသေးပေရာ၊ အင်း ... သိပ်မဆိုးလောက်ဘူး ထင်ပါရဲ့။

"ဒါတော့ မဆိုးဘူး ထင်တယ်"

"ကိုနေရောင်ရော လိုက်ဝတ်ဖို့ အဆင်ပြေပါ့မလားဟင်၊ ခဏနေဦး၊ ဆိုင်က လူတွေကို အရင်မေးလိုက်ဦးမယ်"

သူမ ရွေးချယ်ထားသည့် လုံချည်ဆင်ကို ပြခြင်းအဲဒါနဲ့ လိုက်ဖက်မည့် ယောကျ်ားတောင်ရှည်က ဘာတွေရှိသလဲ ဆိုတာ မြမိုးညိုက မေးနေသည်။



သဘောကတော့ တကယ်လို့ ထိုလုံချည်နဲ့ လိုက်ဖက်မည့် ပုဆိုးဆင်ကိုမှ နေရောင်က မကြိုက်ဘူးဆိုလျှင် သူမကြိုက်သည့် အဆင်ဖြစ်လည်း မယူပါဘူးဆိုသည့် သဘော။

မြမိုးညိုဟာ တကယ်လည်း အလိုက်သိတတ်မည့်ပုံပါပဲ။ တစ်ဖက်သားရဲ့ သဘောထားကို ထည့်တွေးပေးတတ်သည့်သူမျိုး။ တစ်ကိုယ်လုံး အတ္တတွေနဲ့ ဖုံးလွှမ်းတည်ဆောက်ထားသောသူမျိုး မဟုတ်။

အသားညိုညို၊ မျက်နှာပြောင်ကလေးကို ဘာမှလိမ်းခြယ်သမထားသည့် ရိုးရိုးရှင်းရှင်းပုံစံကလေးနဲ့ မြမိုးညိုကို ခပ်လှမ်းလှမ်းက အကဲခတ်ကြည့်ရင်း နေရောင်က သူ့ရွေးချယ်မှု မမှားလောက်ဘူးဟု တွေးနေမိလေသည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



"သတင်းစာတစ်စောင်လုံး ရှေ့ပြန်နောက်ပြန် ဖတ်ထားလိုက်တာ မွမွကြေနေပြီ၊ ထူးဆန်းလိုက်တာ၊ ဘာသတင်းထူးများ ပါမယ်ထင်လို့လဲ"

မွှေးမွှေးဖြူက တတိယအကြိမ် ပြန်ကြော့ဖတ်ထားတာဖြစ်သည့် သတင်းစာကို ပစ်ချလိုက်ကာ ပြုံးစိစိ မျက်နှာကလေးနဲ့ ...

"အမြဲပြတ်စွန့်လွှတ်ခြင်း ကြော်ငြာ"

"ဘာလုပ်ဖို့လဲ"

"မွှေးမွှေးတို့ လုပ်ချလိုက်တာကို လူကြီးတွေ စိတ်ထဲဘယ်လိုနေသလဲ သိချင်လို့ပေါ့၊ တအားပဲ စိတ်ဆိုးသလား



လုံးဝ စိတ်ကုန်စိတ်ပြတ်သွားပြီလား၊ ဒါမှမဟုတ် ပြန်ရှာပြီး၊ ပြန်ခေါ်ဖို့စိတ်ကူး ရှိနေသေးသလား၊ တစ်ချိန်ကျ ပြန်သွားတောင်းပန်ရင် ခွင့်လွှတ်မလားဆိုတာတွေ တွေးကြည့်ထားချင်လို့"

"ဒီကြော်ငြာလေးတစ်ခုတည်းနဲ့တော့ ဒါတွေ အကုန်လုံးလိုက်စဉ်းစားထားလို့ မရဘူးလေ၊ သတင်းစာထဲမှာ မတွေ့ဖူးဘူးလား၊ သမီးအဖြစ်မှ စွန့်လွှတ်ခြင်းကို ဖျက်သိမ်းခြင်းဆိုတာတွေ၊ ကြော်ငြာထည့်မနေဘဲလည်း စိတ်ပြတ်သွားတာမျိုး ရှိနိုင်တာပဲ"

"ကိုကိုလည်း အားပေးနေပြန်ပြီ"

"တကယ်ပြောတာ၊ ကိုယ့်အဒေါ်တစ်ယောက်ဆိုသူသေသွားတယ်၊ သူ သဘောမတူတဲ့ လူနဲ့ ယူသွားတဲ့ တစ်ဦးတည်းသောသမီးကို နာမည်တောင် အပြောခံမသွားဘူး"

"ပြတ်သားလိုက်တာနော်"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း လင်မယား တစ်တွဲကျတော့လည်း သတင်းစာထဲ ကြော်ငြာထည့်ပေမဲ့ တစ်လလောက်ပဲကြာတော့ ပြန်လက်ခံတာပဲ၊ နောက်ရန်ဖြစ်ကြပြန်ရော၊ ငါ့အိမ်မလာနဲ့ အမွေပြတ်ပဲ ဘာညာဖြစ်ပြန်ရော၊ သိပ်မကြာဘူး ပြန်တည့်သွားကြပြန်ရော၊ အဲဒီလိုတွေလည်း ရှိတတ်ပါတယ်"

"အိမ်က လူတွေရဲ့စိတ်က မှန်းရခက်တယ်၊ ဖွေးဖွေးကို အလိုလိုက်တုန်းကလည်း စွတ်အလိုလိုက်တာ၊ သားသမီးစိတ်ကြိုက် လုပ်ပေးနိုင်တာများ သူတို့အပြင် နှစ်ယောက်မရှိတော့ဘူး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး စည်းကမ်းတင်းကျပ်ပြန်တော့လည်း တကယ့်ရန်ငြိုးရှိတဲ့သူတွေ ကျနေတာပဲ"

"သူတို့လည်း သူတို့ခံစားချက်နဲ့ပေါ့ကွာ၊ တစ်ချိန်ကျ ဖွေးဖွေးလည်း မိဘဖြစ်လာမှာပဲ၊ အဲဒီအခါကျတော့ ကိုယ်ချင်းစာတတ်လာမယ်"





"အောင်မယ် ... သူကပါ လူကြီးသံကြီးနဲ့၊ ဒါဆို ရှင်ကြီးလည်း သူများသားသမီးကို မခိုးပါနဲ့လား"

"မခိုးလို့မှ မဖြစ်ဘဲ ကိုကိုကလေ ကိုယ့်အလှည့်ကျရင် ကိုယ့်သားသမီးကို မိဘစကားနားထောင်နိုင်တဲ့ အခြေအနေမျိုးပဲ ဖန်တီးပေးထားမှာ၊ သူတို့ဆန္ဒကို အတင်းမဆန့်ကျင်ဘူး၊ မပိတ်ပင်ဘူး"

လသာ ပြောနေပုံကြီးကို ဖွေးဖွေးပြုံးကာ ရယ်ချင်နေသည်။

သူ့မှာ အခုမှ မိန်းမခိုးပြေးထားတာ ဘယ်လောက်မှ မကြာသေးတာကို။ တကယ့်ဝါရင့် ဖခင်ကြီးတစ်ယောက်လို အပြောကြီးနေလိုက်တာ။

"တကယ်လို့ ဖွေးဖွေး မိဘတွေက ကိုယ်တို့ကို ရှာတွေ့ပြီး အတင်းခွဲရင် ဘယ်လိုလုပ်မလဲ"

"တိုင်ဖက်ပြီး မလိုက်ဘူးလို့ ငြင်းမှာပေါ့"

"မရရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"မရလို့ ပြန်ပါသွားလည်း အခွင့်အရေးရတာနဲ့ ကိုကို့ဆီ ပြန်ပြေးလာမှာပဲ၊ ဖွေးဖွေး တစ်သက်လုံး ကိုကိုနဲ့ ဘယ်တော့မှ မခွဲဘူး"

လသာက ဖွေးဖွေးဖြူရဲ့ ခေါင်းကလေးကို သူ့လက်ဖဝါးနဲ့ ကြင်ကြင်နာနာ အုပ်မိုးဆုပ်ကိုင်ထားလိုက်မိသည်။

ကိုယ့်ချစ်သူလေးဟာ ကလေးဆန်တာ၊ ပေါ့ပေါ့ပါးပါး တွေးတတ်တာ၊ စိတ်ကောက်တတ်တာ၊ မတရား အနိုင်လိုချင်တာတွေ ရှိနေမဲ့ အဲဒီပြစ်ချက်တွေကို ဖုံးလွှမ်းသွားနိုင်လောက်သည့် ကျေနပ်စရာ၊ ချစ်စရာအချက်ကလေးတစ်ချက်တော့ ရှိသည်။

အဲဒါက ဘာလဲဆိုတော့ သူ့အပေါ် ရာနှုန်းပြည့် အားကိုးချစ်ခင်သစ္စာစောင့်သိခြင်းပါပဲ။

✣ ✣ ✣





အထက်အောက် နှစ်စသာပါသော ရေကူးဝတ်စုံ…င်စုံတွေကြား တီရှပ်လက်တို၊ ပေါင်တစ်ဝက်လောက်ရောက်…ည့် စကဘောင်းဘီနဲ့ လုံလုံခြုံခြုံ၊ သေသေသပ်သပ် ရှိနေသော…်ကလေးကို မှိုင်းဝေက ငေးကြည့်နေမိသည်။

နေဝင်ဆည်းဆာရဲ့ မှိန်ဖျော့ဖျော့ လိမ္မော်ရောင်…တ်ခံမှာ သူမ ဝတ်ထားသော အင်္ကျီအနီရဲ့၊ ဘောင်းဘီအနက်…င်တို့ဟာ ထင်ရှားပေါ်လွင်လို့နေသည်။

ကောင်းကင်နဲ့ပင်လယ်အရောင်က ပြာမှိုင်းမှိုင်း၊ …်းစပ်သဲသောင်ပြင်က ဖြူလွလွ၊ ဟိုးအဝေးက ကျွမ်းစိမ်းစိမ်း…သား။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည့် မြင်ကွင်းဟာ ပန်းချီဆရာ မှိုင်းဝေ၏ မျက်စိထဲမှာတော့ ပန်းချီကားတစ်ချပ်အတိုင်းပါပဲ။

ဟာ ... ဟုတ်ပြီ။ အတော်ပဲ။

သူတို့ ပန်းချီပြပွဲ ဖွင့်မည့်နေ့ကျလျှင် ဒီပွဲ လာပြဖို့ ဖိတ်ခေါ်ထားသော ပန်းချီဆရာတွေအားလုံး လာ မည်။ ပြီးလျှင် ဧည့်သည်တွေ ရှေ့မှာ ကိုယ်တိုင်ကိုယ်ကျ ပန်း ကားတစ်ချပ်ကို အပြီးအစီး ဆွဲပြကြရမည်။ ပါဖောင်းမဲန့်အ ခေါ်သည့် ဖန်တီးမှုအနုပညာပြကွက် လုပ်ပြမည့်ဆရာတွေကလည်း သူတို့ စိတ်ကူးနဲ့သူတို့ တွေ့ကရာပစ္စည်းတွေကို အသုံးချ အနုပညာပြကွက်တွေ ဖန်တီးကြလိမ့်မည်။

အဲဒီနေ့မှာ သရုပ်ပြဆွဲဖို့အတွက် အိုင်ဒီယာကောင်း ကောင်း လိုက်ရှာနေတာ။ အခုတော့ တွေ့ပြီ။

မှိုင်းဝေက အလိုက်သင့် တွဲစပ်သွားသော အ တွေကို အာရုံထဲ စွဲနေအောင် သေသေချာချာ လိုက်မှတ် သည်။



သူက ဓာတ်ပုံရိုက်ပြီး ပြန်ဆွဲသော ပန်းချီဆရာမျိုး ဟုတ်။ များသောအားဖြင့် မှိုင်းဝေ ပန်းချီဆွဲလျှင် ကိုယ့်စိတ်ကူး ထဲက ပေါ်လာသည့်ပုံမျိုး၊ ဒါမှမဟုတ် အပြင် ကိုယ်တိုင်သွားကာ သဘောကျသည့် မြင်ကွင်းရှေ့မှာ ပန်းချီဆွဲသည့် ဒေါက်ကလေး ထောက်ပြီး ဆွဲသည့်ပုံမျိုးကိုသာ ဆွဲတတ်တာ။

အင်း ... ဒီတစ်ခါတော့ မြင်ဖူးထားသည့် မြင်ကွင်း ကို နောင်ကျမှ ပြန်ပြီးဆွဲရမှာဆိုတော့ အလွဲအချော်၊ အလျော့ အတင်း မရှိရအောင် မှတ်ထားပါမှ။

ကမ်းခြေဆီက မြင်ကွင်းကို မလှမ်းမကမ်း သဲသောင် ပေါ်ကနေ ထိုင်လျက် ငေးမောနေသော မှိုင်းဝေကို လမ်းလျှောက် သွားသည့် နံ့သာနီက လှမ်းမြင်လိုက်ပါသည်။

ဂျင်းပန်အတို၊ ခပ်ပွပွ စွပ်ကျယ်ချိုင်းပြတ်၊ မှတ်ဆိတ် မွေး နုတ်ခမ်းမွေး ထူလပျစ်နှင့် မျက်မှန်မည်းကြီး တပ်ထား သော မှိုင်းဝေကို နံ့သာနီက မြန်မာလူမျိုးတစ်ယောက်လို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



မိပါ။ မှိုင်းဝေရဲ့ နဂိုအသားက ခပ်ဖြူဖြူဖြစ်ပြီး နေလောင်ထား
လို့ နီစပ်စပ်အရောင် ပြောင်းနေပေရာ မျက်နှာပေါ်က မရိတ်သ
မပယ်ရှားတာ ကြာပြီဖြစ်သည့် အမွှေးအမျှင်တွေနဲ့ ပေါင်းလိုက်
လျှင် အနောက်တိုင်းသားတစ်ယောက်လို့သာ ထင်ချင်စဖွယ်

ကိုယ်နဲ့ လူမျိုးချင်းမတူတော့ ဒီလောက် အသည်း
အသန်ကြီး လိုက်ကြည့်နေတာကို သွားပြီး အပြစ်တင်ဖို့ကလည်း
မကောင်း၊ သူစိမ်းယောကျ်ားတစ်ယောက်က ကိုယ်သွားရာ လ
တစ်လျှောက် တငေးတမော လိုက်ကြည့်နေတာကိုလည်း သည်း
မခံနိုင်။

ကြာလာတော့ နံ့သာနီရဲ့ ပါးလျားကြွပ်ဆတ်သော
စိတ်ဓာတ်က သည်းခံခြင်းတွေကို အနိုင်ရသွားကာ ...

"ရှင် ဘာလုပ်တာလဲ"

ပီသကြည်မြသည့် အင်္ဂလိပ်လို မေးခွန်းတစ်
ကြောင့် မှိုင်းဝေက မော့ကြည့်လိုက်သည်။





မှိုင်းဝေတို့မှာ ဘယ်လောက်တောင် အနုပညာဈာန်
ဝင်စားနေသလဲဆိုလျှင် စောစောက သူ လိုက်ကြည့်နေသည့်
မိန်းကလေး မြင်ကွင်းထဲက ပျောက်သွားကာ သူ့ရှေ့တည့်တည့်
ရောက်လာတာကိုတောင်မှ သတိမထားမိလိုက်။

သူမရဲ့ လေယူလေသိမ်း၊ အသံထွက်အရ ဂျပန်မ
လေးတော့ မဖြစ်နိုင်ဘူးဟု မှိုင်းဝေက ခန့်မှန်းလိုက်သည်။

ဂျပန်စကားကို အနည်းအကျဉ်းတတ်ပေမဲ့ သူက
အင်္ဂလိပ်လို လာပြောနေတာဆိုတော့ ကိုယ်ကလည်း အင်္ဂလိပ်လို
ပဲ ပြန်ပြောသင့်သည်။

သို့သော် မှိုင်းဝေက နောက်ချင်ပြောင်ချင်၊ ညစ်ကျယ်
ကျယ် လုပ်ချင်သည့် စိတ်ကလေး မထင်မှတ်ဘဲ ပေါ်လာကာ
ပြင်သစ်ဘာသာဖြင့် ...

"ကျွန်တော် အပန်းဖြေအနားယူနေတာပါ"

အောင်မယ်။ လက်စသတ်တော့ သင်းက ပြင်သစ်
လူမျိုးကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း … အင်္ဂလိပ်စကားလေးတောင် မတတ်တဲ့ ပြင်သစ်ပဲ။

ဒါမှမဟုတ် တမင်တကာ ရွဲ့ပြီးတော့များ တစ်ဖက်လူနားမလည်အောင် သူတို့ လူမျိုးဘာသာစကားနဲ့ ပြောလိုက်တာလား။

နံ့သာနီကို ဒီလို လာစမ်းလို့ ဘယ်ရလိမ့်မလဲ။

နိုင်ငံတကာနဲ့ အဆက်အသွယ် လုပ်ကိုင်ရာမှာ အခြေခံဖြစ်သည့် အင်္ဂလိပ်စကားတစ်မျိုးတည်း မဟုတ်ဘဲ အသုံးများသည့် ဘာသာစကားတွေကို တတ်ထားသင့်သည်။ ဒါမှ သူတို့ လိမ်ညာတာ မခံရမှာဆိုသည့် ခံယူချက်နဲ့ နံ့သာနီက ဘာသာစကားအတော်များများကို ထမင်းစားရေသောက်တော့ အနည်းဆုံးတတ်အောင် သင်ထားဖူးပါသည်။

ဂျပန်စကား၊ တရုတ်စကား၊ ထိုင်းစကား၊ အထူးသဖြင့် ပြင်သစ်စကားပေါ့။





ပြင်သစ်ဘာသာကိုတော့ ကိုယ်တိုင်လည်း စိတ်ဝင်စားတာနှင့် ဒီပလိုမာရသည်အထိကို သင်ခဲ့ဖူးတာ။

"အပန်းဖြေနေတာကို ပြောတာ မဟုတ်ဘူး၊ ကျွန်မ သွားလေရာ ပြုံးပြုံးပြီး လိုက်ကြည့်နေတာကို ပြောတာ"

အင်္ဂလိပ်စကားထက်တောင် ပိုပြီး ပီသချင်သေးသော ပြင်သစ်အသံထွက်ကြောင့် မှိုင်းဝေက မျက်လုံးပြူးသွားရသည်။

လက်စသတ်တော့ သူမက ပြင်သစ်လူမျိုးကိုး။

နှာတံပေါ်ပေါ်၊ ပါးရိုးမြင့်မြင့်၊ မျက်ခုံးကောင်းကောင်း၊ မျက်နှာသွယ်သွယ်နဲ့ သူမ ရုပ်ရည်ဟာ ပြင်သစ်မတစ်ယောက်နဲ့ တူသည်လို့ သူဘာကြောင့် မတွေးမိခဲ့တာပါလိမ့်။

သာမန်အချိန်ဆိုလျှင်တော့ အနောက်တိုင်းသူတစ်ယောက်ကို ကိုယ့်ဘက်က မရိုမသေ၊ စော်ကားမော်ကားပြုဖို့ သင့်ဘူးလို့ ယူဆလျက် မှိုင်းဝေက သေသေချာချာ ရှင်းပြတောင်းပန်မိမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လူက စိတ်ညစ် တိုဆတ်နေသောချိန်မို့ ...

"ကျွန်တော်က အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာမှာ ထိုင်နေတာပဲ၊ ကျွန်တော့်ရှေ့က ဖြတ်သွားတဲ့ အရာမှန်သမျှကို လိုက်ကြည့်ခွင့်ရှိတယ်၊ ခင်ဗျား အကြည့်မခံချင်ရင် ဒီလိုနေရာမျိုးမှာ လျှောက်သွားမနေသင့်ဘူး"

"ဘာရှင့်"

"ရှင်းရှင်းလေးပါ၊ လူမြင်ကွင်းရှေ့ ထွက်လို့ လူကြည့်ခံရတာ မဆန်းဘူးလို့ပြောတာ"

တော်တော်ရိုင်းစိုင်းသည့် သူပါလား။

နိုင်ငံခြားသားမို့ ယဉ်ကျေးနူးညံ့ရမည်လို့တော့ မဆိုလိုပါ။

လူတစ်ယောက်ရဲ့ ပင်ကိုစရိုက်ဟာ သူ့လူမျိုးနဲ့ သက်ဆိုင်တာမှ မဟုတ်ဘဲ။





ဒါပေမဲ့ တခြားနိုင်ငံတစ်ခုမှာ လူမျိုးခြားနဲ့ တွေ့ဆုံစကားပြောရသည့်အခါမှာတော့ ဆင်ခြင်ဖို့သင့်တာပေါ့။ ကိုယ့်လူမျိုးမှ မဟုတ်ဘဲ။ သွားပြီး ရိုင်းစိုင်းဖို့ သင့်ပါ့မလား။

"ရှင်တို့လူမျိုးမှာ မိန်းမတစ်ယောက်ကို ဒီလောက်ရိုင်းရိုင်းပျပျ ပြောတတ်တဲ့ထုံးစံ ရှိတယ် ဟုတ်လား"

မှိုင်းဝေက အမျိုးသမီးကို တအံ့တသြ ကြည့်လိုက်သည်။

သူမက ပြင်သစ်လို ပြောပြီး ကိုယ့်ကျတော့ 'ရှင်တို့ လူမျိုး'လို့ သုံးနှုန်းလိုက်သည်ဆိုတော့ ဘယ်လိုလဲ။ မှိုင်းဝေကို သူက ပြင်သစ်လူမျိုးလို့ မထင်ဘူးလား။ ဒါမှမဟုတ် သူမကပဲ ပြင်သစ်စကားတတ်သည့် ပြင်သစ်လူမျိုး မဟုတ်သူတစ်ယောက်လား။

"ကျွန်တော် တမင်ရိုင်းတာ မဟုတ်ပါဘူး၊ ခင်ဗျားက လာရိုင်းနေလို့ ကျွန်တော်လည်း သင့်တော်သလို တုံ့ပြန်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ဟာ ကိုယ့်ကို ဣန္ဒြေပျက်လောက်အောင် လိုက်ကြည့်တဲ့ ယောကျ်ားတိုင်းကို အပြစ်ပြောခွင့် ရှိတယ်၊ ဒါရိုင်းပျတာ မဟုတ်ဘူး"

"ဣန္ဒြေပျက်အောင် ကြည့်တယ်ဆိုတာ ခင်ဗျားဘက်က သတ်မှတ်ချက်လေ၊ ကျွန်တော် ဘာကြောင့် ဒီလိုကြည့်ရသလဲဆိုတာ သေသေချာချာ သိအောင် လုပ်ပြီးမှ ပြောသင့်တာ"

"ဒီလောက်အထိ စိတ်ရှည်မပေးနိုင်ဘူး၊ အခုလည်း ရှင့်ကို ဒီလောက်ကြာကြာ လက်ခံစကားပြောနေဖို့ မဟုတ်ဘူး၊ ရှင့်လုပ်ရပ် ရိုင်းပျတဲ့အကြောင်း လာသတိပေးတာ၊ ဒါ အရှေ့တိုင်းနော်၊ ရှင်တို့ အနောက်တိုင်းလို နေချင်သလို နေ လုပ်ချင်သလိုလုပ်လို့ မရဘူး"

နံ့သာနီက ကိုယ် ပြောချင်တာတွေပဲ ပြောခဲ့ကာ အမြန်လှည့်ထွက်လာလိုက်သည်။





အကျင့်စရိုက်ပိုးထိုးလောက်ကိုက်နေပုံရသော လူနဲ့တော့ ဆက်ပြီး ရန်ဖြစ်မနေချင်တော့ပါဘူး။ ကြာလျှင် ကိုယ်ပဲ သိက္ခာကျမည်။

နဂိုတည်းက မကြည်လင်လှသော စိတ်တွေဟာ ဒီလူကြောင့် ပိုပြီးနောက်ကျိရှုပ်ထွေးသွားရတာကတော့ အမှန်ပင်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မြမိုးညို ရောက်နေတာကိုး၊ ဆောရီးဗျာ၊ ကျွန်တော် မသိလိုက်လို့"

"ရပါတယ်၊ ကျွန်မလည်း လုပ်စရာတွေတော့ ပြီးပါပြီ၊ အဝတ်ကလေး နည်းနည်းလောက် မီးပူတိုက်ချင်သေးလို့"

"တိုက်လေ၊ ကျွန်တော်က ကွန်ပျူတာခဏဖွင့်မှာ၊ ဟို တစ်လောက အင်တာနက်ထဲက ကူးထားတဲ့ ဖိုင်တစ်ခု ကွန်ပျူတာထဲ ထည့်ထားမိတာ၊ အဲဒါ လာယူရုံပါပဲ"

ဧည့်ခန်းမှာတင် သူ့ပစ္စည်းတွေ ပစ်ချပြီး ဖုန်းတစ်ချက်ကောက်ဆက်နေသော နေရောင့်ကို ကြည့်ကာ မြမိုးညိုက တစ်စုံတစ်ခုကို သတိရသွားသည်။



လွန်ခဲ့သော ဆယ့်ငါးရက်လောက်က သူမတစ်ယောက်တည်း ရှိနေချိန်မှာ ဖုန်းသံမြည်လာသည့်အကြောင်း။ သွားကိုင်တော့ ဘာမှ မပြောဘဲ ဖုန်းချသွားသည့်အကြောင်း။

အရေးကြီးလား မကြီးလား မသိပေမဲ့ အမှတ်တမဲ့ မပြောဘဲ နေခဲ့မိတာ။

အခု ပြန်သတိရလိုက်တော့ ကိုယ် မပြောမိသည့်အတွက် အရေးကြီးကိစ္စတစ်ခုခု လွတ်သွားရတာများ ဖြစ်လေမလားလို့ တွေးမိလာသည်။

"ကိုနေရောင့်ကို တစ်ခု ပြောရဦးမယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က မြ ဒီကို ရောက်နေတုန်း ဖုန်းသံမြည်လာလို့ သွားကိုင်လိုက်တာ ဘာမှ ပြန်မဖြေဘူး၊ မြလည်း တော်တော်ကြာအောင် ပြောကြည့်နေသေးတယ်၊ ဘာသံမှ မကြားရတော့လို့ ပြန်ချထားလိုက်ရတယ်"

"အင်း ... အင်း"

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ နေရောင်က ခပ်ဖေ့ါဖေ့ါပဲ သဘောထား လိုက်မိသေးသည်။

တဖြည်းဖြည်းနဲ့ စဉ်းစားကြည့်လိုက်တော့ လွန်ခဲ့သည့် နှစ်ပတ်က ...။

နံ့သာနီဟာ သူ့ဆီလာလည်တိုင်း အခန်းနားရောက်တော့မှ ဖုန်းဆက်တတ်သည်။ ဖုန်းထဲကနေ မကြာခင်လာတော့မည်လို့ ပြောလိုက်ပြီးတာနဲ့ အခန်းတံခါးကို လာခေါက်ရော။

တကယ်လို့ နံ့သာနီသာ သူ့ဆီ ဖုန်းလှမ်းဆက်တာဆိုလျှင် မြမိုးညိုရဲ့ အသံနဲ့ ဖုန်းထူးတာကို ကြားလိုက်ရလျှင် ဘယ်လိုနေမလဲ။

"ဖုန်းခေါ်သံကြားပြီးတော့ ဧည့်သည်တွေ ဘာတွေရောလာသေးလား"

"ဟင့်အင်း ... ဧည့်သည်တော့ မလာပါဘူး၊ အဲ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"



"အခန်းရှေ့က ထွက်သွားတဲ့ ခြေသံလိုလိုတော့ ကြားလိုက်တယ်၊ ကိုနေရောင့်အခန်းက ထောင့်ခန်းဆိုတော့ တခြားအခန်းက လူတွေ ဖြတ်သွားဖို့ မရှိဘူး မဟုတ်လားဟင်၊ အင်းလေ ... ဒါပေမဲ့ ဘယ်သူမှ မလာရဘူးတော့လည်း ဘယ်ဟုတ်မလဲနော်"

သေချာပါပြီ။ တော်တော့်ကို သေချာနေပါပြီ။

အဖြစ်အပျက်ကို ရုပ်လုံးဖော်ကြည့်လိုက်လျှင် သာနီဟာ သူ့ဆီ အလာမှာ အိမ်ကို ဖုန်းလှမ်းဆက်မည်။ မိုးညိုက ဖုန်းလည်း ကိုင်လိုက်ရော ဘယ်လောက်အထိအောင် က်ပက်စက်စက် အထင်လွဲသွားမလဲ။ ဒါနဲ့ပဲ သူ့အခန်းရှေ့ ာက်ပြီးမှ ချက်ချင်းကြီး ပြန်ထွက်သွားတာ ဖြစ်လိမ့်မည်။

အချိန်ကာလကို ပြန်တွက်ကြည့်လိုက်တော့လည်း ည့်ခံပွဲသွားပြီး နံ့သာနီကို စိတ်ခုကာ သူတို့ မတွေ့ဖြစ်ကြသည့် ာလအတွင်း။ နေရောင့်စာအုပ် ထွက်လို့ နံ့သာနီဆီ လက် ာင် သွားမပေးခင်ကလေး။

www.burmeseclassic.com



ဒါကြောင့်မို့ နံ့သာနီဟာ သူ့ကို ရက်ရက်စက်စက် ပြတ်ပြတ်သားသားတွေ ပြောပစ်လိုက်တာကိုး။ အကြောင်းပြ ချက်မပေးဘဲ အခါးသီးဆုံး စွပ်စွဲမောင်းထုတ်လိုက်တာကိုး။

ဒီလောက်ဆိုးဝါးသော အထင်လွဲစရာကြီး ရှိနေမှ တော့ ဘယ်သူကများ စိတ်မဆိုး၊ စိတ်မနာဘဲ နေမှာလဲ။ ကိုယ် ချစ်သူဟာ ကွယ်ရာမှာ မိန်းမတစ်ယောက်နဲ့အတူ နေနေသည်လို့ အထင်လွဲသွားသော မိန်းကလေး တစ်ယောက်ဟာ ချစ်သူအပေါ် ပြေလည်နူးညံ့သော စကားလုံးတွေနဲ့ ဆက်ဆံနိုင်ပါဦးမလား။

ဒါကို နေရောင်က မသိခဲ့၊ ဖြေလည်းဖြေရှင်းမပြ နိုင်ခဲ့။ တစ်ဖက်သတ်စိတ်ကွက်ကာ နံ့သာနီနဲ့ အဝေးဆုံးကို တောင် ရှောင်ထွက်ဖြစ်ခဲ့သေးသည်။

နံ့သာနီတစ်ယောက် ဘယ်လောက်တောင်များ ထိခိုက်နာကျင်စွာ ခံစားရလေမလဲ။

မာနကြီးသော နံ့သာနီဟာ သစ္စာအဖောက်ခံရသည် ဖြစ်ရပ်ကို မခံမရပ်နိုင်အောင် ရှိရှာမှာပဲ။ ပြီးတော့ နေရောင်ကလည်း တကယ့်ကိုပဲ မြမိုးညိုနဲ့ စေ့စပ်သွားလိုက်သေးသည်။





"ကိုနေရောင်"

နေရောင့်မျက်နှာ ခပ်ပျက်ပျက်ဖြစ်ကာ ငိုင်တွေ ငေးမောသွားတာကို မြမိုးညိုက သတိထားလိုက်မိသည်။

သူ ဘာဖြစ်သွားတာလဲ။ ဖုန်းကိစ္စဟာ တကယ်ပဲ အရေးကြီးသည့်ကိစ္စတစ်ခု ဖြစ်နေလို့များလား။

"ကိုနေရောင် တစ်ခုခုများ ဖြစ်သွားတာလားဟင်"

"ဟင် ... ဘာလဲ မြမိုးညို"

"ဟိုလေ ... ဖုန်းလာတဲ့ကိစ္စ မြ မပြောဖြစ်လိုက်တာ"

"သြော် ... မဟုတ်ဘူး၊ အဲဒါ စဉ်းစားနေတာ မဟုတ်ပါဘူး၊ အလုပ်ကိစ္စ စဉ်းစားနေတာပါ"

ရိုးသားသော မြမိုးညိုကတော့ နေရောင် တစ်ခွန်း ပြောလိုက်တာနဲ့ ယုံသွားရှာသည်။

ဒီလိုလွယ်လွယ်နဲ့ ယုံသွားတာပဲ ကောင်းပါတယ် လေ။ သူမ သံသယဆက်ဝင်နေတော့ရော ဘာများ အကျိုးထူး မှာလဲ။ စိတ်မကောင်းဖြစ်ရတာပဲ အဖတ်ရင်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မြမိုးညိုကိုလည်း အပြစ်တင်စရာမှ မရှိတာ။ သူမလည်း ဒီလောက်ကိစ္စကိုတော့ အရေးတကြီး သဘောထားချင်မှ ထားမှာပေါ့။

နောက်ဆုံးတော့ ဖြစ်ပျက်သမျှတို့ဟာ သူ့သဘော သူဆောင်။ နေရောင်နဲ့ နံ့သာနီတို့နှစ်ယောက်အတွက် ဆုံစည်းဖို့ကံ ပါမလာတာရယ်၊ နေရောင်နဲ့ မြမိုးညိုတို့နှစ်ယောက်ရဲ့ ဖူးစာကံရယ်။ အဲဒါတွေဟာ ဘယ်လိုမှ မလွဲရှောင်သာခဲ့လို့ ဖြစ်လာရတာပဲပေါ့။

✣ ✣ ✣



"ကိုကို ပျင်းလာပြီကွာ၊ တစ်လောကလုံးမှာ မွေးမွေးတို့ နှစ်ယောက်တည်း ရှိနေသလိုပဲ"

"ဟင် ... အဲဒါ မကောင်းဘူးလား၊ ဘာအနှောင့်အယှက်မှ မရှိဘူးလေ"

"အစကတော့ ကောင်းသလိုပေါ့၊ ကြာတော့ ပျင်းလာပြီ၊ မနေ့က ကိုကို ညွှန်စာရင်း တိုင်ဖို့သွားတုန်းကဆို တစ်တောက်တည်း ပျင်းလိုက်တာ"

ဟုတ်တော့လည်း ဟုတ်တာပါပဲ။

ပတ်ဝန်းကျင်မှာ လူရယ်လို့ သိပ်မရှိသော စိုက်ခင်းခြင်ကျယ်ကြီးထဲ လာနေရတာကို လသာ ကိုယ်တိုင်လည်း ပျင်းရိငြီးငွေ့လို့နေတာပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပတ်ဝန်းကျင် အနေအထားက တိတ်ဆိတ်အေးချမ်းသည်ဆိုပေမဲ့ လှုပ်ရှားတက်ကြွစည်ကားသော ရန်ကုန်မြို့ကြီးမှာ နေလာကြသူတွေအဖို့ကတော့ ကြာကြာနေချင်စရာမကောင်း။

"လူကြီးတွေလည်း မေ့လောက်ရောပေါ့"

"ဘာကိုလဲ"

"လိုက်ရှာဖို့လေ၊ ဆယ့်ငါးရက်လောက် ရှိသွားပြီဆိုတော့"

"ဒီလောက်နဲ့တော့ မေ့မလား၊ ကိုယ် စိုးရိမ်တာက သူတို့ဘက်က အသာငြိမ်စောင့်နေပြီး ဘာမှ မလုပ်တော့လောက်ဘူး ထင်လို့ ကိုယ်တို့ ပြန်ချသွားတော့မှ ကွိခနဲ စောင့်ဖမ်းမှာကိုပဲ"

"ဖမ်းတော့ရော ဘာစွတတ်နိုင်မှာလဲ၊ မွေးမွေးတို့ ထွက်လာတာပဲ ဆယ့်ငါးရက်ရှိနေပြီ၊ တရားရုံးမှာလည်း တရားဝင်လက်မှတ်ထိုးပြီးနေပြီ၊ ဒီအနေအထားနဲ့ လိုက်ခွဲတော့ရော သူတို့သမီး နစ်နာတာကလွဲပြီး ဘာရှိမှာလဲ"





"ဒါပေမဲ့"

လသာက အနည်းငယ် တွန့်ဆုတ်ဆုတ် ဖြစ်နေမိသည်။

မွေးမွေးဖြူတို့ဘက်က သူ့သမီးကို ပြင်ဆင်ပြောင်းလွဲလို့ မရတော့တာမို့ သဘောတူလက်ခံလိုက်ရသည်ပဲထားကိုယ့်ဘက်ကရော။

စီးပွားရေးနဲ့ ပတ်သက်ပြီး အမုအထုံး၊ အပြိုင်အဆိုင်တွေ လုပ်ကြရာက တစ်ဖက်နဲ့တစ်ဖက် မကြည့်မလင် ဖြစ်လာကြသော မိဘတွေဟာ သားသမီးတွေကြောင့် စိတ်လျှော့ပြီး ပြန်လည်သင့်မြတ်သွားဖို့ နီးစပ်ပါ့မလား မသိနိုင်ချေ။

သူ့မိဘတွေဟာ မွေးမွေးဖြူရဲ့ မိဘတွေကို ဘယ်လောက်မုန်းသည်ဆိုတာ လသာက အသိဆုံး။ ပြီးတော့ ကိုယ်ဖြစ်ချင်တာဆိုလျှင် ဖြစ်ကိုဖြစ်ရမည်ဆိုသည့် တစ်ယူသန်စိတ်ရှိတာကိုလည်း အသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားဟာ သူတို့ ပုံသွင်းစေခိုင်းသလို မလုပ်တာက တစ်ပြစ်မှု၊ သူတို့ အမုန်းဆုံးလူတွေနဲ့မှ သွားပတ်သက်တာက တစ်ပြစ်မှု။

ကဲ ... ဒီလောက်များသည့် ပြစ်မှုတွေကို ဖေဖေနဲ့ မေမေက ခွင့်လွှတ်ကြပါ့မလား။

"ကိုကို ဘာတွေ စဉ်းစားနေတာလဲ၊ ဘာလဲ ကိုကို့မိဘတွေက သဘောမတူကြဘူး ထင်လို့လား"

"ကိုယ့်တစ်ဖက်တည်းတော့ မဟုတ်ပါဘူး"

"ဒါပဲနော် ကိုကို၊ ဖွေးဖွေးတို့ဘက်က သဘောတူပြီး ကိုကို့မိဘတွေက သဘောမတူဘူး ဆိုရင်တော့ ကိုကိုနဲ့ ဖွေးဖွေး တွေ့မယ်"

"ဟာကွာ ... အဲဒီလိုတော့လည်း ..."

"တွေ့လား ... တွေ့လား၊ သူ့ဘက်ကို သူ ယုံကြည်မှု မရှိဘူး၊ ပြောထားပြီးသားနော်၊ ကိုကို့ဘက်က တင်းခံနေမယ် ဆိုရင်တော့ အသိပဲ"





စိတ်များတောင် ညှစ်ရပါ့မလား။

ဖွေးဖွေးပြု ပြောတာလည်း ဟုတ်တော့ဟုတ်သားပင်။ မိန်းကလေး မိဘတွေဘက်က စိတ်လျှော့သဘောတူပေးလိုက်တာတောင်မှ ယောကျ်ားလေးဘက်က တင်းမာဆဲဆိုလျှင် သူမရော သူမ မိဘတွေအတွက်ပါ မခံချင်စရာကောင်းတာပေါ့။

ခက်နေတာက စိတ်ကြီးလှသော မိဘတွေအကြောင်းလည်း သိနေတာမို့ လသာမှာ စိတ်ချလက်ချ မနေနိုင်တော့ချေ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ရသာစုံပန်းချီပြပွဲ ... တဲ့။

နဖူးစည်းမှာ ရေးထားသော ဂျပန်စာတန်းကို တစ်ချက်မော့ဖတ်လိုက်သည်။

နံ့သာနီဟာ စာရေးဆရာကိုသာ ချစ်သူတော်ထားတာ။ စာပေတို့ ပန်းချီတို့လို အနုပညာမျိုးတွေနဲ့ တရင်းတနှီး ရှိသူတော့ မဟုတ်ပါ။

အခုဟာက သူမ တည်းခိုနေသော ဟိုတယ်ကြီးရဲ့ အောက်ဆုံးထပ်က ဘောလ်ရွမ်းမှာ ပြုလုပ်သည့် ပန်းချီပြပွဲမို့ လာကြည့်ဖြစ်တာ။





အနီးအနားမှာ သွားစရာလည်း ကုန်ပြီ။ ခပ်ဝေးဝေး သွားချင်စိတ်ကလည်း မရှိ။ အခန်းထဲအောင်းနေရတာလည်း ပျင်းလှသည်ဆိုတော့ ပန်းချီပြပွဲမကလို့ ဘာပွဲပဲရှိရှိ ဆင်းကြည့်ဖြစ်မှာပါပဲ။

ပန်းချီပြပွဲက သိပ်တော့သေးသေးကွေးကွေး မဟုတ်။ နိုင်ငံပေါင်းဆယ့်တစ်နိုင်ငံက ပန်းချီဆရာတွေကို ဖိတ်ခေါ်ထားတာ။

ဒီနေ့ ပထမဆုံးဖွင့်ပွဲနေ့မှာ ပန်းချီဆရာတွေ ကိုယ်တိုင် သူတို့ စိတ်တိုင်းကျ ပန်းချီကားတစ်ချပ်စီကို လက်တွေ့ ရေးဆွဲပြမည်ဆိုတော့ ဝါသနာပါသူတွေကတော့ စောစောစီးစီး ကြိတ်ကြိတ်တိုးပေါ့။

နံ့သာနီ အခန်းပြတင်းပေါက်က ကြည့်လိုက်လျှင် ကားတွေ တစ်စင်းပြီးတစ်စင်း မောင်းဝင်လာကြကာ စည်ကားသိုက်မြိုက်နေတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ စိတ်မဝင်စားဘဲ မနေနိုင်တော့။ ဒီလောက် လူတွေ အများကြီးလာကြည့်ကြသည့် ပွဲကို ကိုယ်နဲ့ အနီးဆုံးမှာ ရှိနေပါလျက် မကြည့်ဘဲ ပြန်လာခဲ့သည်ဆိုလျှင် နံ့သာနီလောက် မိုက်တဲ့သူ ရှိပါဦးမလား။

နေ့လယ်စာ စားပြီးချိန်လောက်ကျတော့ နံ့သာနီက အဝတ်အစား ကောင်းကောင်းမွန်မွန် လဲဝတ်ကာ ပန်းချီပြပွဲသို့ ဆင်းကြည့်ဖြစ်လေသည်။

ပန်းချီပညာကို နားမလည်ပေမဲ့ (ကိုယ့်မှာလည်း ဒါကလွဲလို့ တခြား ဘာမှ လုပ်စရာမရှိတာမို့) ပန်းချီကားတစ်ချပ်ချင်းကို အသေးစိတ်ကြည့်ကာ ဝေဖန်ဖို့ နံ့သာနီက ကြိုးစားနေဖြစ်သည်။

အထီးကျန်မြစ်တစ်စင်း ...

Lonely River ဟု အမည်ပေးထားသော ပန်းချီကတော့ နံ့သာနီ သဘောအကျဆုံးပင်။





မှိုင်းအုပ်အုပ် တောင်ကြားထဲ လှည့်ပတ်ရစ်ခွေ စီးဆင်းနေသောမြစ်။ မြစ်ရေရဲ့ အရောင်ကိုက ခဲသားရောင် မှိုင်းမှိုင်း။

ပန်းချီဆရာရဲ့ ပညာအစစ်အမှန်ပဲလား၊ ကိုယ်တိုင်ရဲ့ ခံစားချက်နဲ့ တိုက်ဆိုင်သွားလို့လားတော့မသိ။ မြစ်ရဲ့ တစ်ဖက်တစ်ချက် ကမ်းပါးပေါ်က အပင်တွေကပဲ မြစ်ကိုပယ်ကျဉ်ထားကြသလို၊ အရေးမစိုက်သလို၊ တစ်စင်းတည်း ဖေါင်းစင်းစင်းကလေး စီးဆင်းနေရရှာလေသည်။

ပန်းချီကားအောက်မှာ ရေးထားသည့် ပန်းချီဆရာရဲ့ နာမည်ကို ကြည့်လိုက်တော့ အောင်မယ် ... တယ် ဖတ်ရခက်ပါလား။

နောက်ကစာလုံးက 'ဝေ' ဆိုတာတော့ သိသည်။ ရှေ့ကစာလုံးကို ဘယ်လိုအသံထွက်မလဲ။ 'မှန်း'ဆိုလား 'မှန်အင်း' လို့ ထွက်သလား။

www.burmeseclassic.com

www.burmeseclassic.com



'ဝေ'စာလုံးပါတာကို ကြည့်ခြင်းအားဖြင့် ပန်းချီဆရာဟာ တရုတ်လူမျိုး ဖြစ်နိုင်မည်ထင်သည်။

နောက်ထပ် ပန်းချီကားနှစ်ချပ်လောက်မှာလည်း မစ္စတာဝေရဲ့ လက်ရာတွေကို တွေ့ရသည်။

ဟင် ... ဒါက ဘာပါလိမ့်။

ပြပွဲဝင်ပန်းချီဆရာတွေရဲ့ လက်တွေ့ရေးဆွဲထားသော ပန်းချီကားတွေထဲက ပန်းချီကားတစ်ချပ်ဟာ နံ့သာနီ အမြင်မှာတော့ ထူးဆန်းနေသည်။

နေရာက ကမ်းခြေတစ်ခု။ အချိန်ကလည်း ဆည်းဆာနေဝင်ချိန်။ မှုန်ပြပြ ကောင်းကင်နဲ့ ပင်လယ်ကြားထဲမှာ ဝင်လုဆဲနေမင်းကြီး။ အဲဒီနေမင်းကြီးရဲ့ လိမ္မော်ရောင်မှိုင်းမှိုင်း လင်းရောင်ခြည်။ ဟိုးအဝေးက စိမ်းညို့ညို့ ကျွန်းကလေး။ ပြီးတော့ အရောင်လဲ့နေသည့် သဲပြင်ဖြူလွှလွှ။

ကမ်းစပ်မှာ ရောင်စုံလူတွေကို ခပ်သဲ့သဲ့ ရေးထားပြီး လမ်းလျှောက်နေသည့် မိန်းကလေးတစ်ယောက်ပုံကိုတော့ အသေးစိတ် ခြယ်မှုန်းထားသည်။



ပတ်ဝန်းကျင်က အရောင်မှိုင်းတွေနဲ့ ဆန့်ကျင်ခြားနားပြတ်သားနေတာကတော့ အဲဒီမိန်းကလေးတစ်ယောက်တည်းပါပဲ။

မိန်းကလေးက တီရှပ်အနီရဲရဲ၊ ဘောင်းဘီစကအနက်ရောင်ကို ဝတ်ထားလျက် မတိုမရှည် ဆံပင်တွေကို လေမှာလွင့်ဝဲဝေအောင် ဖားလျားချထားသည်။

သူမရဲ့ ရင်ကော့ ခေါင်းမော့ကာ ကြော့ကြော့ကလေး ဖြစ်နေသည့် ပုံစံဟာ နောက်ခံပတ်ဝန်းကျင်ရဲ့ မှုန်မှိုင်းနေခြင်းနဲ့ ဆန့်ကျင်ခြားနားလို့နေသည်။

ပန်းချီကားရဲ့ အရောင်အဆင်း၊ အယူအဆ၊ အလင်းအမှောင်တွေက ကြည့်ကောင်းတာမှန်ပေမဲ့ နံ့သာနီ အထူးတလည်လည်း အံ့ဩမိတာကတော့ ပန်းချီကားထဲက မိန်းကလေးဟာ သူမ ကိုယ်တိုင် ဖြစ်နေလို့ပါပဲ။

မနေ့ကမှ ပင်လယ်ကမ်းခြေကို အပန်းဖြေသွားခဲ့သေးသည်။ အဲဒီတုန်းက နံ့သာနီ ဝတ်သည့် ဝတ်စုံဟာ ခန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ကားထဲက မိန်းကလေးဝတ်ထားသည့်အတိုင်း တီရှပ်အနီရဲရဲနဲ့ ဘောင်းဘီအနက်ရောင်ပင်။

မျက်နှာက သေသေချာချာ မပေါ်သော်လည်း ကိုယ်လုံးကိုယ်ပေါက် ဟန်နေဟန်ထားအားလုံးဟာ သူမရဲ့ ပုံစံ။ ကွက်တိ။

ဘယ်လိုဖြစ်တာလဲ။ သူမဟာ ဓာတ်ပုံရိုက်လည်း မခံခဲ့ဖူးပါဘူး။ ပန်းချီဆရာတစ်ယောက်ရှေ့မှာ မော်ဒယ်ထိုင်ပေးဖို့ဆိုလျှင် ပိုလို့တောင် ဝေးသေးရဲ့။

ဒါပေမဲ့လည်း ပန်းချီကားထဲက ပုံရိပ်ရှင်ဟာ သူမမှ သူမပဲဆိုတာ နံ့သာနီက သေချာပေါက် ပြောနိုင်လေသည်။

ပန်းချီဆရာက ဘယ်သူများပါလိမ့်။

ခပ်သော့သော့ ထိုးထားသော လက်မှတ်ကို ငုံ့ဖတ်လိုက်လျှင် ပိုလို့တောင် အံ့ဩသွားရသည်။

ပန်းချီဆရာက နံ့သာနီ သဘောကျမိသော ပန်းချီကားတွေရဲ့ လက်ရာရှင် မစ္စတာဝေပင်။





"ဒီမှာရှင့် ... ကျွန်မ ဒီပန်းချီကားရဲ့ ပန်းချီဆရာနဲ့ တွေ့ချင်ပါတယ်"

နံ့သာနီက ကြာရှည်ထိန်းချုပ်မနေတော့ဘဲ ပြခန်းမှာ အရေးပါအရာရောက်ပုံရသည့် လူတစ်ယောက်ကို ချက်ချင်းပဲ သွားမေးပစ်လိုက်သည်။

"ဪ ... မစ္စတာမွန်းဝေကို ပြောတာလား"

ရှေ့က စာလုံးဟာ 'မွန်း'ဟုတ်လား မဟုတ်လား လားတော့မသိ။ နောက်က 'ဝေ'ကတော့ မှန်နေတာမို့ ...

"ဟုတ်ကဲ့"

"သူ ရှိပါတယ်၊ နားနေခန်းထဲမှာပါ"

"ကျွန်မ လိုက်တွေ့လို့ရမလား၊ ဒါမှမဟုတ် သူ့ကို ခဏလောက် ခေါ်ပေးနိုင်မလား"

"လိုက်တွေ့ချင်တယ်ဆိုရင် တွေ့လို့ရပါတယ်"

နံ့သာနီက တာဝန်ခံ ခေါ်သွားရာနောက် လိုက်သွားလျှင် ပန်းချီဆရာတွေအတွက် သီးသန့်လုပ်ပေးထားသော အခန်းတစ်ခုထဲ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မစ္စတာမွန်းဝေပါပဲ"

အဲတော့ ...။

မစ္စတာမွန်းဝေလို့ ညွှန်ပြခံလိုက်ရသည့်လူက ကမ်းခြေမှာတုန်းက သူမနဲ့ ရန်ဖြစ်ခဲ့သည့် ပြင်သစ်လူမျိုးပဲ။

မှိုင်းဝေကလည်း ကိုယ့်ရှေ့တည့်တည့်မတ်မတ် ရောက်ချလာသော အမျိုးသမီးကို တအံ့တသြ ကြည့်ကာ ...

"ဘာကိစ္စရှိလို့ပါလဲ"

အောင်မယ်။ ခုကျတော့လည်း အင်္ဂလိပ်လို ပြောတတ်ပေသားပဲ။ ဒါဆို ဟိုနေ့က တမင်ရစ်ပြီး ပြင်သစ်လို ပြောလိုက်တာပေါ့။

တော်သေးတာက နံ့သာနီကလည်း ပြင်သစ်လို ပြောတတ်နေပေလို့။

"ပန်းချီကားကိစ္စပါ"

အမြင်ကတ်ကတ်နဲ့ ဂျပန်လို ပြောထည့်လိုက်တော့ ဂျပန်စကား တတ်ပုံမရသော ကိုယ်တော် ဒုက္ခရောက်သွားကာ...



"နားမလည်ဘူး၊ ဖြစ်နိုင်ရင် အင်္ဂလိပ်လို၊ ဒါမှမဟုတ် ပြင်သစ်လိုပဲ ပြောပါ"

"ကျွန်မ ရှေ့မှာ ဝန်းချီကားတစ်ချပ် တွေ့ခဲ့လို့ပါ၊ အဲဒီကားထဲက ပုံက ကျွန်မပုံလို့ ထင်လို့"

"ဟုတ်တယ်လေ"

"ဘယ်လိုဖြစ်လို့ ကျွန်မပုံကို ဆွဲနိုင်ရတာလဲ၊ ရှင် ဓာတ်ပုံရိုက်ယူထားလိုက်တာလား"

"ဓာတ်ပုံရိုက်ရအောင် အဲဒီတုန်းက ကျွန်တော့် လက်ထဲမှာ ကင်မရာတွေ့မိလို့လား"

"ဒါတော့ ဘယ်သတိထားမိမလဲ"

"ဘယ်သတိထားမိမလဲ၊ ခင်ဗျားက ရန်လုပ်ဖို့ပဲ စိတ်စောနေတာကိုး၊ ကျွန်တော့်မှာ ကင်မရာ မပါပါဘူး၊ မျက်စိနဲ့ ကြည့်ပြီး စိတ်နဲ့ပဲ မှတ်ခဲ့တာ၊ ဒါကြောင့် ခင်ဗျားကို အကြာကြီး လိုက်ကြည့်နေတယ်လို့ ထင်စရာဖြစ်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အစကတည်းက ပန်းချီဆွဲဖို့ ရည်ရွယ်ချက်ရှိတယ် ပေါ့"

"ဟုတ်တယ်၊ ကျွန်တော့်ရှေ့က မြင်ကွင်းက ပန်းချီကား တစ်ချပ်နဲ့ တူလွန်းလို့ ဒီပွဲမှာ လက်တွေ့ဆွဲပြတဲ့အခါ သုံးရအောင် မှတ်နေတာ"

ဒါဆို နံ့သာနီက သူ့ကို အထင်လွဲခဲ့မိတာပေါ့။

အို ... ဘာဖြစ်သေးလဲ။ သူကလည်း ရှင်းမှ မပြခဲ့တာ။ ဘယ်သူကတော့ ကိုယ့်ကို အတင်းလိုက်ကြည့်နေသည့် ယောကျ်ားတစ်ယောက်ဟာ ပန်းချီဆွဲဖို့ ကြည့်တာလို့တော့ ထင်မှာလဲ။

ပြီးကျတော့ သူက တောင်းပန်စေချင်နေလိုက်သေးသည်။

ထားပါတော့၊ တောင်းပန်ရတာက သိပ်ဝန်လေးသည့်ကိစ္စမဟုတ်။ နိုင်ငံခြားသားတစ်ယောက်ဆိုတော့လည်း ကိုယ့်လူမျိုး သိက္ခာမကျအောင် တောင်းပန်ပေးလိုက်ပါ့မယ်။



"ကောင်းပြီ၊ ကျွန်မ တောင်းပန်ပါတယ်"

"ဒီလိုပဲ ဖြစ်ရမှာပေါ့"

"ရှင်"

သူ့ပါးစပ်က မြန်မာစကားတစ်ခွန်းများ ထွက်လာလေသလား။ ဒီလိုပဲ ဖြစ်ရမှာပေါ့လို့ တီးတိုးရေရွတ်လိုက်လေသလား။

ကိုယ့်ရဲ့ နားကြားဟာ ဒီလောက်ကြီး တက်တက်စင် လွဲတာတော့ မဖြစ်တန်ရာ။

"ဘာပြောလိုက်တာလဲ"

သူ ပြုံးပြီး ခေါင်းခါပြသည်။

ဒီတော့မှ သူ့မျက်နှာကို သေသေချာချာ ကြည့်မိတော့ ပြင်သစ်တစ်ယောက်နဲ့လည်း မတူပါဘူး။

ပြင်သစ်တစ်ယောက်နဲ့တင်မဟုတ်။ အနောက်နိုင်ငံသားတစ်ယောက်နဲ့ကို မတူတာ။

သေသေချာချာ ကြည့်လေ အရှေ့တိုင်းသားရုပ်ပေါက်လာလေလေ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် စိတ်ထဲ မသက်မသာကြီး ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာကာ စမ်းသပ်ချင်စိတ် ဖြစ်လာစိတ်နှင့် နံ့သာနီက မြန်မာလို ...

"တောင်းပန်ချင်လွန်းလို့ တောင်းပန်တာတော့ မဟုတ်ဘူးနော်"

"ရတယ်၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် တောင်းပန်ခံရရင်တော်ပြီ"

သူက အင်္ဂလိပ်လိုတော့ ပြန်ပြောလိုက်တာပါပဲ။ ဒါပေမဲ့ မြန်မာလို ပြောတာကို နားလည်ပြီး တုံ့ပြန်နိုင်ဖို့ဆိုလျှင် မြန်မာလိုတော့ တတ်မှဖြစ်မည်လေ။

"ရှင် မြန်မာစကား တတ်တယ် ဟုတ်လား"

တည့်တည့်ကြီး မေးလိုက်တော့မှ သူက ပြုံးကာ ...

"တတ်တယ်လေ၊ မြန်မာပဲဟာ၊ မြန်မာစကားတော့ တတ်တာပေါ့"

ပြောရင်း မှိုင်းဝေအသံက ရယ်သံပေါက်လာသည်။





ဒီရက်ပိုင်းအတွင်း ရယ်ဖို့မပြောနဲ့ ပြုံးချင်စိတ်တောင် မဲ့နေခဲ့တာ။

အခုမှပဲ ရယ်ချင်စိတ် ဖြစ်ပေါ်လာသည်ဆိုတော့ သူ့အခြေအနေ တိုးတက်လာတာလား၊ ဒီအမျိုးသမီးရဲ့ စွမ်းရည်ကြောင့်ပဲလား။

"ဪ ... ရှင်က မြန်မာကိုး"

"ခင်ဗျားလည်း မြန်မာပဲ မဟုတ်လား"

"ကျွန်မကို ဘာဖြစ်လို့ လိမ်ပြောရတာလဲ"

"ဗျော် ... ခက်ပါလား၊ ခင်ဗျားက ကျွန်တော့်ကို ဘာလူမျိုးလဲလို့ မေးဖူးသလား၊ ကျွန်တော်ကရော ဘာလူမျိုးပါလို့ ပြောဖူးသလား"

"ဒါပေမဲ့ ကျွန်မက အင်္ဂလိပ်လို မေးတာကို ရှင်က ပြင်သစ်လို ပြန်ဖြေတယ်လေ"

"ဒါနဲ့ပဲ ခင်ဗျားက ကျွန်တော့်ကို ပြင်သစ်လူမျိုး ထင်သွားရောလား၊ ခင်ဗျားကရော ဘာလို့ ပြင်သစ်လို လိုက်ပြောသေး



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ကျွန်တော်ကလည်း ခင်ဗျား ပြင်သစ်မ,လား ဘာလား ထင်သွားမိတာပေါ့"

"မကျေပါဘူး၊ ရှင် စ,ပြောလို့ ပြောရတာပဲ"

"ခင်ဗျားကလည်း ကောင်းကောင်းပြောတတ်နေတာကိုး"

"ကျွန်မ ဘာသာစကား ငါးမျိုးလောက် ကောင်းကောင်း ပြောတတ်တယ်"

"ကြွားတာလား"

"မကြွားဘူး၊ ပြောပြတာ၊ တခြားဘာသာစကားတွေ ပြောရင် တခြားလူမျိုး ထင်နေမှာစိုးလို့"

"ကျွန်တော်ကတော့ အင်္ဂလိပ်အပြင် ဒီတစ်မျိုးပဲ တတ်တယ်၊ ဒါတောင် ပြင်သစ်ပန်းချီတွေ လေ့လာချင်လို့ သင်ထားတာ"

"ဒါနဲ့များ"

"ခင်ဗျားက ရုတ်တရက်ကြီး ရန်လာတွေ့တာကိုး၊ ကျွန်တော်လည်း စိတ်တိုတာနဲ့ တမင်ညစ်လိုက်တာပေါ့"





နံ့သာနီက သူ့ကို စိတ်ဆိုးချင်ပေမဲ့ တကယ်တမ်း ကျတော့ စိတ်ဆိုးလို့လည်း မရပြန်ချေ။

ခဏတာအတွင်းမှာ ကိုယ့်ရဲ့ အတိတ်ဆိုးကို မေ့လျော့ကာ စိတ်ဝင်စားမှုအသစ်၊ အတွေ့အကြုံအသစ်နဲ့ ကြုံလိုက်ရတာကိုက တန်ဖိုးကြီးမားတဲ့ အပြောင်းအလဲတစ်ခုပဲလေ။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"ဟာဗျာ ... ပန်းချီကားတိုင်းရဲ့ အောက်မှာ ကျွန်တော် နာမည်ထိုးထားတယ်လေ"

"ဟုတ်ပါတယ်၊ နောက်က ဝေဆိုတာပဲ ဖတ်လို့ရပြီး ရှေ့က စားလုံးကို အသံထွက် မပေါင်းတတ်လို့၊ ပြပွဲတာဝန်ခံကတော့ မွန်းဝေလို့ ခေါ်လိုက်တယ် ထင်တယ်"

"မှိုင်းဝေပါ"

"မှိုင်းဝေ ... ဩော် ... ဟုတ်သားပဲ"

"ခင်ဗျားနာမည်ကရော"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီက-ကိုယ့်နာမည် မပြောဘဲ ညစ်ထားလိုက်ဦးမည်လို့ စိတ်ကူးမိသေးပေမဲ့ သိပ်ကြီးကလေးဆန်သွားမှာ စိုးတာမို့ ...

"နံ့သာနီပါ"

"တိုက်ဆိုင်တယ်ဗျာ၊ ကျွန်တော့် ပန်းချီကားကို အနီရောင်ကောင်းကင်အောက်ကလို့ နာမည်ပေးမလို့ စဉ်းစားထားတာ"

"ဒါနဲ့ ရှင် ပန်းချီကားကို ဘာလုပ်ပစ်မှာလဲ"

"ပြပွဲမှာ ပြထားမှာပေါ့"

"ပြပွဲပြီးရင် ပြောတာ"

"ပြပွဲပြီးသွားရင်တော့ ဝယ်မဲ့သူရှိလည်း ရောင်းမယ်၊ မရှိရင်လည်း ကျွန်တော်ပဲ သိမ်းထားမှာပေါ့"

"ရှင့်မှာ ရောင်းဖို့ စိတ်ကူးရှိတယ်ဆိုရင် ကျွန်မကို ရောင်းပါလား"

"ခင်ဗျားပုံပါလို့ ဝယ်ချင်တာလား"





"ရှင့်လက်ရာကို သဘောကျတာလည်း ပါပါတယ်"

"ဒါဆိုလည်း ကျွန်တော် မရောင်းပါဘူး၊ လက်ဆောင် ပေးလိုက်ပါ့မယ်"

"အို ... မဟုတ်တာ၊ ရှင်က ရောင်းဖို့ တင်ထားတာကို"

"ပန်းချီကားတစ်ချပ် မရောင်းလိုက်ရလို့ ကျွန်တော် မွဲမသွားပါဘူးဗျာ၊ မိတ်ဆွေတစ်ယောက် တိုးလာတာက ပိုမြတ်မှာပါ"

သူက ပန်းချီကားတစ်ချပ် ရင်းပြီး မိတ်ဆွေဖြစ်ချင်သည့်သဘော။ ယောက်ျားတွေများ အားလုံး ချိုကလေးတွေနဲ့ပါ ပဲလား။

ဘာပဲဖြစ်ဖြစ် နံ့သာနီက သူနဲ့ မိတ်ဆွေဖြစ်ဖို့ သဘောတူညီလိုက်လေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ရှင်က အဆွေးသမားပေါ့"

"အဲဒီလို ပြောလို့လည်း ရပါတယ်"

မခံချိမခံသာ ဖြစ်သွားပုံရသည့် မှိုင်းဝေရဲ့ မျက်နှာကို နဲ့သာနီ ခပ်ပြုံးပြုံး ကြည့်ကာ ...

"ရှင့်ကြည့်ရတာ သိပ်ဆွေးတဲ့ပုံလည်း မရပါဘူး"

"ယောက်ျားတစ်ယောက်ဟာ ကိုယ့်ရဲ့ ခံစားချက်ကို ထိန်းသိမ်းနိုင်ရမှာပေါ့၊ ခင်ဗျားတောင်မှ ဘာအပူအပင်မှ မရှိသလို ပေါ့ပါးရွှင်လန်းနေတာပဲဟာ"

"ကျွန်မက ရှုံးပြီးတော့မှ မကျန်ခဲ့ချင်တာ"





"ကျွန်တော်လည်း ဒီလိုပဲပေါ့ဗျာ၊ ကိုယ်က နားလည်သိတတ်စွာ နောက်ဆုတ်ပေးခဲ့တဲ့ သဘောပဲ ဖြစ်ချင်တယ်၊ စွန့်ပစ်ခံခဲ့ရတာမျိုးတော့ အဖြစ်မခံနိုင်ဘူးလေ"

"ရှင်နဲ့ ကျွန်မ အတွေးချင်း တူတယ်"

"ဒါနဲ့ ခင်ဗျားချစ်သူက စာရေးဆရာဟုတ်လား၊ နာမည်က ဘာလဲ"

"နေရောင်"

"ဗျာ ..."

မှိုင်းဝေက တအံ့တသြ ဖြစ်သွားရသည်။

ဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလား။ စာရေးဆရာနေရောင် ဆိုသည့် သူဟာ သူ့ရင်ကို ခွဲပြီး သူ့ ချစ်သူကို လုယူသွားသူပဲ မဟုတ်လား။

"ရှင်က ဘာဖြစ်သွားရတာလဲ"

"အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခုကို သိလိုက်ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများပါလိမ့်"

"ကျွန်တော့်ချစ်သူနာမည်က မြမိုးညိုလေ"

"ဪ ... ဒါဖြင့် ရှင့်ကောင်မလေးနဲ့ ကျွန်မ လူနဲ့"

"ဟား ဟား ... ကျွန်ရစ်ဖြစ်တာချင်း တူတဲ့အပြင် ခင်ဗျား ရည်းစားနဲ့ ကျုပ်ရည်းစားက ယူဖြစ်သွားတာကိုး၊ ကောင်းတယ်ဗျာ၊ ပီပီပြင်ပြင် ဘဝတူတွေ ဖြစ်သွားကြတာပေါ့"

"တော်စမ်းပါ၊ ရှင်နဲ့တော့ ဘဝတူ မဖြစ်ချင်ပါဘူး"

နံ့သာနီက မျက်နှာကလေး တင်းကာ ပြောလိုက်ပေမဲ့ အရေးပြားအောက်က အသားစိုင်လေးတွေကတော့ ရယ်ချင်နေပုံနဲ့ တတွန့်တွန့်။

"ဒါပေမဲ့ ခင်ဗျားက ကျွန်တော့်လောက် အဖြစ်မဆိုးသေးပါဘူး"

"ဘာဖြစ်လို့လဲ"



"ကျွန်တော့်မှာ ရည်းစားက ယောက်ျားယူသွားရုံတင်မကဘူးလေ၊ မိဘက သဘောတူထားတဲ့ ကောင်မလေးကလည်း မတိမ်းမယိမ်းပဲ ယောက်ျားနောက် လိုက်ပြေးသွားတယ်ဗျ"

"အို ... ဖြစ်ရလေ"

"ရက်စရာကောင်းလိုက်တာဗျာ၊ ကောင်မလေးကို သဘောကျလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အကြောင်းသိတွေကြားထဲမှာကျတော့ နှစ်ထပ်ကွမ်း အရှက်ကွဲတာပေါ့"

မှိုင်းဝေက ပွင့်ပွင့်လင်းလင်း ပြောပြလျှင် ကိုယ့်အကြောင်း သူများကို ပြောခဲ့လှသော နံ့သာနီပင် ဖြစ်ကြောင်းကုန်စင်ကို ရင်ဖွင့်ချင်စိတ်ပေါက်လာကာ ...

"ဒါဆိုရင်တော့ ကျွန်မတို့ ထပ်ဆင့်ဘဝတူနေကြပြန်ပြီ၊ ကျွန်မလည်း လူကြီးတွေက အတင်းသဘောတူနေတဲ့ လူက မိန်းမ ခိုးပြေးသွားသတဲ့ရှင်၊ ဒီကိစ္စ သူငယ်ချင်း မိတ်ဆွေတွေ မသိပေမဲ့ ဆွေမျိုးတွေထဲက သိသင့်သလောက် သိကြတော့ သနားစရာကြီးကို ဖြစ်နေတော့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

"လောကကြီးမှာ ဒီလောက် ကံတူအကျိုးပေး တိုက်ဆိုင်တာမျိုး ရှိနိုင်ဦးမလားဗျာ"

မှိုင်းဝေက မချိတင်ကဲ ရေရွတ်ညည်းညူသံဆုံးလျှင် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အူကြောင်ကြောင်နဲ့ ရယ်ဖြစ်ကြတော့သည်။

✣ ✣ ✣





မြမိုးညို အမေရဲ့ ရောဂါဟာ အတော်ထူးဆန်းသည့် ရောဂါလို့ပဲ ပြောရမလား။

သမီးဖြစ်သူကို ဘာမှ မစီစဉ်သေးခင်တုန်းကတော့ နေ့သေမလား၊ ညသေမလား အသည်းအသန်လို ဖြစ်နေခဲ့တာ။ ဟော ... မင်္ဂလာပွဲအတွက် အားလုံး စီစဉ်လို့လည်း ပြီးသွားရော ဒေါင်ဒေါင်မြည် ကျန်းမာရေးကောင်းလာလိုက်တာများ။

ဘယ်လောက်တောင် ကောင်းလာသလဲ ဆိုလျှင် ဆေးရုံကတောင် ဆင်းကာ အိမ်မှာပဲ ပြန်နားနေနိုင်ပြီ။

ကိုယ့်အမေ ပြန်ကောင်းလာတာကို ကျေနပ်ဝမ်းသာမိပေမဲ့ အခုမှပဲ နေကောင်းလာရသလား အမေရယ်လို့ မြမိုးညိုက မချိတင်ကဲ အသည်းတယားယား ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ အမေသာ စောစောစီးစီး ပြန်ပြီးနေကောင်းလာခဲ့လျှင် ဒီလို ဆုံးဖြတ်ချက်မျိုး သူမ ချမိပါဦးမလား။

တော်ပါပြီလေ။ မတွေးကောင်းတာတွေ မတွေးကြပါစို့နဲ့။ ကိုယ်က အခု အိမ်ထောင့်ရှင်မ ဖြစ်နေပြီ။ ကိုနေရောင်ရဲ့ဇနီး ဖြစ်နေပြီး ဒီအချိန်မှာ ဒီစကားမျိုးတွေ ပြောတာဟာ ကိုယ့်အိမ်ထောင်အပေါ် သစ္စာဖောက်ဖျက်ရာ ကျသလို မိန်းမကောင်းတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာကို ဖျက်ဆီးရာလည်း ရောက်သည်။

ဒီဘဝမှာလည်း ကျေနပ်နေပျော်အောင် ကြိုးစားမှ ဖြစ်မည်။ ကိုနေရောင်ဟာလည်း အားကိုးလေးစားလောက်သည့် ယောက်ျားတစ်ယောက်ပဲ။ မြမိုးညိုကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချစ်ပုံမရပေမဲ့ (ကြည့်ရတာ သူ့မှာလည်း မြမိုးညိုလိုပဲ အဆုံးရှုံးခံခဲ့ရသည့် ဝေဒနာတစ်ခု ရှိပုံရသည်။) ကြင်ကြင်နာနာနဲ့ ဂရုတစိုက် ရှိရှာသားပင်။ လူကြီးတွေရဲ့ သဘောထား တစ်ဖက်တည်းနဲ့ ဖြစ်လာရသော အိမ်ထောင်ပေမဲ့လည်း လေးစားတန်ဖိုးထားရှာသားပင်။





တစ်ခါတလေမှာသာ ...

မြမိုးညိုက စာရေးစားပွဲမှာထိုင်လျက် ပြတင်းပေါက်ဆီ ငေးမောနေသော နေရောင့်ကို အကဲခတ်ကြည့်လိုက်သည်။

သူငေးနေပုံက စာရေးဆရာတစ်ယောက်ရဲ့ ဇာတ်လမ်း စဉ်းစားနေပုံနဲ့မတူ။ လိမ်ပြာလွင့်နေသလိုလို၊ မမြင်နိုင်သော ဟိုးအဝေးကိုပဲ ငေးမောတမ်းတနေသလိုလို။

သူ့မှာ ဘယ်လိုပူဆွေးသောကတွေများ ရှိနေပါလိမ့်။

နှစ်ဦးနှစ်ဖက် ချစ်ကြလို့ပဲဖြစ်ဖြစ်၊ လူကြီးတွေစီစဉ်လို့ပဲဖြစ်ဖြစ် အိမ်ထောင်ဖက်ရယ်လို့ ဖြစ်လာပြီ ဆိုလျှင်တော့ တစ်ယောက်အကြောင်း တစ်ယောက် အကုန်အစင် သိထားတာကောင်းတာပေါ့။

ကိုယ့်ဘက်မှာလည်း ဝန်ခံစရာတွေက ရှိသေးသည်လေ။ မြမိုးညိုမှာ အိမ်ထောင်မကျခင်က သိပ်ချစ်ရသော ချစ်သူတစ်ယောက် ရှိခဲ့ပြီး အမေ့ရောဂါ အခြေအနေကြောင့် ချစ်သူကို နှုတ်လွှတ်ကာ သူ့ကို လက်ထပ်ခဲ့ရသည်ဆိုတာ ကိုနေရောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးသိရမည်။ သူမတို့နှစ်ယောက်ဟာ ဖြူစင်သန့်ရှင်းသော ချစ်သူတွေသက်သက်ပဲ ဖြစ်ခဲ့ကြပေမဲ့ ချစ်သူတစ်ယောက် ရှိဖူးတာကိုတော့ ဖုံးကွယ်ထားဖို့ မသင့်ဘူးလေ။ ပြောပြမှပဲ လိပ်ပြာသန့်နိုင်မည်။

နောက်ပြီး ကိုနေရောင့် ဘက်မှာရော ဘယ်လို အဖြစ်အပျက်၊ အခက်အခဲတွေ ရှိနေခဲ့သလဲဆိုတာ မြမိုးညိုက သိချင်လာသည်။ ငါန်းမသားတစ်ယောက်ရဲ့ မနာလို၊ သဝန်တိုစိတ်မျိုးနဲ့တော့ မဟုတ်ပါ။ ကိုယ့်ခင်ပွန်းရဲ့ ဘဝဖြစ်စဉ်ကိုသိထားချင်ရုံ၊ နားလည်ပေးနိုင်ရုံပင်။

ကဲ ... အချိန်ဆွဲမနေတော့ပါဘူးလေ။ ကိုယ့်ဘက်က အသိပေးစရာရှိတာကိုတော့ စောစောစီးစီး အသိပေးထားတာပဲ ကောင်းပါတယ်။ တော်ကြာ ကိုယ့်ဆီက မဟုတ်ဘဲ တခြားတစ်ယောက်ယောက်ဆီက သိလိုက်ရရင်၊ ကိုနေရောင်ဟာလည်း သဝန်တိုတတ်သော၊ သံသယများတတ်သော ယောကျ်ားတစ်ယောကျ်ားတစ်ယောက် ဖြစ်နေရင် ရေရှည်အတွက် မကောင်း။





"ကိုနေရောင်"

ကိုယ့်အတွေးနဲ့ကိုယ် ငေးမောနေသော နေရောင်က ခေါ်သံကို ချက်ချင်းပင် မကြား။ ကိုယ့်ရှေ့မှာ မြမိုးညို တည့်တည့်လာရပ်တာကို မြင်တော့မှပဲ သူ့ကိုယ်သူရော၊ လက်ရှိလောကကြီးကိုရော သတိရသွားပုံ ပေါက်ကာ ...

"ဗြော် ... မြမိုးညို၊ ဘာကိစ္စရှိလို့လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဘာကိစ္စရှိလို့လဲ ... တဲ့။

ရုတ်တရက်တော့ ဝမ်းနည်းသလို ဖြစ်သွားမိသည်။ ကိုယ်နဲ့ ကိုယ့်ခင်ပွန်းကြားက ဆက်ဆံရေးဟာ ကိစ္စရှိလျှင် ပြောရုံ၊ အကူအညီလိုလျှင် တောင်းရုံလောက်ပဲလား။ ဒီလောက်တောင်ပဲ သူစိမ်းဆန်သလား။

မြမိုးညို မျှော်လင့်ခဲ့သည့် အိမ်ထောင်သည်ဘဝက ဒီလိုမျိုးမှ မဟုတ်တာ။ တစ်ယောက်အကြောင်း တစ်ယောက်သိပြီး အမြဲတမ်း တိုင်တိုင်ပင်ပင် နွေးနွေးထွေးထွေး။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဒီလောက်အထိတော့ လောဘမကြီးသင့်ပါဘူးလေ။ ကိုယ်တိုင် ရွေးချယ်ခဲ့သည့် အိမ်ထောင်မှ မဟုတ်တာပဲ။ ကိုနေရောင့် အတွက်ဆိုလည်း မြမိုးညိုလိုပဲ ရှိမှာပင်။

"ကိုနေရောင့်ကို တစ်ခုမေးစရာရှိလို့၊ ပြောစရာလည်း တစ်ခုရှိလို့"

အမှန်တော့ ဒီအချိန်မှာ နေရောင်က ဘာစကားမှ မပြောချင်ပါ။ နံ့သာနီကို သူ အထူးတလည် သတိရနေသည်။ ဒီအချိန်မှာ နံ့သာနီ တစ်ယောက် ဘာတွေလုပ်နေမလဲ၊ ဘာတွေ တွေးနေမလဲ ဆိုတာ မှန်းဆကြည့်ချင်နေသည်။ လောကကြီးထဲမှာ တခြား ဘာတွေဖြစ်နေသလဲ ဆိုတာ ထည့်မစဉ်းစားချင်။

ဒါပေမဲ့လည်း မြမိုးညိုက စကားပြောချင်တယ်ဆိုမှတော့ ပြောရတော့မှာပေါ့။

"အင်း ... ပြောလေ"

ပုံစံကိုက သိပ်စိတ်မပါသည့်ပုံစံ။ သူ့အတွေးကွန်ရက်ထဲကို ဖောက်ဖျက်ဝင်ရောက်ဖို့ ကြိုးစားခံလိုက်ရတာကို မကျေ





လားသည့်ပုံစံ။ သဘောကောင်း စိတ်ရှည်တတ်သည့် ယောကျ်ားတစ်ယောက်မို့လို့သာ ရင်ထဲက ခံစားချက်ကို ဖုံးကွယ်ထားနိုင်တာ။

"မြတို့မင်္ဂလာပွဲအပေါ်မှာ ကိုနေရောင်ရဲ့ သဘောထား ဘယ်လိုရှိသလဲ သိချင်တယ်"

နေရောင်က မျက်ခုံးနှစ်ခုကြားက နှာခေါင်းထိပ်ဖျားနေရာကို လက်ညှိုးနဲ့ ကုတ်လိုက်ကာ ...

"ဒီအချိန်ကျမှ ဒီမေးခွန်းတွေ လာမေးနေရသေးလားဗျာ"

"မှန်တာကို ပြောရရင် ဒီအချိန်မှပဲ မေးဖို့စိတ်ကူးရလို့ပါ"

"ကျွန်တော် အမှန်အတိုင်း ဖြေရမှာလား"

"အမှန်အတိုင်းဖြေမှ မေးရကျိုး နပ်မှာပေါ့"

နေရောင်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ ...

"အေးဗျာ ... ကျွန်တော်လည်း ဘယ်လိုဖြေရမှန်းတောင် မသိဘူး၊ မြမိုးညိုကို ကျွန်တော် အထင်ကြီး လေးစားပါတယ်၊ မိတ်ဆွေတစ်ယောက်လို ခင်မင်ခွင့် ရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကောင်းတဲ့ မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ရမှာပါ၊ နောက်ပြီး ကျွန်တော့်မှာ စိတ်ကူးယဉ်ထားပြီးသား အိမ်ထောင်ရေးပုံစံတစ်ခုသာ ရှိမနေခဲ့ဘူးဆိုရင် ဒီအချိန်ဟာ စိတ်ချမ်းသာ ပျော်ရွှင်ရမဲ့ အချိန်ပါ"

"အခုတော့ ဒီလို မဟုတ်ဘူးပေါ့နော်"

"ကျွန်တော် မေ့နိုင်အောင် ကြိုးစားနေပါတယ်၊ ကျွန်တော် ရည်ရွယ်ထားတဲ့ မိန်းကလေးနဲ့ မြမိုးညိုဟာ ပုံစံချင်း တခြားစီဆိုပေမဲ့ နှစ်ယောက်စလုံး ကျွန်တော့်ကို စိတ်ချမ်းသာမှု ပေးနိုင်မှာပါ"

ပွင့်ပွင့်လင်းလင်း ဖွင့်ပြောသည့်အတွက် ကျေးဇူးတင်ရပေမဲ့ မြမိုးညို ရင်ထဲမှာ မကောင်း။ အင်းလေ ... ကိုယ်တောင် ချစ်သူဟောင်းကို တိမ်းတနေမိသေးတာ။ ယောကျ်ားလေးဖြစ်တဲ့ ကိုနေရောင့်မှာရော သူ့ချစ်သူကို တမ်းတခွင့် မရှိဘူးလား။ ပျက်စီးသွားတဲ့ သူ့အိပ်မက်တွေကို နမြောတသခွင့် မရှိတော့ဘူးလား။



မြမိုးညို ဘက်ကရော ဘယ်လိုလဲလို့ ပုံစံတူမေးခွန်းတစ်ခု ထွက်အလာကို စောင့်မျှော်နေမိပေမဲ့ နေရောင့်ဘက်က တိတ်ဆိတ်နေသောအခါ မြမိုးညိုမှာ ကိုယ့်အပြစ်ကိုယ် ဝန်ခံဖို့ပဲ ရှိတော့လေသည်။

"ကိုနေရောင့်ကို ကျွန်မ ပြောစရာလည်း ရှိသေးတယ်"

အင် ... ပုံစံကတော့ သိပ်စိတ်မဝင်စားသည့်ပုံစံပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်။

"ကျွန်မမှာ ကိုမှိုင်းဝေ ဆိုတဲ့ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ အဲ ... ရှိခဲ့ဖူးတယ်ဆိုတာ ကိုနေရောင်နဲ့ လက်မထပ်ခင်အချိန်အထိပေါ့"

"ကျွန်တော် သဘောပေါက်ပါတယ်"

"ကျွန်မ သူ့ကို သိပ်ချစ်ပါတယ်၊ သူကလည်း ကိုနေရောင့်လိုပဲ အနေအေးပြီး စိတ်သဘောထား တည်ကြည်တဲ့ လူကောင်းတစ်ယောက်ပါ၊ ကျွန်မအပေါ်လည်း အမြတ်တနိုးနဲ့ သစ္စာကြီးရှာပါတယ်၊ ဒါပေမဲ့ ကျွန်မ မိဘတွေရဲ့ သဘောအရ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့ဗျာ၊ ကိုယ့်အခက်အခဲနဲ့ ကိုယ်ပေါ့၊ ကျွန်တော် ကိုယ်ချင်းစာပါတယ်"

"ကျွန်မမှာ ချစ်သူရှိခဲ့တာကို လက်မထပ်ခင်က အသိမပေးမိတဲ့အတွက် တောင်းပန်ပါတယ်နော်၊ ကျွန်မ တမင်တကာ ဖုံးထားတာ မဟုတ်ပါဘူး၊ အဲဒီတုန်းက စိတ်ညစ်နေတာရော၊ ဘယ်ကစပြောရမှန်း မသိတာကြောင့်ရော မပြောဖြစ်ခဲ့တာ၊ တမင်တကာ ဖုံးထားတာ မဟုတ်ရပါဘူး"

နေရောင်က အနည်းငယ်တော့ ရယ်ချင်သွားမိသည်။ မြမိုးညိုဟာ သူမမှာ ရည်းစားရှိခဲ့ဖူးသည့် အဖြစ်ကို နေရောင်သိသွားလျှင် ငြိုငြင်လိမ့်မည်လို့တွေးကာ စိုးရိမ်နေပုံပင်။

"စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော် ဒီလောက်သဘောထားမသေးပါဘူး၊ မြမိုးညို ဒီလောက်တော်ပြီး ဒီလောက်ပြည့်စုံတာ ချစ်သူတစ်ယောက်ကတော့ ရှိကို ရှိသင့်တာပေါ့"





သြော် ... သူက မြမိုးညိုမှာ ချစ်သူရှိခဲ့တာကို စိတ်ထဲ ဘယ်လိုမှ မနေဘူးပေါ့။ သူ့အနားမှာထိုင်ပြီး တခြားယောက်ျား တစ်ယောက်ကို တမ်းတနေလည်း မမှုဘူးပေါ့။ အဲဒီကတည်းက သူဟာ မြမိုးညို အပေါ် ရာနှုန်းပြည့် စိတ်ဝင်စားမှု မရှိတာ သိသာနေပြီ။

မြမိုးညိုရဲ့ မျက်နှာ မကြည်မလင်နဲ့ အတွေးကို နေရောင်က ရိပ်စားမိလိုက်တာမို့ ...

"ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ချစ်သူရှိခဲ့ကြဖူးတယ်၊ အချင်းချင်း အဆင်ပြေနေလျက်နဲ့ အခြေအနေအရ ခွဲကြရတယ်၊ ရင်ထဲမှာ ကျန်နေခဲ့တယ်၊ ဒါတွေက ပြီးခဲ့ပြီလေ၊ ဘဝတူချင်းတွေပဲဗျာ၊ တစ်ယောက်ကို တစ်ယောက် အပြစ်မြင်နေစရာလည်း မလိုဘူး၊ စိတ်ဆိုးစရာလည်း မလိုဘူး၊ အရေးကြီးတာက ကျွန်တော်တို့ အနာဂတ်ကို ဘယ်လို ဆက်သွားကြမလဲ ဆိုတာပဲ"

"ကိုယ့်အတိတ်ကို မေ့ပစ်ပြီးတော့လား"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီ မျက်နှာကို ဖျတ်ခနဲ ပြန်မြင်သည်။ နံ့မြောသလို၊ တမ်းတသလို ခံစားချက်။ တော်ပါပြီလေ ... ကိုယ်က အိမ်ထောင်သည်တစ်ယောက် ဖြစ်နေခဲ့ပြီပဲ။ ရွေးချယ်စရာလမ်းဟာ များများစားစား မရှိ။ တစ်လမ်းတည်းပဲ ရှိတော့သည်။

"ချက်ချင်းကြီး မဟုတ်ပေမဲ့ တစ်ချိန်ကျ မေ့သွားမှာပါ။ တမ်းတစရာ တစ်ခုအနေနဲ့ သတိရနေမှာ မဟုတ်တော့ဘူးလေ။ ဒီကြားထဲမှာလည်း ကျွန်တော်တို့ရဲ့ အပြန်အလှန်နားလည်ပြီး သံယောဇဉ်ခိုင်မြဲတဲ့ ဘဝသစ်တစ်ခုကို ထူထောင်ကြတာပေါ့"

"တကယ်လားဟင်"

"တကယ်ပေါ့ဗျာ၊ ကျွန်တော် မြမိုးညိုကို မြတ်နိုးတန်ဖိုးထားသွားမှာပါ"

"ဒါဆိုရင် ကျွန်မကလည်း ကိုနေရောင့်ကို လေးစားအားကိုးသွားမှာပေါ့"





နေရောင်က မြမိုးညို ပခုံးလေးကို ခပ်ဖွဖွ ဆုပ်ကိုင်လျက် အားပေးနှစ်သိမ့်သလို ပြုံးပြလိုက်သည်။

ထိုအပြုံးဟာ မြမိုးညို အတွက် အသစ်တည်ဆောက်ရမည့် ဘဝတစ်ခုရဲ့ စာမျက်နှာသစ်ပဲ ဖြစ်လေသည်။

✣ ✣ ✣



www.burmeseclassic.com

"သာဓု ... သာဓု ... သာဓု"

အောင်မယ်။ အခုကျတော့ သာဓုခေါ်နေသည့် ယောက္ခမကြီးမျက်နှာက ကြည်ကြည်နူးနူး၊ ပြုံးပြုံးရယ်ရယ်နဲ့ နှစ်လိုဖွယ်ကြီးပါလား။

တော်သေးတာပေါ့။ ဖွေးဖွေးဖြူ ကြိုတင်မှန်းဆထားသည့် ဆိုးဆိုးဝါးဝါး ဖြစ်ရပ်တွေ ဖြစ်မလာပေလို့။

ယောက္ခမ, မကြည်ဖြူသည့် မျက်နှာငယ်ဘဝကို လည်း မလိုချင်၊ ချစ်ခင်ပွန်းကိုလည်း ဘေးပယောဂကြောင့် မစွန့်လွှတ်နိုင်။





လသာ မိဘတွေကို သွားကန်တော့မည်လို့ တိုင်ပင်လိုက်ကတည်းက ဖွေးဖွေးဖြူမှာ စိုးရိမ်စိတ်တွေနဲ့ နေ့ညမပြတ် ဖုံးလွှမ်းခံထားရတာ။ မနေ့ညကဆို တစ်ညလုံး အိပ်မပျော်သလောက်။ ခဏလေး အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာရပြန်ရော။

ညကမက်တဲ့ အိပ်မက်ထဲမှာ ယောက္ခမကြီးတွေက အစွယ်ကြီးတွေ တဖွေးဖွေးနဲ့။ လက်ထဲမှာလည်း ငရဲသားတွေကိုင်သည့် ခက်ရင်းခွကြီးတွေ ကိုင်လို့။ ဖွေးဖွေးဖြူကိုလည်း တွေ့ရော ခက်ရင်းကြီးတွေ တမြှောက်မြှောက်၊ အစွယ်ကြီးတွေ တဖြဲဖြဲနဲ့ အတင်း ခြောက်လှန့်မောင်းထုတ်တော့သတဲ့။

အိပ်မက်ထဲက ယောက္ခမကြီးတွေရဲ့ ရုပ်တွေကဖြင့် ခုပြန်တွေးကြည့်လိုက်လျှင် ရယ်စရာကောင်းမှကောင်း။

အပြင်မှာတော့ သူတို့တွေဟာ နောင်တပဲရသွားတာလား၊ စိတ်ပဲ လျှော့လိုက်ကြတာလား၊ ဒါမှမဟုတ် သေသေချာ



www.burmeseclassic.com

www.burmeseclassic.com



ချာ ကြည့်လိုက်တော့မှ သူတို့ရဲ့ချွေးမကလေးဟာ ချစ်စရာလေး ဆိုတာ သဘောပေါက်သွားကြလို့လား မသိ။ သဘောထားတွေ ပြောင်းလဲကာ ဖော်ဖော်ရွေရွေ ကြည်ကြည်ဖြူဖြူတွေ ဖြစ်နေကြ ပါလေရော။

ကိုယ်မျှော်လင့်ထားသလို ဆိုးဝါးသည့် အခြေအနေ တွေ ဖြစ်မလာတော့တာမို့ ဖွေးဖွေးဖြူက ပျော်လိုက်ရသည့် ဖြစ်ခြင်း။

"အေး ... အေး ... ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲကွာ၊ မင်းတို့လူငယ်တွေကိုက တစ်ဇွတ်ထိုး ဆန်ချင်ကြတာကိုး၊ တကယ်ဆို လူကြီးတွေကို့ အကျိုးအကြောင်း ပြောပြ ဆွေးနွေးရင် အကောင်းဆုံး နည်းလမ်းတစ်ခုကို ရွေးပေး လို့ မရပါလား"

အခုတော့ ပြောပြီပေါ့။ ဟိုတုန်းကများဆို ခါးခါး သီးသီး ငြင်းကြဦးမှာ။





"ခုကျတော့ မင်္ဂလာကိစ္စတောင် ခမ်းခမ်းနားနား စီစဉ် မပေးလိုက်နိုင်တော့ဘူး"

အောင်မယ်လေး။

မင်္ဂလာကိစ္စ မခမ်းနားတာ ခမ်းနားတာ အရေး မကြီး။

နှစ်ဖက်လူကြီးတွေ ကျေကျေနပ်နပ်နဲ့ ခွင့် ပြုကြဖို့ သာအရေးကြီးတာ။

"လောလောဆယ်တော့ မင်းတို့ နေလက်စအတိုင်း ဆက် နေလိုက်ကြဦးပေါ့၊ နောက်တော့ မင်းတို့နေဖို့ တိုက်ခန်း တစ်ခန်း ဖေဖေ စီစဉ်ပေးမယ်၊ ပြည်လမ်းက နိုင်ငံခြား သား ငှားထားတဲ့ တိုက်ကို နှစ်စေ့လို့ ပြန်အပ်တဲ့အခါကျ တော့ အဲဒီပြောင်းနေကြပေါ့"

ဒီလိုတော့လည်း ယောက္ခမကြီးတွေက တော်သွား ပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးဖြူတို့ဘက်က ဆူပါဆလွန်းကားတစ်စင်း ဝယ်ပေးလိုက်တာမို့ သွားရေးလာရေးကတော့ အဆင်ပြေပြီ။ နေရေးထိုင်ရေးက ခက်ခဲနေသေးတာ။

လောလောဆယ်တော့ သူငယ်ချင်းတစ်ယောက်က သူ့အိမ်ကိုတိုက်ခန်းမှာ ခဏနေခွင့် ပေးထားလို့ အဆင်ပြေနေတာ။ နယ်ကိုအလုပ်တာဝန်နဲ့ ပြောင်းသွားရသည်ဆိုသော သူငယ်ချင်းရဲ့အိမ်ကို ပြန်ရောက်လာလျှင် ဖယ်ပေးရမှာ။ အဲဒီအခါကျ နေရေးထိုင်ရေးကို ကိုယ်တိုင်စီစဉ်ဖို့ ရင်လေးနေကြတာ။ အခု လသာတို့ဘက်က စီစဉ်ပေးမည်ဆိုတော့ အတိုင်းထက် အလွန်ပေါ့။

လသာကလည်း အခုမှ ကျေနပ်စိတ်ပေါ့သွားရရှာသည်။

မိန်းကလေးမိဘတွေဘက်က သူတို့ကို အသိအမှတ်ပြု လက်ခံလိုက်ရုံမက ကားတစ်စင်းကိုပါ လက်ဖွဲ့သဘော ဝယ်





ပေးလိုက်သေးလို့ လသာက အားငယ်နေတာ။ တကယ်လို့များ ကိုယ့်ဘက်က ကြည်ကြည်ဖြူဖြူ လက်မခံခဲ့ရင်၊ လက်ခံပေမဲ့လည်း ပါးစပ်ကသာ လက်ခံပြီး လက်ကမပါခဲ့ရင် မျက်နှာတော့ငယ်ပြီလို့ ကြိုတွေးစိုးရိမ်ခဲ့ရတာ။

အခုတော့ ကိုယ့်ဘက်က တိုက်ခန်းတစ်ခန်းတဲ့။ နိုင်ငံခြားသား ငှားထားသောတိုက်က နှစ်စေ့လျှင် အဲဒီတိုက်ကို ရဦးမတဲ့။ သူတို့ဘက်က လိုက်လျောဖြည့်ဆည်းပေးမှုထက် ကိုယ့်ဘက်က လိုက်လျောဖြည့်ဆည်းမှုက ပိုသာသွားတာဟာ အိမ်ထောင်ဦးစီးဖြစ်လာရမည့် လသာအတွက် ကံကောင်းတာပါပဲ။

သို့သော် လသာနဲ့ ဖွေးဖွေးဖြူတို့ နှစ်ယောက်စလုံး မသိလိုက်သော အချက်တစ်ခုကား စီးပွားရေးလောကမှာ အပြိုင်အဆိုင်ဖြစ်ပြီး တစ်ယောက်ကို တစ်ယောက် မျက်မုန်းကျိုးနေကြသော နှစ်ဖက်မိဘတွေဟာ သားသမီးတွေကိစ္စမှာလည်း ကိုယ်တိုင်က စေတနာ သဒ္ဓါတရား ပြည့်ဝလွန်းတာထက် တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အကျောတင်မခံ ပြိုင်ဆိုင်အနိုင်လိုချင်တာက အဓိက ဖြစ်သည် ဆိုတာပင်။

နှောင်းသောအခါတွင်မှာလည်း လသာနဲ့ ဖွေးဖွေးဖြူ တို့ရဲ့ မိဘတွေဟာ သားသမီးကို ဘယ်သူပိုပံ့ပိုးနိုင်သလဲ ဆိုတာ ကိုပဲ အလုအယက် ပြိုင်ဆိုင်နေကြပြန်တော့သည်။

✣ ✣ ✣





နီညိုရောင် ချည်သားဘောင်းဘီပွပွ၊ ပန်းဖျော့ရောင် စပို့ရှပ်လက်ပြတ် ခပ်ကျပ်ကျပ်နှင့် ခရီးဆောင်အိတ်တစ်လုံးကို ဆွဲ၊ ကျောပိုးအိတ်တစ်လုံးကို လွယ်ထားသည့် မိန်းမကို မှိုင်းဝေ က မြင်ဖူးပါတယ်ရယ်လို့ ခဏကြည့်နေလိုက်မိသေးသည်။

နေရာက လူစည်ကားလှသည့် လေဆိပ်ခန်းမဆို တော့ လေယာဉ်ဆိုက်လို့ ဆင်းလာသူတွေရော၊ လေယာဉ်စီးဖို့ စောင့်နေကြသူတွေရော၊ လေယာဉ်တစ်စင်းကတစ်စင်း အကူးမှာ ခဏနားကြသူတွေရော၊ အားလုံး ရှုပ်ယှက်ခတ်နေကြတာ။

ရောင်စုံမျက်နှာတွေကြားမှာ တကယ့် အနောက် တိုင်းစတိုင်လ်နဲ့ ပုံစံပြောင်းနေသော နံ့သာနီကို မှိုင်းဝေက တကယ်ပဲ မမှတ်မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီကတော့ ကာကီရောင်စက ဘောင်းဘီပွပွ၊ ရှပ်အင်္ကျီအညိုကွက် လက်တိုကို အပြင်ထုတ်ဝတ်ကာ အထဲက တီရှပ်အဖြူတစ်ထည် ခံထားသော၊ လက်ဆွဲခရီးဆောင်အိတ် ခပ်လတ်လတ်တစ်လုံးထဲနဲ့ ပေါ့ပေါ့ပါးပါး ရှိနေသည့် မိုးဝေကို အဝေးကြီးကတည်းက မှတ်မိပါသည်။

"ကိုမိုးဝေ ... ဘယ်သွားမလို့လဲ"

အဲ ... အနားရောက်လာတော့မှပဲ ဒါဟာ နံ့သာနီ ပါလားလို့ မှတ်မိသွားတော့သည်။

တော်တော်လည်း ထူးဆန်းသည့်မိန်းမ။ ဝတ်စားပြင်ဆင်ပုံဒီဇိုင်းကို တစ်ခါနဲ့တစ်ခါ မထပ်စေရဘဲ ပုံစံအမျိုးမျိုး ပြောင်းနိုင်လိုက်တာများ။

အံ့ဩစရာ ကောင်းတာကတော့ ကမ်းခြေက လွတ်လွတ်လပ်လပ်ဝတ်စုံနဲ့ပဲဖြစ်ဖြစ်၊ ပြပွဲတက်သည့် သပ်သပ်ရပ်ရပ် အဆင့်မြင့်မြင့် ဝတ်စုံနဲ့ပဲဖြစ်ဖြစ်၊ ညနေစာစားသည့် လှလှပပ ခေတ်မီမီဝတ်စုံနဲ့ပဲဖြစ်ဖြစ်၊ ခရီးထွက်မည့် ပေါ့ပေါ့ပါးပါး လူငယ်





စတိုင်ဝတ်စုံနဲ့ပဲဖြစ်ဖြစ်၊ ဘာပဲဝတ်ဝတ် သူမဟာ လိုက်ဖက်ကြည့်ကောင်းနေတတ်တာပင်။

မြမိုးညိုလို ဘယ်သွားသွား၊ ဘာလုပ်လုပ် တစ်မျိုးတည်းသော ဆင်ယင်ထုံးဖွဲ့မှုနဲ့ သူမမှန်း သိသာစေသည့် မပြောင်းမလဲသော အရိုးစွဲစတိုင်လ်လေးကလည်း တစ်မျိုး။ နံ့သာနီရဲ့ အချိန်မရွေး ပြောင်းလဲနေကာ ပြောင်းလဲသမျှနဲ့လည်း အံဝင်ခွင်ကျ ဖြစ်နေတတ်သော စတိုင်လ်ကလည်း တစ်မျိုး။

အာ ... မဟုတ်သေးပါဘူးကွာ။ ငါက ဘာဖြစ်လို့များ မြမိုးညိုနဲ့ နံ့သာနီကို ယှဉ်ကြည့်နေမိသေးတာလဲ။ မြမိုးညိုဆိုတာ သူ့ရဲ့ အနှိုင်းမဲ့ချစ်သူလေး၊ နံ့သာနီကတော့ ခရီးထွက်ရင်း အမှတ်မထင် ဆုံရသည့်မိတ်ဆွေ။ တခြားစီပဲ။

"ဘာကြောင်နေပြန်တာလဲ၊ မမှတ်မိတော့ပြန်ဘူးလား"

"အေးဗျာ ... ရုတ်တရက်တော့ မှတ်တောင်မမှတ်မိဘူးဖြစ်သွားတယ်၊ ခင်ဗျားက ဒီဇိုင်းအပြောင်းအလဲ တယ်များတာကိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါ ကျွန်မဝါသနာပဲ၊ တစ်နေရာမှာ တစ်ပုံစံ ဝတ်ရတာကို သိပ်သဘောကျတာ၊ ကျွန်မကို မြင်လိုက်ရရင် ဒိုင်းနမစ် ဖြစ်နေရမယ်၊ ပြောင်းလဲနေရမယ်၊ နံ့သာနီ ဆိုတာ ဘယ်လိုပုံစံပဲလို့ အတိအကျ ပြောလို့မရနိုင်စေရဘူး၊ ဒါကိုပဲ ကျွန်မက လိုချင်တာ"

"ကောင်းပါလေ့ဗျာ၊ ကျွန်တော့် ချစ်သူကတော့ တသမတ်တည်း နေထိုင်သွားရတာကို ကြိုက်တယ်ဗျ၊ အပြောင်းအလဲမရှိ မြမိုးညိုပုံစံကို ပြောပြပါဆိုရင် တစ်ခါတည်း အတိအကျပြောပြလို့ ရမဲ့ပုံမျိုး"

"ရှင်က ဘာဖြစ်လို့ ကျွန်မကို ရှင့်ချစ်သူနဲ့ နှိုင်းပြောနေရတာလဲ"

အဲ ... ဟုတ်ပေသား။

မှိုင်းဝေက မျက်နှာတွေ ထူပူကာ ရှိန်းခနဲ ရှက်သွားရသည်။

ခုတလော နံ့သာနီကို မြမိုးညိုနဲ့ နှိုင်းယှဉ်ကြည့်မိနေတာဟာ ဘာကြောင့်များလဲ မသိပါ။





ဒါဟာ သူ့ရဲ့မသိစိတ်က ကျူးလွန်လိုက်သော မရိုးသားသည့် ဖြစ်မှုတစ်ခုပဲလား။

မတွေးကောင်းတာတွေကွာ။ ရည်းစားနဲ့ကွဲတာ လ, ပိုင်းပဲ ရှိသေးတယ်၊ ငါ ဘာတွေလျှောက်တွေးနေမိတာလဲ။

မှိုင်းဝေက ကိုယ့်ကိုယ်ကိုယ် အလျင်အမြန် စစ်ဆေးဝေဖန်ကြည့်နေမိသည်။

"ဟင်း ... ဟင်း ... စိတ်ရှုပ်မသွားပါနဲ့၊ ကျွန်မက ရိုးရိုးပဲ မေးလိုက်တာပါ၊ မဖြစ်မနေ ဖြေရမဲ့ မေးခွန်းလည်း မဟုတ်ပါဘူး"

"ကျွန်တော်လည်း မပြောတတ်ပါဘူးဗျာ၊ တစ်ခုပဲ ဝန်ခံရရင်တော့ ခင်ဗျားကို ကျွန်တော် အထင်ကြီးပါတယ်၊ လေးစားတန်ဖိုးထားသင့်တဲ့ အမျိုးသမီးတစ်ယောက်လို့ သတ်မှတ်မိတယ်၊ အဲဒါကြောင့် ခင်ဗျား ဘာလုပ်လုပ် ကျွန်တော့် ချစ်သူနဲ့ နှိုင်းနှိုင်းပြီး ကြည့်မိနေတာ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီက ပြုံးလိုက်သည်။ သူမအပြုံးက ဘယ်လို သဘောမျိုးလဲ။ ဒီလူ ငါ့အပေါ် မရိုးသားတော့ဘူးလို့ အဓိပ္ပာယ်ပေါက်သည့် အပြုံးမျိုးလား။

"ရှင်က နှစ်နာရီခွဲလေယာဉ် စီးမှာလား"

"ဟုတ်တယ်၊ ဟိုတယ်မှာ ထိုင်နေရတာ ပျင်းလို့ စောစောစီးစီး ထွက်လာတာ၊ လေဆိပ်မှာ လူစုံတော့ မြင်ကွင်းက စုံတယ်လေ၊ ကျွန်တော်တို့လို ပန်းချီဆရာတွေအတွက်က ဘယ်မြင်ကွင်းမဆို စိတ်ဝင်စားစရာချည်းပဲ"

"ကျွန်မကတော့ ပျင်းလို့ မဟုတ်ဘူး၊ ဟိုတယ်က ချက်(ခ်) အောက်လုပ်ရမဲ့အချိန် ရောက်လို့ ထွက်လာရတာ၊ ပထမတော့ ကုန်တိုက်တစ်တိုက်လောက်ဝင်ပြီး ဈေးဝယ်ရကောင်းမလား စဉ်းစားသေးတယ်၊ ဝယ်စရာပိုက်ဆံ သိပ်မကျန်တော့တာနဲ့"

"ဝယ်ချင်တာ ရှိသေးရင် ကျွန်တော့်ဆီက ယူသုံးပါလား၊ ကျွန်တော်ကတော့ ဘာမှ ဝယ်ဖို့ခြမ်းဖို့ မရှိတော့ ယူလာ





တဲ့ပိုက်ဆံက တော်တော်ပိုသား၊ ပြီးတော့ ပန်းချီကားနှစ်ချပ် ရောင်းလိုက်ရတာကလည်း ရှိသေးတယ်"

"ဈေးဝယ်ထွက်တာကတော့ ထွက်ချင်သေးတယ်၊ ဒါပေမဲ့ သိပ်ဝေးဝေးသွားနေရရင် အချိန်မီ ပြန်မရောက်မှာစိုးလို့"

"ဒီလေဆိပ်နားမှာ ကုန်တိုက်ကြီးတစ်ခု ကျွန်တော် တွေ့ထားခဲ့တယ်"

"အင်း ... ဒါပေမဲ့ အခုကျမှ တစ်ယောက်တည်း ပြန်ထွက်ရမှာ ပျင်းသလိုပဲ၊ ရှင် အဖော်လိုက်ခဲ့ပေးမလား"

တော်တော်ပွင့်လင်းသည့် တောင်းဆိုမှုပါပဲ။

သူမဟာ သဘောရိုးနဲ့ တောင်းဆိုလိုက်တာလို့ မှိုင်းဝေက နားလည်ပါသည်။ ဒါပေမဲ့ တော်ရုံတန်ရုံ မိန်းကလေးတစ်ယောက်ဟာ ဒီစကားမျိုးပြောဖို့ ဝံ့ရဲလိမ့်မည်မထင်။ မြမိုးညိုသာဆိုလျှင်တော့ တစ်ယောက်တည်းသွားရလို့ သေချင်သေသွားပါစေ ဘယ်သူစိမ်းယောက်ျားကိုမှ သူမက စ,ကာ အဖော်ခေါ်လမှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ယှဉ်ပြီး တွေးလိုက်မိပြန်ပြီ။

"ဘယ်လိုလဲ ... လိုက်မှာလား"

အရင်ကစိတ်နဲ့သာ ဆိုလျှင်တော့ ဒီလို ရဲတင်းပွင့်လင်းမှုမျိုးကို မနှစ်မြို့စိတ် ဖြစ်မိမှာပင်။ အဲ ... အခုတော့ မှိုင်းဝေတို့ အမြင်တွေ ပြောင်းနေပြီ။

"လိုက်မယ်လေ"

"တကယ်ရော စိတ်ပါရဲ့လား၊ အားနာပါးနာနဲ့ လိုက်ပေးတာမျိုးတော့ မလိုချင်ဘူးနော်၊ ဈေးဝယ်တဲ့နေရာမှာ စိတ်မပါ လက်မပါ အဖော်တစ်ယောက် ပါလာတာထက်တော့ တစ်ယောက်တည်း သွားရတာကမှ ပိုကောင်းသေးတယ်"

ခေါ်တုန်းကတော့ သူပဲခေါ်ပြီး လိုက်မယ်ဆိုပြန်တော့လည်း ဂဂျီဂျောင်က တစ်မျိုး။

"စိတ်ပါလက်ပါ လိုက်ပို့မယ်ဗျာ၊ ကျွန်တော်လည်း ဒီကိုရောက်မှဲ့သာ ရောက်လာတာ၊ အလုပ်တစ်ဖက်နဲ့ဆိုတော့ ရှော့ပင်းကောင်းကောင်း မထွက်ဖြစ်လိုက်ပါဘူး၊ အဲဒါ ခင်ဗျားပဲ ကူညီပေးပါဗျာ"





"ရွဲ့နေတာ"

"တကယ်ပြောတာပါ၊ ကျွန်တော်က ယောကျ်ားလေးဆိုတော့ ဈေးဝယ်ရတာ ဝါသနာမပါဘူး၊ အဲ ... ဝါသနာမပါတာထက် မဝယ်တတ်တာက ပိုဆိုးတယ်၊ ရည်းစားထားမိတော့လည်း သူက အဲဒီလို သွားသွားလာလာ ဝယ်ဝယ်ခြမ်းခြမ်းတွေ စိတ်ကမဝင်စား"

"တော်လောက်ပါပြီရှင်၊ ရှင့်ကောင်မလေး အကြောင်းတွေ စကားကြုံတိုင်း ထည့်ပြောနေရတာ ကျွန်မလည်း အလွတ်ရပါပြီ"

"ဆောရီးဗျာ၊ ကျွန်တော်ကလည်း မေ့,မေ့သွားလို့ပါ"

"ကဲ ... ကျန်တာတွေထား၊ အခုအချိန်နှစ်နာရီနဲ့ ဆယ့်ငါးမိနစ်ရတယ်၊ အသွားအပြန်ကို နာရီဝက်ထားရင် တစ်နာရီလေးဆယ့်ငါးမိနစ် ဈေးဝယ်ချိန် ရှိတယ်၊ သိပ်တော့ များတဲ့အချိန် မဟုတ်ဘူး၊ သိပ်နည်းတာလည်း မဟုတ်ဘူး၊ မြန်မြန်သွားနိုင်လေ ကောင်းလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာနီက ပြောပြီးတာနဲ့ ရှေ့က ဖွက်ဖွက်ထွက်သွားတော့တာမို့ မှိုင်းဝေ ခမျှာ သူမခြေလှမ်းကို မီအောင် မနည်းပြေးလိုက်ရလေသည်။

✣ ✣ ✣





"ကားတွေက ကျပ်လိုက်တာ၊ တော်တော်နဲ့မှ လမ်းရှင်းပါ့မလား"

"အလာတုန်းကတော့ မြန်မြန်ပဲ ရောက်သွားတာပဲ"

"အခြေအနေဆိုတာ အမြဲတမ်း တူနေတာမှ မဟုတ်တာ၊ အခုက ကားတိုက်မှုဖြစ်ပြီး လမ်းတွေပိတ်ဆို့ကုန်တာကိုး"

"နောက်ထပ် ဆယ့်ငါးမိနစ်အတွင်းမှာ လေဆိပ်ကို မရောက်ရင် သွားပြီနော်"

ရှေ့မှာ တမျှော်တခေါ် ရပ်ထားသည့် ကားတန်းကြီးကို လှမ်းကြည့်ပြီး အခက်အခဲ ဟူသမျှကို ခေါင်းအေးအေးနဲ့ဖြေရှင်းတတ်သည့် နံ့သာနီပင် စိတ်တွေ ယောက်ယက်ခတ် လှုပ်ရှားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင်လျှာရှည်တာ၊ ရှင် အကြံပေးလို့ ဖြစ်ရတာ"

"ဟောဗျာ ... ကျွန်တော် အကြံပေးလည်း ခင်ဗျားဘာသာ စိတ်ပါမှ သွားဖြစ်မှာပါနော်၊ ကျွန်တော်ကမှ ပိုဆိုးတာ၊ သွားချင်လို့ မဟုတ်ဘဲ ခင်ဗျား အဖော်ခေါ်လို့ လိုက်လာရတာ၊ ခင်ဗျားကြောင့်သာ မဟုတ်ရင် ကျွန်တော့်ဘာသာ လေဆိပ်ထဲမှာ အေးအေးဆေးဆေးပဲ"

"ဩော် ... ရှင်က ကျွန်မကို အပြစ်တင်တယ်ပေါ့"

"ခင်ဗျားကရော ကျွန်တော့်ကို အပြစ်တင်တာပဲ မဟုတ်ဘူးလား"

တက္ကစီကားထဲမှာ နှစ်ယောက်သား အပြိုင်အဆိုင် ငြင်းခုန်နေကြတာကို ကားဆရာက နားမလည်ပေမဲ့ နားငြီးနေ ရှာပုံရသည်။

"ခင်ဗျားတို့ အခုနေ ကားပေါ်ကဆင်းပြီး ပြေးသွားမယ်ဆိုရင်တော့ လေဆိပ်ကို ဆယ့်ငါးမိနစ်အတွင်း ရောက်သွားနိုင်တယ်"





တက္ကစီမောင်းသမားရဲ့ ဂျပန်သံဝဲပြီး သဒ္ဒါမမှန်သည့် အင်္ဂလိပ်စကားကို နှစ်ယောက်သား မနည်းနားလည်အောင် ဘာသာပြန်ရပြီးသော် ...

"ကိုင်း"

"ဒါဆို"

"လုပ်လေ ... ကားခမြန်မြန်ရှင်း၊ ပြေးကြဖို့ပဲ ရှိတော့တာပေါ့"

"သွေးပူလေ့ကျင့်ခန်းပေါ့"

နှစ်ယောက်သား ကားပေါ်ကဆင်းကာ လမ်းဘေးပလက်ဖောင်းအတိုင်း လေဆိပ်ဆီ ဦးတည်လျက် အပြေးအလွှား။

ပထမတော့ တစ်ယောက်တစ်ကွဲစီ ပြေးနေကြသေးသည်။

အတော်လေး ပြေးမိလျှင် မိန်းကလေးလည်းဖြစ်၊ ပန်ဆယ်ဂ်ဟီးလ် ဒေါက်မြင့်ဖိနပ်ကိုလည်း ဝတ်ထားမိသေးသော နှံ့သာနီတို့ မှိုင်းဝေနောက် အဝေးကြီးကနေ ပြတ်ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့ကနေ ကွာသည်ထက် ကွာဝေးသွားသော မှိုင်းဝေကိုကြည့်ပြီး အားငယ်လာသည်။ တကယ်လို့ လူချင်းကွဲသွားခဲ့လျှင် ဘယ်လိုလုပ်မလဲ။ အဲဒီထက် ပိုဆိုးတာက လေဆိပ်ကို မှိုင်းဝေက အချိန်မီ ရောက်သွားခဲ့လျှင် သူမ တစ်ယောက်တည်း။

နံ့သာနီက တွေးရင်း တွေးရင်း အားငယ်သည်ထက် အားငယ်လာသည်။ ကိုယ့်ရှေ့ကပြေးနေသော မှိုင်းဝေရဲ့ပုံရိပ် ပျောက်ကွယ်သွားမှာကို ကြောက်လန့်သည်ထက် ကြောက်လန့်လို့လာသည်။

အော်ခေါ်လိုက်ဖို့ရာလည်း မောလွန်းလို့ အသံမထွက်နိုင်။ ခဏနားရအောင်ကလည်း ဒီလောက် အားသွန်ပြေးတာတောင် ခရီးမပေါက်နိုင်တာမို့ နားဖို့တော့ စဉ်းကိုမစဉ်းစားရဲ။

ထိုအခိုက်မှာပဲ ...။

"ဟယ်"

နံ့သာနီရဲ့ ဖိနပ်က ဒေါက်တစ်ဖက်က ထောက်ခနဲနေအောင် ကျိုးထွက်သွားခဲ့လေသည်။





ဖြစ်များဖြစ်နိုင်လျှင် လမ်းပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချကာ အော်ငိုလိုက်ချင်ပါရဲ့။

နလုံးပေါက်ထွက်မတတ် မောဟိုက်နေသည့်အချိန်၊ ဝေးကွာလှသေးသောခရီး၊ ဒေါက်ပြုတ်သွားသော ဖိနပ်တစ်ဖက်၊ အဖော်မဲ့စွာ အထီးကျန်ခြင်း။

ချစ်သူတစ်ယောက်လုံး ဆုံးရှုံးသွားရစဉ်တုန်းကတောင် ခံနိုင်ရည်ရှိခဲ့သော နံ့သာနီ တစ်ယောက် အခုတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ အသံတိတ် ငိုကြွေးနေမိတော့သည်။

ဘေးက ဖြတ်သန်းသွားသူတွေရဲ့ တစေ့တစောင်းအကြည့်တွေကိုလည်း ဂရုမစိုက်အား၊ လေယာဉ်ထွက်ချိန် မမီတော့မှာကိုလည်း သတိမရအား။ နံ့သာနီ့ အတွေးထဲရှိနေသည့် တစ်ခုတည်းသော အရာမှာ လောကကြီးထဲ ကိုယ်တစ်ယောက်တည်း ရှိတော့သည်ဆိုသည့် အထီးကျန်အားငယ်မှုပင်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က အပြေးအလွှား သွားနေသော မှိုင်းဝေက အစကတော့ နံ့သာနီ သူ့နဲ့ မလှမ်းမကမ်းမှာ လိုက်ပါလာမည်လို့ပဲ ယုံကြည်ထားတာ။

ပြေးရင်း ပြေးရင်း စိတ်ထဲ တစ်မျိုးဖြစ်လာသည်။ နားထဲမှာ ကိုယ့်ကို အားကိုးတကြီး တမ်းတလိုက်သလိုမျိုး၊ ငိုရှိုက်သံသဲ့သဲ့လိုမျိုး ကြားယောင်လာသည်။

ပထမတော့ စိတ်ထင်လို့ပဲလေလို့ အတွေးဖြတ်ကာ ဆက်ပြေးနေမိသေးတယ်။

တဖြည်းဖြည်း စိတ်ထဲ ပိုလေးလံသည်ထက် လေးလံလာတော့မှ လှည့်ကြည့်လိုက်လျှင် ...။

ဟင် ...။

သူ့အနီးအနားမှာ နံ့သာနီ မရှိ။

အနီးအနားတင် မဟုတ် မြင်နိုင်သည့် ဘယ်နေရာမှာမှ ရှိမနေ။





တစ်ခုခုတော့ ဖြစ်နေပြီဆိုသည့် အသိက မှိုင်းဝေကို ကျဉ်စက်နဲ့ တို့လိုက်သလို တုန်ခါသွားစေသည်။ ပြေးလက်စ ခြေလှမ်းတို့ ရပ်တန့်ကာ နောက်ကြောင်း ပြန်လှည့်ပြေးဖို့ ဆုံးဖြတ်ချက်သည် ဘာကြောင့် ဒီလောက်မြန်မြန် ကျသွားရသလဲ ဆိုတာ သိပင်မသိနိုင်တော့။

"နံ့သာနီ"

ထင်သည့်အတိုင်းပါပဲ။ နောက်ကို တော်တော်လေး ပြန်လှည့်လိုက်ပြီးသည့်အခါကျမှ လမ်းလယ်ကောင်မှာ ခြေစုံရပ်ကာ မျက်ရည်လည်ရွဲနဲ့ ဖြစ်နေသော နံ့သာနီ့ကို တွေ့လိုက်ရလေသည်။

တကယ်တော့ နံ့သာနီလို မိန်းမတစ်ယောက်မှာ သနားကြင်နာစိတ် ပွားစရာ အမှုအရာမျိုး မရှိနိုင်ပါ။

သို့သော် အခုတော့ နံ့သာနီဟာ အားကိုးရာမဲ့သည့် ကလေးငယ်လေး တစ်ယောက်လိုပဲ ကမ္ဘာပေါ်မှာ သနားစရာ အကောင်းဆုံး ပုံစံကလေး ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြင်ကြင်နာနာ ထွေးပိုက်ထားလိုက်ချင်စရာ၊ မျက်ရည်တွေ တယုတယ သုတ်ပေးပြီး ချော့မော့နှစ်သိမ့်လိုက်ချင်စရာ။

နံ့သာနီ ပခုံးလေးကို ဆုပ်ကိုင်အားပေးဖို့ ဆန့်ထွက်သွားသော လက်တစ်ဖက်ကို မှိုင်းဝေက မနည်းပြန်လည်ထိန်းသိမ်းလိုက်ရသည်။

"ကိုမှိုင်းဝေ"

သူ့ကို အားကိုးတကြီး မော့ကြည့်လိုက်သော မျက်လုံးဝိုင်းဝိုင်းလေး တစ်စုံ။

ညို့မြှုဖမ်းစားလိုသော ရည်ရွယ်ချက် လုံးဝမပါဝင်ပါဘဲနဲ့ သူ့နှလုံးသားကို ချည်နှောင်ပစ်လိုက်နိုင်သော မျက်ဝန်းကလေးတွေပါပဲ။

အချစ်ဟာ အကြိမ်ကြိမ် ပြန်လည်မွေးဖွားတတ်သည့် အရာလား။ အချစ်တစ်ခု သေဆုံးပြီး သိပ်မကြာခင်မှာ နောက်





တစ်ခု ဖြစ်ပေါ်လာသည် ဆိုတာကရော ဖြစ်နိုင်ပါရဲ့လား။ လှုပ်တစ်ပြက် ကြင်နာစိတ်တစ်ခုကနေရော အချစ်တစ်ခု ပေါက်ဖွားလာနိုင်ပါသလား။

"ရှင် ပြန်လှည့်မလာတော့ဘူးလားလို့"

"တော်တော်ဝေးဝေးရောက်မှ ခင်ဗျားပါမလာတာကို ကျွန်တော် သိတာ၊ သိသိချင်း ပြန်လှည့်လာခဲ့တာ၊ ဘာဖြစ်လို့လဲဟင်၊ သိပ်မောနေလို့လား၊ ဖိနပ်ကရော ဘာဖြစ်တာလဲ"

"ဒေါက်ပြုတ်သွားတာ၊ မောလည်း တအားမော၊ ရှင်နဲ့လည်း မျက်ခြည်ပြတ်သွားတော့ ..."

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်လည်း ပြေးရင်း ပြေးရင်း စိတ်ထဲ တစ်မျိုးဖြစ်လာလို့ လှည့်ကြည့်မိတာ သိပ်ကြောက်သွားလား၊ မကြောက်နဲ့နော်"

"လေယာဉ်တော့ မမီတော့ဘူး ထင်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မမိလည်း ဘာဖြစ်လဲဗျာ၊ မနက်ဖြန်ကျမှ ပြန်ကြတာပေါ့၊ ဒီတစ်ည တည်းခိုဖို့ ကျွန်တော် စီစဉ်လိုက်ပါမယ်"

"ဖိနပ်ကရော"

"ခင်ဗျား ဒီနားမှာ ခဏစောင့်နေလေ၊ ကျွန်တော် အနီးဆုံးဆိုင်က ဖိနပ်တစ်ရန် ဝယ်လာပေးမှာပေ့ါ"

နှံ့သာနီက, ကလေးတစ်ယောက်လို ခေါင်းညိတ်ပြလိုက်သည်။

ဖြစ်နိုင်လျှင်တော့ သူ့လက်မောင်းကို တွဲဖက်ကာ သူ့ပခုံးပေါ် ခေါင်းတင်မှေးမှိန် လိုက်ချင်သေးတာ။

နှံ့သာနီရဲ့ တစ်သက်တာမှာ ယောက်ျားတစ်ယောက်ကို ပထမဆုံးအကြိမ် အားကိုးဖူးခြင်း။ ပထမဆုံး မိန်းမဆန်စွာ အားနွဲ့ပျော့ညံ့ဖူးခြင်း။

မထူးဆန်းဘူးလားဟင်။





မနေ့တစ်နေ့ကမှ လမ်းခွဲခဲ့ရသော ချစ်သူအပေါ် သစ္စာပျက်ယွင်းရာများ ရောက်နေမလား။ အို ... ဘာဆိုင်လို့လဲ။ အားကိုးတယ် ဆိုတာ အချစ်တော့လည်း မဟုတ်သေးပါဘူး။

"ဖိနပ် ရလာပြီ၊ စီးကြည့်ပါဦး"

"အို ... ကိုမျိုးဝေကလည်း ဒီအတိုင်း ပစ်ချလိုက်ရင် ပြီးရော"

"ဖိနပ်ကြိုးတွေ နည်းနည်းရှုပ်နေလို့၊ ဒီထက်ရှင်းလင်းတဲ့ ပုံစံလည်း အလွယ်တကူ ရှာမရဘူးဗျာ"

နှံ့သာနီ ထိုင်နေသော ထိုင်ခုံဆီသို့ ဒူးထောက်ထိုင်ချလိုက်လျှက် ဖိနပ်ကို ကိုယ်တိုင်စီးပေးဖို့ ပြင်နေသော မျိုးဝေကို အားနာနာကြားထဲကပဲ နှစ်သက်ကြည်နူးစိတ်ကလေး ဖြစ်လာမိသည်။

အကြင်နာ ကြီးမားသော ယောက်ျားတစ်ယောက်၊ စိတ်စေတနာ ဖြူစင်ရှင်းသန့်လှသော ယောက်ျားတစ်ယောက်၊ အားကိုးထိုက်ဖွယ် ယောက်ျားတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုယောက်ျားမျိုးကို စွန့်လွှတ်၊ ပစ်ပယ်သွားခဲ့သော မိန်းကလေးနှစ်ယောက်ဟာ ဘယ်လောက်တောင်များ မိုက်မဲလိုက်ကြသလဲလို့။

"ကိစ္စမရှိပါဘူး၊ ကျွန်မ စီးတတ်ပါတယ်၊ ကိုမှိုင်းဝေကို အရမ်းအားနာတာပဲ"

"မလိုတာတွေဗျာ၊ ကျွန်တော်တို့ နှစ်ယောက်က ဘဝတူတွေပဲ၊ အခု လေယာဉ်နောက်ကျပြီး သူများနိုင်ငံမှာ မျက်စိသူငယ်ဖြစ်နေကြတာချင်းလည်း အတူတူပဲဟာ"

"အဟင်း ... ဟုတ်တော့ ဟုတ်တယ်နော်၊ ကျွန်မတို့ ဒုက္ခသည်ဘဝတူတွေ"

"ကျွန်တော်ကတော့ အခု အဖြစ်အပျက်ကို ဒုက္ခလို့ မယူဆဘူးဗျာ"

"ရှင် ... ဘာဖြစ်လို့"

အဖြေက သိသာနေပြီး ဖြစ်ပါလျက် နှဲ့သာနီက ယောင်ပြီး မေးလိုက်မိတာပင်။ နောက်ပြီးတော့မှ ကိုယ့်စကား





က ရေလာမြောင်းပေးရာ ကျနေပြီလို့ သတိထားမိကာ ရှက်သွားရသည်။

မှိုင်းဝေကတော့ ဘာအဖြေမှ မပေးဘဲ အဓိပ္ပာယ်ပါသော အပြုံးမျိုးနဲ့ ပြုံးလို့သာ နေလေသည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com










# နောက်တစ်နှစ်ခန့် ကြာသောအခါ...

www.burmeseclassic.com







သတင်းစာရဲ့ ညာဘက်ထောင့်မှာ အကွက်ကြီးကြီးနဲ့ ပါလာသော လက်ထပ်မင်္ဂလာသတင်းကို ဖတ်လျက် အံ့သြနေကြသော လူသားလေးဦး ရှိပါသည်။

လက်ထပ်မင်္ဂလာသတင်းထဲက သတို့သမီးနဲ့ သတို့သားဟာ မှိုင်းဝေနဲ့ နံ့သာနီတို့ ဖြစ်သည်ဆိုတာ အထူးပြောနေစရာ မလိုသလို အံ့သြနေကြသော လူသားလေးဦးတို့ဟာလည်း လသာ၊ နေရောင်၊ ဖွေးဖွေးဖြူနဲ့ မြမိုးညိုတို့ ဖြစ်ကြမှန်း ခက်ခက်ခဲခဲ စဉ်းစားစရာ မလိုဘဲ သိနိုင်ပါသည်။

တကယ်တော့ သူတို့ခြောက်ယောက်ရဲ့ ဖူးစာဝက်ပါလို လှည့်ပတ်သွားခဲ့ပြီးတော့မှ ဖြစ်ချင်တာ၊ ဖြစ်နိုင်တာ၊ ဖြစ်သင့်တာတွေ အဖြစ် ပြောင်းလဲ အဆုံးသတ်သွားခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အားလုံးဟာ လက်ရှိရောက်နေသော ဘဝတွေမှာ နေပျော်ကျေနပ်နေကြတာကတော့ အမှန်ပဲ ဖြစ်လေသည်။

BURMESE CLASSIC

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

9:55 AM

16-9-05

FRIDAY.

www.burmeseclassic.com